
www.burmeseclassic.com
BURMESE CLASSIC
ရွှန်းရည်မိုး
နှလုံးသားကို ဆဝင်ခဘာမဖြတ်ပါနဲ့
www.burmeseclassic.com

www.burmeseclassic.com



# ရွှန်းရမိမိုး

# နှလုံးသားကို

# ဆင်ဆာမဖြတ်ပါနဲ့

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- *ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။*

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို မှီခိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



# အပိုင်း(၁)

မျက်လုံးလေးတစ်စုံ။

ဝိုင်းစက်လှပတဲ့ မျက်လုံးလေးတစ်စုံ။ စူးလို့ရှန်းတောက်တဲ့ မျက်လုံးလေးတွေဟာ အင်မတန်မှ ကြည်လင်ဖြူစင်လွန်းလှပါသည်။ ကြည်စင်နေတဲ့ မျက်လုံးလေးတွေမှာ ဘာအရိပ်အယောင်မှ မပါ။ နူးညံ့လှပလွန်းလှသည်။

မိုးထိအောင်မြင့် ဆိုတဲ့ကောင်လေး ရင်တွေ တဒုတ်ဒုတ် ခုန်လှာလေသဖြင့် ရင်ဘတ်ကို ယောင်ယမ်းဖိထားမိသည်။ ဘာဖြစ်တာလဲဟ။

www.burmeseclassic.com

www.burmeseclassic.com



ဟော ... မျက်ဝန်းလေးရယ်နေပြီ။ မြူးဖျဖျ မျက်ဝန်းလေး ရယ်မောမှုကလည်း တော်တော် ချစ်စရာကောင်းတာပဲ။

မိုးထိသည် စာသင်ခန်းရဲ့ အတန်းထောင့်မှာ ထိုင်ရင်း နေကြာစေ့ကိုက်ကာ စကားတွေညည်ညံကြီးအောင် ပြောနေသော ကောင်မလေးတစ်ယောက်ကို မမြင်ဖူးသလို စိုက်စိုက်ကြီးကြည့်နေမိသည်။ အထူးသဖြင့် မိုးထိကြည့်တာ သူမမျက်ဝန်းတွေကိုပါ။

မိုးထိသည် ပုဝါဖြူ ဆိုသော ကောင်မလေးကို တကယ် ခုမှ မြင်ဖူးသလို ကြည့်ချင်နေမိတာပါ။ တကယ်တော့ ပုဝါဖြူနဲ့ သူက ငါးတန်းတည်းက ဒီ (A)ခန်းမှာ အမြဲ အတူတူ တက်ခဲ့တာပါ။ ခုဆို ဆယ်တန်းရောက်ပြီ။ ဘာလို့ ဒီနေ့မှ ပုဝါဖြူကို ကြည့်ချင်နေမိမှန်းမသိ။ ရင်တွေလည်း ခုန်လိုက်တာ။

ပုဝါဖြူတို့အဖွဲ့ကတော့ သူကြည့်နေတာသိပုံမရ။ သူမတို့ကြည့်လာသော အကယ်ဒမီပွဲအကြောင်း အားရပါးရပြောနေကြတာ။



တစ်ခုသတိထားမိတာက ပုဝါဖြူ သူငယ်ချင်းတွေသာ အငြိမ်းသန် ငြင်းခုန်နေကြတာ။ ပုဝါဖြူက ဘယ်တော့မှ မငြင်း။ အေးချမ်းသည်ဟု ထင်မိသည်။ ခုကွပါပဲ။ ဒီနေ့ကျမှ ပုဝါဖြူကို အကောင်းတွေချည်း မြင်နေမိပါလား။

ဟုတ်ပါတယ်။ တကယ်လည်း ပုဝါဖြူက အေးချမ်းသော ကောင်မလေးပါ။ ပြီးတော့ စာလည်း အရမ်းမတော်ပါ။ စာညံ့တဲ့အထဲလည်း မပါပါ။

မိုးထိကတော့ နာမည်နဲ့လိုက်အောင် စာအရမ်းတော်ပါသည်။ အတန်းထဲမှာ အမြဲ အဆင့်တစ်ရသူပါ။

စာတော်တဲ့ကျောင်းသားတွေဟာ သူတို့လို စာတော်တဲ့သူအချင်းချင်းပဲ သတိထားမိတတ်ပါသည်။ သူတို့လောက်မှ စာမတော်တဲ့ သူဆိုရင် အမှတ်တမဲ့ ဖြစ်တတ်ပါသည်။ ထို့ကြောင့် သူလည်း ပုဝါဖြူကို စိတ်ထဲ သိပ်မရှိခဲ့တာပါ။ ဒီနေ့ကျမှ ထူးထူးဆန်းဆန်း ပုဝါဖြူဆီကို သူ့မျက်လုံးတွေက အလိုလို ရောက်နေတာပါ။

www.burmeseclassic.com



ပုဝါဖြူက သူငယ်ချင်းတွေကြားမှာ အငြိမ်ဆုံးလို့ တောင် ပြောလို့ရပါသည်။ အငြင်းလည်း မသန်စတတ်သလို ဟက်ဟက်ပက်ပက် ရယ်တာလည်း မတွေ့ရပါ။ အားပါးတရ စကားလုပြောတာမျိုးလည်းမရှိ။ သေချာကြည့်တော့မှ ပိုမြင်ရသည်။ သူမ သူငယ်ချင်းတွေနဲ့သာ စကားဝိုင်းဖွဲ့နေတာ သူမက သိပ်ပြောသလို ဂရုတစိုက် နားထောင်တာမျိုးလည်း မရှိပါ။

တကယ်ကို ခွဲထွက်နေတာပါ။ ခွဲထွက်မှန်း မသိသာရုံ သီးသန့်ဖြစ်နေတာပါ။ သေချာကြည့်လေ စိတ်ဝင်စားစရာကောင်းလာလေပါပဲ။

အလှဆုံးက မျက်လုံးတွေဆိုပေမယ့် ညိုပြီးစိုနေတဲ့ အသားအရေကလည်း တစ်မျိုးလေးစွဲဆောင်နေပါသည်။ ပါးလှပ်နေတဲ့ နှုတ်ခမ်းလေးတွေ စကားမများတာကတော့ အံ့သြစရာပေါ့။

ဖျတ်ခနဲ ပုဝါဖြူ့မျက်လုံးတွေ သူ့ဘက်ရောက်လာတော့ သူ ရုတ်တရက် လန့်သွား၏။

✧ ❤ ✧



ပုဝါဖြူ့ကို အမြဲခိုးခိုးကြည့်နေတဲ့ Ec ရဲ့ မျက်ဝန်းတွေကို ပုဝါဖြူလည်း ရိပ်မိနေပါပြီ။

ရင်လည်း တိုးတိုးလေးခုန်သည်။ သူမတို့ရဲ့ အတန်းခေါင်းဆောင် Ec ကောင်လေးရဲ့နာမည်က မိုးထိအောင်မြင့်တဲ့။

နာမည်နဲ့လိုက်အောင် စာလည်းတော်ကာ ရုပ်ကလေးကလည်း အင်မတန်တာစားလွန်းသည်။

အသားက ယောကျ်ားလေးတန်မဲ့ ဖြူလွန်းနေကာ နှုတ်ခမ်းတွေက ရဲရဲတွတ်နေ၏။ မျက်ခုံးတွေက ထူထဲစိမ်းမှောင်နေသည်။ အရပ်ကလည်း ခပ်မြင့်မြင့်ထဲက။ ဘာဆိုဘာမှ ပြောစရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဘက်စုံထူးချွန်ဆုကို ကန်ထရိုက်ဆွဲထားသလို အိမ်ကလည်း အင်မတန်ချမ်းသာ၏။

မိုးထိအောင်မြင့် ဆီစက်၊ ဆန်စက်တွေ၊ မိုးထိအောင်မြင့်ပွဲရုံတွေ ဆိုတာ သူတို့မြို့လေးမှာတင်မက နိုင်ငံခြား မြို့တွေမှာပါ ရှိသတဲ့။

သူတို့မြို့လေးမှာ နေတာတောင် မိုးထိတို့အဘိုးအဘွားတွေကြောင့်။ အဘိုးအဘွားတွေက ဒီမြို့က ဇာတိမြို့မို့လို့ ဒီမှာပဲ ခေါင်းချချင်တယ်ဆိုလို့ မိုးထိတို့မိသားစုက နေပေးရတာ ဆိုပဲ။

ပုဝါဖြူတို့ မိန်းကလေးတွေကြားထဲမှာ Ec က Kingပါ။ ထို့ကြောင့် Ec အကြောင်းက မစုံစမ်းဘဲ သိနေရသည်။

ပုဝါဖြူတို့အတန်းထဲက ရင်ခုန်တတ်တဲ့မိန်းကလေးတိုင်း Ec ကို ရင်ခုန်ကြတဲ့သူချည်းပဲလေ။

ထို့ကြောင့် Ecအကြောင်းက မိန်းကလေးတွေကြားထဲမှာ ကိုရီးယားမင်းသားတွေနဲ့အပြိုင် နေရာယူထားသည်။



ထိုအထဲလေးတွေထဲမှာ ပုဝါဖြူတော့ မပါပါ။ မပါရသည့် အကြောင်းကလည်းရှိသည်။ ပုဝါဖြူတို့အဖေက Ec ရဲ့ မိုးထိအောင်မြင့်ဆန်စက်မှာ မန်နေဂျာပါ။ ရာထူးကြီးတယ် ဆိုပေမယ့် မိုးထိတို့ရဲ့ အလုပ်သမားပဲလေ။

ပြီးတော့ မိုးထိရဲ့မိဘတွေက အရမ်းမာနလည်းကြီးကြသတဲ့။ အထူးသဖြင့် သူတို့ရဲ့ တစ်ဦးတည်းသောသားလေး မိုးထိကို အရမ်းချစ်ကြသတဲ့။

ကျောင်းမှာသာ ကျောင်းဝေယျာဝစ္စတွေ လုပ်နေတာ။ အိမ်မှာဆို မိုးထိကို မိုးထိအဖေက ခုထိ ထမင်းခွံ့ကျွေးချင်တုန်းတဲ့။

မိုးထိအတွက်ဆို အကောင်းတကာ့အကောင်းဆုံးမှ စီစဉ်ပေးသတဲ့။ ဒီလိုမိဘမျိုးတွေက ချွေးပဆိုတာကိုလည်း ခေါင်းမှ၊ ဒီတ်ဒီတ်ကြီးမှ ကြိုက်ကြမှာပေါ့။

သူတို့ရဲ့အလုပ်သမားကိုတော့ ဘယ်ခမည်းစောက် တော်ပျှါမလဲ။ ပုဝါဖြူက အဲဒါကြောင့် စိတ်မဝင်စားတာ။ လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ထဲမရှိ။ ပိုဆိုးတာက ပုဝါဖြူက အသားညိုညိုနဲ့ မင်းကြိုက် စိုးကြိုက်ရုပ်မျိုး မဟုတ်။ မိုးထိအောင်မြင့်နဲ့ ပုဝါဖြူ့ ဘဝက ဆီနဲ့ရေပါ။ ဘယ်လိုမှ တန်ဖိုးချင်းမမျှ။ ဘဝချင်းမတူ။

အဲဒါကြောင့် ပုဝါဖြူက သူ့ကို မသည်းခဲ့ပါဘူးဆိုမှ သူက ပုဝါဖြူ၍ကို ခိုးခိုးကြည့်နေတော့ ပုဝါဖြူ အသည်းတံခါးက လှပ်ခနဲ ပွင့်ချင်၏။ အရွယ်က လေတိုက်မခံသည့်အရွယ်ဆိုတော့ ဦးနှောက်ကလည်း နုနယ်သေး၏။

အကြမ်းအားဖြင့် တွေးတတ်နေပေမယ့် ထိန်းချုပ်နိုင်စွမ်းက တစ်ရာ,ရာခိုင်နှုန်းမှ မပြည့်သေးတာလေ။ ပြီးတော့ မိန်းကလေးတွေရဲ့ မွေးရာပါအတတ်ပညာကလည်း ကိုယ့်ကို ယောကျာ်းလေးတစ်ယောက် စိတ်ဝင်စားပြီဆို အလိုလိုကိုသိနေတဲ့ ပညာ။

ဒီတော့ ပုဝါဖြူမှာ ကာကွယ်စရာ ဒိုင်းရှိပါ့မလား။

✧❤✧



မိုးထိသည် ပုဝါဖြူကို ခိုးပဲကြည့်နိုင်သေးသည်။ လက်ရှိကာလက အခြေအနေ တိုးတက်ခွင့် မပေးသေးဘူးလေ။ သူတို့လက်ရှိအခြေအနေက ဆယ်တန်းဖြေဖို့ စာကို အသေအလဲ ကြိုးစားနေရတာလေ။

ပြီးတော့ မိုးထိက စာတော်သည်။ ပုဝါဖြူက သာမန်ရယ်။ သူဖွင့်ပြောလိုက်လို့ ပုဝါဖြူ အံ့ရှုံများမှာ မလိုလား။ ထို့ကြောင့် သူ ခိုးကြည့်ရုံနဲ့ပဲ ကျေနပ်ခဲ့တာပါ။

ဒါတောင် ...

ပုဝါဖြူက သူခိုးကြည့်တာကို ရိပ်မိနေပုံပဲ။ တစ်ခါတလေ ပုဝါဖြူကလည်း သူ့ကို ပြန်ခိုးကြည့်နေပုံပဲ။ သိနေ ရိပ်မိနေပုံပဲ။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတွက်ကြောင့် သူ့ကိုယ်သူ အပြစ်တင်မိသေးသည်။ ပုဝါဖြူများ စာကျက်ပျက်ရင် သူ့အပြစ်မကင်းပါ။

တကယ်တော့ ပုဝါဖြူအဖေက သူတို့ဆန်စက်က မန်နေဂျာဆိုတာလည်း သူ မသိပါ။ ပိုဆိုးတာက သူ့ကို သိပ်ချစ်တဲ့ သူ့မိဘတွေ မာနကြီးမှန်းလည်း မသိပါ။ သူ မြင်နေရတဲ့ သူ့မိဘတွေက သူ့ကို အရမ်းချစ်ကြ အလိုလိုက်ကြတယ်။ သူလိုတာရအောင် ဖန်တီးပေးကြတယ်။

သူ့မျက်နှာအညိုမခံကြ။ ထို့ကြောင့်လည်း သူချစ်တဲ့ မိန်းကလေးတွေ့ရင် သူ့မိဘတွေလည်း ချစ်ကြမှာပဲလို့ တစ်ထစ်ချ တွက်ထားတာ။ သူ့ကို အလိုလိုက်တဲ့ မိဘတွေဟာ သူ့အိမ်ထောင်ရေးမှာလည်း အလိုလိုက်မှာပဲလို့ ထင်ထားပါသည်။

သူ့အပေါ် အမြဲနူးညံ့တတ်တဲ့ မိဘတွေကို မာနကြီးလိမ့်မယ်လို့ ယောင်လို့တောင်မတွေးမိတာ မလွန်ပါ။ သူ့မိဘတွေကလည်း သူ့ရှေ့မှာဆို အစစအရာရာ သတိထားပြီးနေကြတာကိုး။





ပညာရော သညာပါတတ်တဲ့ သူ့မိခင်က သူ့ကို အကောင်းဆုံး ပြုစုစောင့်ရှောက်တတ်ပါသည်။ မိုးထိအောင်မြင့်ရှေ့မှာ အပြောအဆို အမူအရာအားလုံးက စံပြလူသား ဂုဏ်ပြုဆုပေးရလောက်အောင် သူ့မိဘတွေက နေပြကြပါသည်။

ယုတ်စွအဆုံး လင်မယားရန်ဖြစ်ရင်တောင် မိုးထိရှေ့မှာ ဘယ်တော့မှ မဖြစ်။

မိုးထိ ကွယ်ရာကျမှ စာရင်းရှင်းသည်။

ထို့ကြောင့် မိုးထိက ဘာမှ မသိဘဲ သူ့မိဘတွေကို စံပြထားကာ လေးစားအတုယူနေသူပါ။

သူ ဒီအရွယ်ရောက်တဲ့အထိ မိဘတွေရဲ့ပုံစံအမှန်ကို မသိရှာသူပါ။ ထို့ကြောင့်လည်း ပုဝါဖြူလို မိန်းကလေးမျိုးကို စိတ်ဝင်စားရဲတာပါ။

ကျောင်း၊ ကျူရှင်နဲ့ အိမ်ကို အချိန်လုပြီး ပြေးနေရတဲ့ သူက မိဘတွေ အလုပ်သမားတွေကို ဘယ်လိုဆက်ဆံသလဲဆိုတာကိုလည်း မြင်တွေ့ဖို့အခွင့်အရေး မရှိပါ။

www.burmeseclassic.com



သူ့အတွက် အကောင်းတကာ့ အကောင်းဆုံးချည်းသာ ဖြည့်ဆည်းပေးတဲ့ သူ့မိဘတွေကို အရမ်းချစ်သည်။

အထူးသဖြင့် သူ့ကို အခုချိန်ထိ ထမင်းခွံ့ကျွေးချင်သေးတဲ့ မေမေ့ကိုဆို ပိုတောင်ချစ်သေးသည်။ မေမေ့စကားဆိုလည်း မြေဝယ်မကျ နားထောင်တတ်သည်။ သူက တစ်ဦးတည်းသောသားပေမယ့် လူဆိုးလေးမဟုတ်ဘဲ သားလိမ္မာလေးဖြစ်နေပါသည်။ ခုချိန်ထိ သူ ကျောင်းသွားကာနီးတိုင်း မေမေက မွှေးမွှေးပေးတတ်သေးသည်။

ဒီတော့ ဒီမိဘတွေက မာနကြီးပါတယ်လို့ တခြားသူတွေက လာပြောရင်တောင် သူနဲ့ ရန်သူဖြစ်သွားနိုင်သည်။

သူ့မိဘတွေနဲ့ တစ်သက်လုံး လိုက်လျောညီထွေဖြစ်မဖြစ် ဆိုတာကတော့ ...။

✧❤✧



ဒီလိုနဲ့ တစ်နှစ်လုံး ခိုးငေးရင်း စာပဲဖိကျက်ခဲ့သည်။ ကျောင်းသန့်ရှင်းရေးလုပ်တဲ့ ညနေတွေဆို ပုဝါဖြူ နုတ်ထားတဲ့ မြက်ပင်တွေကို သူက ကူသိမ်းပေးတတ်သလို ပုဝါဖြူကလည်း သူလှည်းထားတဲ့ အမှိုက်တွေဆီ ဂေါ်ပြားလေးနဲ့ လာကျုံးတတ်သည်။

မိုးထိတို့အသင်း သောက်ရေခပ်တဲ့နေ့ဆို အရင်ဆုံးရေအိုးစင်ကို ရောက်လာပြီး ရေလာသောက်တတ်သူက ပုဝါဖြူပါ။

ပုဝါဖြူ နေမကောင်းလို့ ကျောင်းပျက်တုန်းကလည်း မိုးထိက စာတွေကူးပေးကာ ပုဝါဖြူ့လွယ်အိတ်ထဲ လူ မသိအောင် ထည့်ပေးလိုက်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အစမ်းစာမေးပွဲ ဖြေတုန်းက ပုဝါဖြူ စာမေးပွဲ တစ်ဘာသာကျ၍ သူစိတ်ညစ်ရသေးသည်။ ပုဝါဖြူ စာမေးပွဲကျ သွားမှာစိုးသည်။

"ပုဝါဖြူ ဒီနှစ်အောင်အောင်ကြိုးစား"

ခပ်တည်တည်နဲ့ ပုဝါဖြူ့ရှေ့သွားရပ်ကာ တစ်ခွန်း ပြောမိသေးသည်။ ပုဝါဖြူက ကြောင်စီစီလေး ပြန်ကြည့်လို့။ ဒါပေမဲ့ အဲဒီနောက်ပိုင်း ပုဝါဖြူ စာအုပ်နဲ့မျက်နှာ မခွာတော့၍ သူ ကျေနပ်ရသေးသည်။

စာမေးပွဲကြီးက တစ်စထက်တစ်စ နီးလာတော့ စာတော်သူတို့ရဲ့လောဘအတိုင်း သူ စာဘက်ကို အာရုံပိုရောက် လာသည်။

ပုဝါဖြူလည်း စာပိုကျက်လာတာတွေ့၍ စိတ်ချ သွားကာ ပုဝါဖြူကို ခဏမေ့ထားလိုက်သည်။

သူက ဆရာဝန်ဖြစ်ချင်သူလေ။ ဆယ်တန်းဆိုတာ နတ်ကြီးသတဲ့။ ထို့ကြောင့် အချွတ်အချော် မခံနိုင်သဖြင့် သူ ဂရု



စိုက်ရသည်။ စာကိုရော ကျန်းမာရေးကိုပါ မျှတအောင် သူ ဂရု တစိုက်နဲ့ ကြိုးစားသည်။

မေမေကလည်း အစားအသောက်ကို သူ့အချိန်နဲ့သူ သေချာစီစဉ်ပေးသည်။

စာမေးပွဲနီးလို့ လက်ဖက်သုပ်တွေ စွတ်စား၊ ကော်ဖီ မစ်တွေ စွတ်သောက်၊ အချဉ်ထုပ်တွေ မဟားဒယား စားတာမျိုး သူ မလုပ်။

အိပ်ချိန်တန်ရင်အိပ်ပြီး ထချိန်တန်ထကာ ခေါင်း ကြည်မှ စာကျက်သည်။

အိပ်ရေးပျက်ခံကျက်တာမျိုး မလုပ်သလို အိပ်ကောင်း တိုင်းစွတ်အိပ်တာမျိုးလည်း မလုပ်။ အိပ်ရေးမဝရင် ခေါင်းမကြည် တတ်သလို အိပ်လွန်းရင်လည်း ခေါင်းကိုက်တတ်သည်။

နှစ်စကတည်းက တစ်နှစ်လုံး အားလုံးကို သေချာ ဂရုစိုက် နေထိုင်ကြိုးစားခဲ့တာမို့ သူ့အတွက် စာတွေက သဟဇာတ ဖြစ်ပြီးသွားပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ စိုးရိမ်တာ ပုဝါဖြူအတွက်ပဲ။ ပုဝါဖြူကို သူနဲ့အတူ တစ်နှစ်တည်း အောင်စေချင်ပါ၏။ သူနဲ့ပုဝါဖြူ အောင်မှတ်ရတာချင်း ကွာမှာကို သိပါသည်။ ပုဝါဖြူက ဘယ်လိုမှ ဆေးတက္ကသိုလ်ဝင်မှာမဟုတ်တာ သိပေမယ့် အတူတူအောင်ချင်သည်။

စာမေးပွဲဖြေတော့ သူ သက်သောင့်သက်သာနဲ့ အအိပ်မပျက် အစားမပျက်ဘဲ ဖြေနိုင်ခဲ့ပါသည်။ နောက်ဆုံးဖြေမယ့်ရက်ကဆို ပိုပြီးရင်ခုန်ရသေးသည်။

ပုဝါဖြူနဲ့ သူက တစ်ခန်းထဲအတူ ဖြေရတာပါ။ သူကရှေ့ဘက်မှာဖြေရပြီး ပုဝါဖြူက နောက်နားကျသဖြင့် ပုဝါဖြူ ဖြေနိုင်မဖြေနိုင် လှည့်မကြည့်အားပါ။

နောက်ဆုံးရက်ကတော့ သူက အစောကြီးပြီးသွား၍ စာမေးပွဲခန်းထဲက မြန်မြန်ထွက်လိုက်သည်။

စာသင်ခန်းပြင်ပမှာ ဗလာစာအုပ်လေး ထုတ်ပြီး ရည်းစားစာ အမြန်ရေးလိုက်၏။





ပုဝါဖြူ ထွက်လာရင် ပေးဖို့ပါ။ ကျောင်းဝင်းပြင်ပမှာ မိဘတွေက စောင့်နေကြပြီ။ ဒီတော့ သူ့စိတ်ကူးကို ကျောင်းဝင်းထဲမှာပဲ အကောင်အထည်ဖော်ရမည်။

"ပုဝါဖြူလေးကို ချစ်တယ် ...

အောင်စာရင်းထွက်တဲ့နေ့ကျ ရင် အဖြေပေးပါနော်။

ဖြူဖြူရဲ့ မိုး"

စာတိုလေးကို အမြန်ရေးပြီး ကျစ်ကျစ်ကလေးခေါက်ထားလိုက်သည်။ အထပ်ထပ်ခေါက်ပစ်လိုက်ကာ စာရွက်ပြားလေးက တစ်လက်မသာသာလောက်ပဲ ကျန်တော့သည်။

ဟော ... ပုဝါဖြူ ထွက်လာပြီ။

"ဖြေနိုင်လား ဖြူဖြူ"

အခေါ်အဝေါ်တွေ ပြောင်းသွားတဲ့ သူ့ကို အံ့ဩသလို ငေးကြည့်နေတဲ့ သူမလေးကို အသည်းယားစွာ မျက်စိတစ်ပြလိုက်သည်။

"ဖြေနိုင်လား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ရော့"

"ဘာလဲ"

"ရည်းစားစာ"

သူမလွယ်အိတ်ထဲ စာရွက်ခေါက်ကလေး ထည့်ပေးလိုက်ရင်း ...

"အချိန်ရရင် ကြာသပတေးနေ့ ညနေတိုင်း မြို့ဦးစေတီကို လာခဲ့နော်"

✧ ❤ ✧





ပုဝါဖြူ ရင်တုန်သွားသည်။ ရင်ခုန်တာမဟုတ် ရင်တုန်တာ။ စာခေါက်လေးက သေးသေးလေးဆိုပေမယ့် အမေတွေ့သွားရင် ဒုက္ခ။

အပြင်ဘက်မှာ အမေ လာကြိုနေသည်။ ပြီးတော့ အမေက ပုဝါဖြူ့လွယ်အိတ်ကို ယူလွယ်ဦးမှာ။

ပုဝါဖြူသည် Toilet ထဲဝင်ကာ စာခေါက်လေးကို စာအုပ်အဖုံးထဲ တိုးထည့်လိုက်သည်။ ဖွင့်မဖတ်ရဲသေးပါ။ ရင်တွေတုန်နေလို့။ ပြီးတော့ အေးအေးဆေးဆေးဖတ်ကာ ရင်ခုန်ချင်သေးသည်။ ပုဝါဖြူအဖြစ်က စင်ဒရဲလားလိုအဖြစ်မျိုးလေ။ ရွှေမင်းသားရဲ့ ကြင်ယာတော်ရွေးတဲ့မြားက ပုဝါဖြူ့ရင်ဘတ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး လာရောက်ထိမှန်လာမှတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် Kingရဲ့ချစ်သူတော့ ဖြစ်ခွင့်ရချင်သည်။ နောင်ခါလာနောင်ခါချေးပဲ။ ခေါင်းညိတ်ဖို့ ဆုံးဖြတ်ထားပြီးသားပါ။

"သမီး ဖြေနိုင်လား"

"ဟုတ်ကဲ့"

"ရော့ ... သမီး အအေးသောက်လိုက်ဦး"

အမေက အအေးဘူးလေးဖောက်ပြီး လှမ်းပေး၏။ ပြီးတော့ ဆိုက်ကားငှားပြီး သားအမိနှစ်ယောက် အိမ်ပြန်ခဲ့ကြသည်။ သူမတို့စီးလာတဲ့ ဆိုက်ကားဆောင်းကနေ မိုးထိတို့ကားက ဖြတ်သွား၏။ မိုးထိက မျက်စိမှိတ်ပြသွားလေသည်။ မိုးထိမျက်စိမှိတ်ပြတာ အရမ်းကြည့်လို့ ကောင်းတာပဲ။ ချစ်ဖို့ကောင်းတယ်။ ချစ်တဲ့မျက်စိနဲ့ ကြည့်လို့ပဲလားမသိ။

တစ်ခုတော့ရှိသည်။ ပုဝါဖြူရဲ့ စွမ်းအင်တစ်ခုက ပုဝါဖြူ့ခံစားချက်တွေက မျက်နှာမှာ ဘယ်တော့မှမပေါ်။ မျက်လုံးမှာလည်းမပေါ်။ ပုဝါဖြူ့မျက်လုံးတွေကို ကြည့်လိုက်ရင် အမြဲတမ်းဗလာ။ ဘာမှ ဖတ်လို့မရတာတဲ။



ပုဝါဖြူ့အကဲ သိတာဆိုလို့ အမေတစ်ယောက်ပဲရှိသည်။ မွေးထားတဲ့အမေပဲ ပုဝါဖြူ့မျက်နှာ အပြောင်းအလဲကို သိသည်။

ခုလည်း ...

"ငါ့သမီး စာမေးပွဲဖြေရတာကို ရင်တုန်နေပုံပဲ"

တုန်ပါသည်။ စာမေးပွဲဖြေရလို့တော့မဟုတ်။ အမေ ရည်းစားစာကို တွေ့သွားမှာစိုးလို့ပါ။ အိမ်ရောက်တာနဲ့ အခန်းထဲဝင်အိပ်ရင်း စာခိုးဖတ်ရင် ကောင်းမလား စဉ်းစားနေမိသည်။ ဒါပေမဲ့ အမေလစ်မှ ဖတ်လို့ရမှာ။

အိမ်ရောက်တာနဲ့ အမေက သူမကို ထမင်းကျွေးသည်။ တော်သေးတယ်။ အမေ လွယ်အိတ်ကို မရှင်းသေးဘဲ စားပွဲပေါ် ဒီအတိုင်းတင်ထားလို့။ ခဏနေတော့ အမေက ...

"သမီး အိပ်လိုက်ဦး၊ အိပ်ရေးတွေပျက်ထားတာ၊ အမေ လမ်းထိပ်ခဏလေး သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလိုက်တာ။ အမေ ထီးလေးဆောင်းပြီးထွက်သွားတာနဲ့ လွယ်အိတ်ထဲကို လက်နှိုက်ပြီးသားပဲ။

စာတိုလေးကိုဖတ်ပြီး ရင်တွေ ခုန်လိုက်ရတာလေ။ မိုးတဲ့လား။ မိုးလို့ ခေါ်စေချင်တာလား။ မိုးထိအောင်မြင့်ကလေးရဲ့။

အောင်စာရင်းထွက်မှ အဖြေပေးတဲ့။ ကောင်းပါတယ်။ သိက္ခာထိန်းလို့ ရသွားတာပေါ့။ မြို့ဦးစေတီကိုလာဖို့ ပြောသွားသေးသည်။

မသွားရဲပါဘူးလေ။ ဘလိုင်းကြီး သွားရမှာလေ။ ပြီးတော့ မြို့ဦးစေတီဘက်က လူပြတ်သည်။ စေတီတစ်ဆူတည်း ထီးထီးကြီး ဖြစ်နေတာ။ မြို့ထဲက လူတွေက မြို့လယ်ဘုရားကြီးပဲ သွားကြတာလေ။ မြို့ဦးစေတီက စုံတွဲနယ်မြေကြီးကိုဖြစ်လို့။

✧❤✧





ကြာသပတေးနေ့တိုင်း မိုးထိ မြို့ဦးစေတီကို သွားခဲ့သည်။ ပုဂါဖြူ လာနိုးလာနိုးနဲ့ သွားသွားစောင့်နေတာ လေးပတ်တောင် ပြည့်သွားပြီ။

ပုဂါဖြူကတော့ မလာခဲ့ပါ။ အေးလေ ... ချစ်သူတွေမှ မဟုတ်တာ။ ဘယ့်လာပါ့မလဲလေ။

စာမေးပွဲပြီးသွားပြီး မတွေ့ရဘူးဆိုမှ ပိုပိုတွေ့ချင်လာသည်။ လွမ်းသည်။ အဖြေမရသေးတဲ့၊ ချစ်သူမဖြစ်သေးတဲ့ ချစ်ရသူကို လွမ်းရတာ တကယ်မပိုင်လွမ်းပါ။ ပိုင်ပိုင်လွမ်းခွင့်မရတဲ့ ဖော်ကန့်လန့် အလွမ်းမျိုးပါ။ တကယ်လို့သာ ပုဂါဖြူက သူ့ကို ငြင်းလိုက်မယ်ဆိုရင် သူနဲ့ပုဂါဖြူက ဘာမှ ဆိုင်ခွင့်မရှိတော့။ ဒီတော့ မသေချာသေးတာကို မရေမရာလွမ်းတဲ့အလွမ်း။



www.burmeseclassic.com

www.burmeseclassic.com



ပုဝါဖြူ မလာတော့ သူ ပုဝါဖြူနဲ့ အဆက်အသွယ်ရအောင် ကြိုးစားရသည်။

သူ့သူငယ်ချင်း ကိုမင်းကို အကူအညီတောင်းရသည်။ သူငယ်ချင်းတွေထဲမှာ ကိုမင်းက ဆရာကြီး။

ရည်းစားတစ်ယောက် ပြတ်ပြီးသွားပြီ။

လက်ရှိလည်း နောက်တစ်ယောက်ကို လိုက်နေတာ။

"ဟ ... မိုးထိ၊ မင်းက ပုဝါဖြူကို ..."

"အေးပါဆိုကွာ ... ဟီး ဟီး"

"အံမာ ... ရှက်မနေပါနဲ့ဟ၊ နေပါဦး၊ ပုဝါဖြူ ဆိုတာ နာမည်နဲ့မလိုက်အောင် ညိုတိုတိုလေးလားလို့"

"ညိုတာပါကွာ မတိုပါဘူး"

"ငါက စကားအဖြစ် ပြောတာပါကွာ မင်းကလည်း၊ ညိုတိုတို အဲ ... ညိုတယ်၊ ပြီးတော့ မလှပါဘူးကွာ၊ မင်းနဲ့ မလိုက်ဘူး ဟော့ကောင်"



"လိုက်ဖို့မလိုဘူး၊ ငါချစ်ဖို့ပဲလိုတာ၊ ပုဝါဖြူက သေချာကြည့်လေ လှလေ၊ တစိမ့်စိမ့်ကြည့်လေ လှလေပဲကွ၊ အထူးသဖြင့် မျက်လုံးလေးတွေက ရွှန်းတောက်နေတာပဲ၊ မျက်လုံးလေးတွေကို တစ်ချိန်လုံး ကြည့်ချင်နေတာ၊ ပြီးတော့ ငြိမ်တယ်ကွာ၊ အေးအေးလေး၊ အဲဒါလေးတွေကို ငါ တအားချစ်မိသွားတာ"

"အတည်ကြီးပြောနေတာပဲ"

"မိုးထိဆိုတဲ့ကောင်က ဘယ်တော့မှ မသေချာတာ မလုပ်ဘူး၊ မင်း သိပါတယ်"

"ပုဝါဖြူလို ကောင်မလေးကို လိုက်ဖို့တော့ ငါ့ အကူအညီ မလိုပါဘူးကွာ၊ ပုဝါဖြူ မင်းကို သေချာပေါက်ပြန်ကြိုက်မှာ၊ မင်းက ချောမင်းသား၊ သူက စင်ဒရဲလား၊ သူ ဘယ်ငြင်းမှာလဲ"

"မင်းကလည်းကွာ"

"ငါပြောတာယုံ၊ ငါ အမှန်တရားကိုပြောတာ၊ နားထောင် နည်းနည်းခါးလိမ့်မယ်"

www.burmeseclassic.com



"ထားပါ ခုလောလောဆယ် ငါ သူနဲ့ ဆက်သွယ်မရဘူးဖြစ်နေတယ်ကွာ၊ ငါ သူနဲ့ Contact ရချင်တယ်"

"အိုကေ ... ငါ နည်းနည်း လှုပ်ရှားပေးမယ်"

"ကျေးဇူးပဲကွာ"

ကိုမင်းက နောက်နေ့ကျတော့ သူ့ကို လာခေါ်သည်။

"ဘယ်လဲ"

"လိုက်မှာသာ လိုက်ခဲ့"

"အမေ ... သား ကိုမင်းနဲ့ ခဏလိုက်သွားဦးမယ်"

"ဘယ်လဲ သားရဲ့"

"ဆရာမအိမ်"

"အေး အေး ... မြန်မြန်သွား မြန်မြန်လာနော် သား"

"ဟုတ်ကဲ့"

"ဆိုင်ကယ်ဖြည်းဖြည်းစီးနော်"

"ဟုတ်ကဲ့ အမေ"

✧ ❤ ✧



ပုဂါဖြူ ခြံထဲမှာ ပန်းပင်တွေ ရေလောင်းနေတုန်း ဆိုင်ကယ်နှစ်စီး ခြံဝမှာ လာရပ်သည်။ ကိုမင်းနဲ့ မိုးထိ။ ပုဂါဖြူရင်တွေတုန်သွား၏။

ကိုမင်းက ပုဂါဖြူကို တွေ့ရက်နဲ့ ...

"ပုဂါဖြူရေ ... ပုဂါဖြူ"

"ရှင်"

ပုဂါဖြူ ယောင်ပြီး ထူးလိုက်မိသည်။ အမေက အိမ်ထဲက လှမ်းကြည့်နေသည်။

"သချ်ာဆရာမက နင်ဖြေနိုင်ရဲ့လား စိတ်ပူနေတယ်၊ ငါတို့ ဒီဘက်ရောက်တာနဲ့ အဲဒါလာပြောတာ၊ နင် သချ်ာဖြေနိုင်တယ်မို့လား"

www.burmeseclassic.com

www.burmeseclassic.com



“ဖြေ … ဖြေနိုင်ပါတယ်”

“အေး … အေး … ဆရာမဆီလည်း သွားလိုက်ပါဦးဟ”

ကိုမင်းကချည်း လွှတ်နေတာ။ မိုးထိကတော့ ဘာမှ မပြော။

“ဟုတ်ကဲ့ … ဟုတ်ကဲ့”

“ရေဆာလိုက်တာဟာ၊ ရေတစ်ခွက်လောက် တိုက်ပါလား”

“လာသောက်လေ”

ကိုမင်းနဲ့ မိုးထိ အိမ်ထဲဝင်လာသည်။ မိုးထိက ကိုမင်း အကွက်တွေကို သဘောခွေ့နေသည်။ ခြံဝကနေ အိမ်ပေါက်ဝနား ရောက်လာပြီ။ ပုဝါဖြူက အိမ်ထဲမှာ ရေသွားခပ်နေသည်။

“မိုးထိ အနားရောက်ရင် ပြောစရာရှိတာ မြန်မြန်ပြော၊ ငါ ဖောရှောရှိက်ပေးထားမယ်”

“အေးပါ”

ပုဝါဖြူ ရေဝင်ခပ်တော့ …

“ဘယ်သူတွေလဲ သမီး”





“သမီးတို့အတန်းခေါင်းဆောင် အမေ၊ ဆရာမပြောတာကို လာပြောပေးတာ”

“သြော် … အေး အေး”

အမေက ဘာမှ မပြောတော့။ လုပ်လက်စအလုပ်ကို ဆက်လုပ်နေသည်။ ပုဝါဖြူ့အမေက အင်္ကျီချုပ်ပါသည်။ ဗမာပုံ ရင်ဖုံးရင်စေ့ချုပ်ရင် အမေ့ဆီပဲ လာချုပ်ကြပါသည်။ အမေ့လက်ရာက ပုံစံကျနရှ် ချပ်ချပ်ရပ်ရပ်ရှိသဖြင့် အမေ့ဆီလာအပ်ကြခြင်းပါ။ ခုလည်း အမေက အင်္ကျီတွေ ကြယ်သီးတပ်နေပါသည်။

“ရော့”

ပုဝါဖြူက ကိုမင်းကို ရေခွက်ကမ်းပေးလိုက်၏။

“ဖြူဖြူ ဘာလို့ မြို့ဦးစေတီကို မလာတာလဲ”

“ဘာလို့ လာရမှာလဲ”

“ဖြူဖြူ ဒီတစ်ပတ် လာဖြစ်အောင်လာခဲ့နော်၊ မလာရင် ကိုယ် အိမ်ကို အကြောင်းရှာပြီး လာတွေ့မှာ”

“မလာပါနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ဖြူဖြူလာခဲ့၊ မလာရင် ကိုယ်လာမှာ"

"သမီးရေ"

"ဟာ ... အမေခေါ်နေပြီ၊ သွားတော့ ... သွားတော့"

"လာခဲ့နော်"

"သွားတော့"

သူတို့ထွက်သွားတော့မှ အမေ့နားသွားကာ ...

"အမေ ဘာခိုင်းမလို့လဲ"

"သမီးတို့စကားပြောတာ ကြာလှချည်လား"

"စာမေးပွဲအကြောင်းပါ အမေ"

"အေး အေး ... သမီးက အရွယ်ရောက်လာပြီး ယောကျ်ား လေးတွေနဲ့ဆက်ဆံရင် ဣန္ဒြေရှိပါစေ သမီးရေ"

"ဟုတ်ကဲ့ပါ အမေ"

"အေး ... အမေ့ကို အပ်ချည်လေး ထိုးပေးစမ်း၊ အမေထိုးရင်ကြာလို့၊ မျက်လုံးတွေလည်း မကောင်းချင်တော့ပါဘူး"

တော်ပါသေးရဲ့။ အမေ ဒီလောက်ပဲပြောလို့။

✧ ❤ ✧





ပုဝါဖြူ စိတ်ညစ်နေသည်။ မြို့ဦးစေတီကို မသွားရဲ။ မသွားပြန်ရင်လည်း မိုးထိ အိမ်ကိုထပ်လာမှာ ကြောက်သည်။ တစ်ခါကနေ နှစ်ခါဆိုရင် အမေ ရိပ်မိပြီး ဆူမှာကြောက်သည်။

မြို့ဦးစေတီဘက်ကလည်း လှုပြတ်သည်။ ပုဝါဖြူ မသွားရဲ။ ဒီနေ့ပဲ အင်္ဂါနေ့ဖြစ်နေပြီ။ ကြာသပတေးနေ့မှ သူမ မသွားရင် သောကြာနေ့ဆို မိုးထိ ရောက်လာနိုင်သည်။

ပုဝါဖြူ ဘာလုပ်လို့ လုပ်ရမှန်းမသိ။ နောက်ဆုံး ပုဝါဖြူ သူငယ်ချင်း ညိုမကို တိုင်ပင်ဖို့ ဆုံးဖြတ်လိုက်သည်။ ညိုမတို့အိမ်က ပုဝါဖြူတို့အိမ်ရဲ့ မျက်စောင်းထိုးမှာတင် ရှိတာမို့ ပုဝါဖြူနဲ့ ညိုမတို့က ကျောင်းနေတဲ့အရွယ်မရောက်ခင်ကတည်းက ကစားဖော် ကစားဖက်ဖြစ်ခဲ့ကြတာပါ။ သက်တူရွယ်တူမို့ ဆယ်တန်းအထိ အတူတူတွဲဖြစ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေ စီးပွားရေးကလည်း မတိမ်းမယိမ်းဆိုတော့ တွဲဖက်ညီခဲ့သည်။ ဆိုလိုတာက ညိုမသာ သူဌေးသမီးဆိုရင် အိမ်နီးနားချင်းပေမယ့်လည်း အတွဲညီချင်မှ ညီမှာလေ။

ဟုတ်တယ်။ ညိုမက သူ့မထက်စာရင် သွက်လက်ရဲတင်းပြီး သတ္တိလည်း ပိုရှိတယ်။ မြို့ဦးစေတီကိုသွားဖို့ ညိုမ အဖော်လိုက်ပေးရင် မဆိုးဘူး။

အမေ့ကို ညိုမတို့အိမ်သွားဖို့ ခွင့်တောင်းပြီး ထွက်လာခဲ့သည်။

"ညိုမရေ"

"ညည်းသူငယ်ချင်း မွေ့ရာကြီးပေါ် စက်တော်ခေါ်နေတယ် ဟေ့"

"သမီး နှိုးလိုက်ရမလား ကြီးကြီး"

"သဘောပဲ၊ ဆယ်တန်းဖြေပြီးကတည်းက အိပ်လိုက်စားလိုက်နဲ့ အနားယူလို့ မဆုံးတော့ဘူး၊ လူလည်း တဖြည်းဖြည်း ညိုမကနေ ဝက်မဖြစ်နေပြီ"





ညိုမအမေရဲ့ ပွစိပွစိတွေကို ဖြတ်ကျော်ပြီး ညိုမ အခန်းထဲသို့ ဝင်ခဲ့လိုက်သည်။

"ညိုမ .... ညိုမ"

"ဟင် ... ဘာလဲဟာ၊ အိပ်ကောင်းနေတာကို"

"အော်မနေနဲ့ ထ"

"ထဘူးဟာ"

"ထဦး၊ ငါ နင့်ကို တိုးတိုးတိတ်တိတ် တိုင်ပင်စရာရှိလို့"

"ဟုတ်လား ထပြီ ... ထပြီ"

ညိုမက အိပ်ရာထဲက လူးလဲထရင်း ...

"ဘာများလဲ မိဖြူ"

"လာ ... ငါတို့ခြံထောင့်က ကုက္ကိုပင်အောက်မှာ ကျွဲခတ်ရင်း သွားပြောကြမယ်"

ကျွဲခိုတာက ကုက္ကိုရွက်ကလေးတွေ ခြောက်ကြွေပြီး ကျန်နေတဲ့ ရိုးတံခြောက်ကလေးတွေကိုပြောတာပါ။ ထိုရိုးတံခြောက် အရင်းလေးတွေက ကွေးကုပ်ကုပ်လေးတွေမို့ ထိုအကွေးလေးတွေကို ချိတ်ဆက်ပြီး ဆောင့်ဆွဲတဲ့ကစားနည်းကို ကျွဲခတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဟု ကျေးလက်ဒေသတွေရဲ့ ဆော့ကစားနည်း တစ်မျိုးပါ။ အကွေးလေး ကျိုးသွားတဲ့ဘက်က ရှုံးပြီး မကျိုးဘဲ ကျန်တဲ့ဘက်က အနိုင်ရသူဖြစ်ပါတယ်။ ရိုးတံခြောက်ကြီးလေ အကွေးကြီးလေ ဖြစ်ပါတယ်။ ရိုးတံလုံးဝမခြောက်ဘဲ စိုစိမ်းစိမ်းဖြစ်နေရင်လည်း ကစားလို့ မရပါဘူး။

ပုဝါဖြူနဲ့ ညိုမတို့ ကျွဲချောချော ရှာကောက်ရင်း ပုဝါဖြူက ညိုမကို ...

"ညိုမ ... ငါ့တိုလေ မိုးထိအောင်မြင့်က ကြိုက်လို့တဲ့"

"တကယ်"

"တကယ်ပေါ့ဟ"

"King က"

"အေးပါဆို"

"ဟယ်"

ညိုမက ပါးစပ်အဟောင်းသားကြီးနဲ့ အံ့သြနေသည်။

✧❤✧





ကြာသပတေးနေ့။

မနက်ကတည်းက ညိုမ ရင်တွေခုန်နေတာပါ။ ခုန်ဆို ဒီနေ့ သူမ ပုဝါဖြူကို ခေါ်ထုတ်ပြီး မြို့ဦးစေတီကို လိုက်ပို့ရမှာလေ။

ပုဝါဖြူလိုအညတရလေးကို King က ကြိုက်တယ်ဆိုတာလည်း အံ့သြနေသည်။ King အတွက် ပုဝါဖြူထက်သာတဲ့ ကောင်မလေးတွေ အများကြီးရှိပါသည်။ King သာ လျှောက်လွှာ ရောင်းစားမယ်ဆိုရင်တောင် မရှက်မကြောက် လျှောက်လွှာလာ တင်မယ့်သူတွေ ဒုနဲ့ဒေး ရှိနေမှာပါ။

ခုတော့ King ရွေးချယ်တာက ဘာမဟုတ်တဲ့၊ ထင်ပေါ်ကျော်ကြား လုပခြင်း တစ်ခုမှမရှိတဲ့သူ။ King ကို စိုက်ရှေ့တဲ့ကောင်မလေးတွေသိရင် ဆွေ့ဆွေ့ခုန်သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညိုမနဲ့ ပုဝါဖြူတို့က Kingကို စိတ်ဝင်စားတဲ့အထဲ မှာမပါ။

စိတ်မဝင်စားခြင်းကလည်း သူမတို့အနေအထားနဲ့ Kingက အလှမ်းကွာဝေးလွန်းလို့ပါ။ ဒါပေမဲ့ Kingက ပုဝါဖြူကို မျက်စိမှောက်သည်။

ပုဝါဖြူမပြောနဲ့ ညိုမတောင် ရင်တွေတအားခုန်နေသည်။ အနေအထားက ဝမ်းသာရမှာလား။ ဝမ်းနည်းရမှာလား ဖြစ်နေသည်။ King ရဲ့ချစ်ရေးဆိုမှုအတွက် ဝမ်းသာရပေမယ့် အနေအထား ကွာတာကြောင့် ကြုံတွေ့ရမယ့် နောက်ဆက်တွဲတွေက ဝမ်းနည်းစရာတွေချည်းပဲလေ။

"အမေ"

"ဟေ"

"ညနေကျရင် ပုဝါဖြူနဲ့ တောင်ပိုင်းသွားလိုက်ဦးမယ်နော်"

"ဘာသွားရှည်မှာတုံး"

"ဆရာမအိမ်သွားမလို့ပါ"





"ညိုမတို့ ခြေရှည်တယ်နော်၊ အရွယ်ကရောက်နေပြီ၊ ဣန္ဒြေ မရဘဲ တလျှမ်းလျှမ်း လုပ်မနေနဲ့၊ ဈေးကျတယ်"

"အမေက ဈေးတင်ချင်တယ်ပေါ့ ... ဟီး ဟီး"

"ဒီကောင်မလေး"

အမေ့ကိုတော့ ပြောလို့အိုကေသွားပြီ။ ပုဝါဖြူကို လည်း ခေါ်ထုတ်လို့ လွယ်မှာပါလေ။

ညနေဘက် ပုဝါဖြူတို့အိမ်ဘက်ရောက်တော့ ပုဝါဖြူ ကို သနပ်ခါးပါးကွက်ကျားနဲ့ ယဉ်စစတွေ့ရသည်။

"သနပ်ခါးချစ်သူပေါ့လေ"

"မစနဲ့ဟာ၊ အမေ ရိပ်မိသွားဦးမယ်"

"အေးပါ၊ အဒေါ်စိုး ... သမီး ဆရာမဆီသွားမလို့ ပုဝါဖြူ ကိုပါ ခေါ်သွားမယ်နော်"

"ဘာသွားလုပ်ကြမှာတုံး"

"ဘာရယ်မဟုတ်ပါဘူး၊ ဆရာမက စာစစ်ပြီး ပြန်လာတင် ဆိုတော့ အခြေအနေ သိချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အေး အေး ... သွားကြလေ"

အဆင်ပြေမှပဲ သက်ပြင်းချနိုင်တော့သည်။

မြို့ဦးစေတီကို စက်ဘီးနဲ့ထွက်ခဲ့ကြသည်။ ဒါတောင် မြို့ဦးစေတီဘက်ကိုသွားတာ အဖေတို့အသိတွေတွေ့မှာ စိုးမိသေးသည်။

ပုဝါဖြူရော ညိုမပါ ရင်တွေ အရမ်းခုန်နေကြသည်။

မြို့ဦးစေတီဘက်မှာ တခြားစုံတွဲနဲ့ တွေ့မှာလည်း စိုးသည်။

ဆိုင်ကယ်နှစ်စီးတော့ လှမ်းမြင်နေရသည်။ မြင်ရုံနဲ့ မိုးထိ ဆိုင်ကယ်မှန်း သိလိုက်သည်။ ဒီမြို့မှာ မိုးထိဆိုင်ကယ်က အကောင်းဆုံးလို့ သတင်းကြီးတာကိုး။

မိုးထိနဲ့ ကိုမင်းကို ဘုရားတောင်ဘက်က ကုက္ကိုရိပ်မှာ ကျွဲခတ်နေတာ တွေ့ရသည်။

ယောက်ျားလေးတွေလည်း ဒီကစားနည်းကို သဘောကျတာပါလား။





မိုးထိက သူမတို့ကိုမြင်တော့ ပြေးလာပြီး ...

"ဖြူဖြူ လာသားပဲ၊ ကိုယ်က လာမှလာပါ့မလားလို့ စိုးရိမ်နေတာ၊ ညိုမ စာမေးပွဲဖြေနိုင်လား"

မိုးထိက ပုဝါဖြူကိုပြောရင်း ညိုမကိုပါ မေးလိုက်သေးသည်။

"အရမ်းကြီးတော့ အားမရဘူး၊ အောင်စာရင်းထွက်မှပဲ ဖြေနိုင် မဖြေနိုင် သိရမှာပဲ"

"ကောင်းပါ့၊ ဖြူဖြူ အောင်စာရင်းထွက်တဲ့နေ့ အဖြေပေးရမယ်နော်"

ပုဝါဖြူကတော့ ဘာမှ မပြောရဲဘဲ ခေါင်းငုံ့လို့။

ကိုမင်းက ညိုမကို ...

"ဟိုတစ်ယောက်က ဘာလို့ သူတို့နား ကပ်နေတာလဲ၊ အလိုက်ကိုမသိဘူး"

"အောင်မာ ... အလိုက်သိရအောင် သူတို့က သမီးရည်းစား တောင် မဖြစ်သေးဘူး၊ ဘာလို့ ရှောင်ပေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပုဝါဖြူကလည်း ညိုမလက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

"ဖြူဖြူ ကြာသပတေးနေ့တိုင်း လာနော်"

"အမေဆူလိမ့်မယ်၊ အမေသိသွားရင် မလွယ်ဘူး"

"အဲဒါဆို တစ်ပတ်ခြားတော့လာပါကွာ၊ ကိုယ် ဖြူ့မျက်နှာလေးကို တစ်လ နှစ်ခါတော့ တွေ့ခွင့်ပေးပါကွာ၊ နော် ဖြူဖြူလေး"

✧ ❤ ✧

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ စ-လွှာ(ဝ)၊ ဇေယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





တစ်ပတ်ခြားတစ်ခါ မြို့ဦးစေတီမှာ တွေ့ဖြစ်ကြ၏။ ပုဝါဖြူကလည်း တွေ့ချင်နေတာလေ။ အောင်စာရင်းထွက်တဲ့နေ့မှ အဖြေပေးဆိုလို့သာ အောင့်ထားတာ။ တကယ်ဆို ပုဝါဖြူ အဖြေပေးချင်နေပါပြီ။

မိုးထိက ပုဝါဖြူနဲ့တွေ့တိုင်း ငှက်ရုပ်ကလေးတစ်ရုပ်ပေးသည်။ မိုးထိ ကိုယ်တိုင်ခေါက်ထားသော စက္ကူငှက်ရုပ်ကလေးပါ။

ပုဝါဖြူကလည်း အမှတ်တရ သိမ်းထား၏။ ပုဝါဖြူ ကြည်နူးရသလို ညိုမကလည်း ပုဝါဖြူအတွက် ဝမ်းသာနေသည်။ မိုးထိက တကယ်ချစ်တဲ့ ပုံစံပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ ကိုမင်းကလည်း သူ့အတွဲနဲ့လာသဖြင့် ညိုမတစ်ယောက် အားငယ်သလိုလို အားကျသလိုလို ဖြစ်ရသေးသည်။

မိုးထိက တွေ့ရင်လည်း ဘာမှမပြောပါ။ ပုဝါဖြူ မျက်နှာကိုပဲ တစိမ့်စိမ့် စိုက်ကြည့်နေတတ်သည်။

ပုဝါဖြူကလည်း ကြည့်လေ ရှက်လေ။ မျက်နှာ ဟိုလွှဲ၊ ဒီလွှဲနဲ့။

ပုဝါဖြူရှက်လေ မိုးထိက တမင်ပိုကြည့်နဲ့ ပျော်စရာ၊ ရင်ခုန်စရာ ကောင်းလှပါသည်။

ညိုမ မအားတဲ့ရက်က မတွေ့လိုက်ရတာကိုလည်း နှစ်ယောက်လုံး အလွမ်းတွေ ရင့်ခဲ့ကြသေးသည်။

ညိုမ မပါဘဲ ပုဝါဖြူ တစ်ယောက်တည်းတော့မသွားရဲပါ။

သူမတို့ဆုံမယ့် ညနေမှာ ညိုမက နေမကောင်း၍ သူ့အိမ်က အပြင်ပေးမထွက်ခဲ့။ ထို့ကြောင့် ပုဝါဖြူကလည်း မသွားဖြစ်တော့။





ကိုမင်းကောင်မလေး စနည်းလာနာတော့ ညိုမ နေမကောင်း၍ မလာဖြစ်ကြောင်း သတင်းပါးလိုက်ရသည်။

ထိုနေ့က ပုဝါဖြူ အလွမ်းနဲ့ စတင်မိတ်ဆက်ရတာပါ။ အရင်ရက်တွေ မတွေ့ရတာကို ဘယ်လိုမှ မနေပေမယ့် တွေ့ရမယ့်ရက်မှာ မတွေ့ရတာကိုတော့ မခံစားနိုင်ပါ။ အဲဒီညက သူ့ကို တော်တော်လွမ်းသွားသည်။

ချစ်စနိုးနဲ့ စိုက်ကြည့်တတ်တဲ့ မိုးထိပုံရိပ်တွေကို မြင်ယောင်ကာ အိပ်လို့တောင်မပျော်နိုင်။ လွမ်းလွန်းလို့ အိပ်ရာထဲ မျက်ရည်တောင် နိုးကျမိ၏။

သေချာတာက ပုဝါဖြူ မိုးထိကို သိပ်ပြီး ချစ် မိပါပြီ။

မိန်းကလေးအချစ်က ယောကျ်ားလေးအချစ်ထက် ပိုပြီး နူးညံ့သိမ်မွေ့ပေမယ့် ပိုပြီးတော့လည်း ခိုင်မာမြဲမြံကာ အင်အားကြီးလှပါသည်။

တော်ရုံနဲ့ မငြိတွယ်တတ်သလို တွယ်တာမိရင်လည်း သံယောဇဉ် ဖြတ်ရခက်လွန်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ယောက်ျားလေးတွေက လွှယ်လွှယ်လေး လိမ်ညာတတ်သလို မိန်းကလေးတွေကလည်း လွယ်လွယ်လေးကို ယုံတတ်ကြသည်။ သဘာဝတရားကြီး ဖန်ဆင်းပေးထားပုံများ အချိတ်အဆက်ကိုမိလို့။

အချစ်ကြီးမိသူတွေ အလိမ်ခံရရင် အသည်းကွဲမှု အင်အားကလည်း 100 % အပြည့်ပါပဲ။

အချစ်နဲ့ထိတွေ့မိသူတိုင်းဟာ ပူလောင်လွမ်းဆွတ်ခြင်းနဲ့ မဖြစ်မနေကြီးကို လက်ဆွဲနှုတ်ဆက်ရမှာပါ။ ပြီးတော့ အချစ်တစ်ခုမှာ သံသယမီးပွားကလေးများ မထိမိပါစေနဲ့။ ထိများထိလို့ကတော့ အချစ်ဆိုတာ ရေနံဆီစိမ်ထားသလို အပူမီးတွေ ဟုန်းဟုန်းတောက်တော့တာပါပဲ။

✧❤✧



ဆယ်တန်းအောင်စာရင်း ထွက်ခါနီးတော့ သူများတွေထက်ပိုပြီး ရင်ခုန်ရပါသည်။ စာမေးပွဲ အောင်စာရင်းထက် အချစ်အောင်စာရင်းအတွက် ပိုပြီး ရင်ခုန်နေမိပါသည်။

ကိုမင်းကတော့ပြောသည်။

"သေချာတယ်၊ မင်းအချစ်စာမေးပွဲလည်း ဂုဏ်ထူးထွက်မှာ"

"မတော်တဆများ သူငြင်းရင် သေပြီဆရာပဲဗျ"

"ပုဝါဖြူ မင်းကို ငြင်းရင် ငါ့ခေါင်းလာဖြတ်ကွာ"

"သေချာလှချည်လား"

"ဒီအဆင်နဲ့ ဒီအဆင်ကွာ မသေချာစရာမှမရှိတာ၊ ငါအမှန်အတိုင်း ပြောရရင် ပဝါဖြူကို မင်းအဆင့်မပြေနဲ့ ငါလို ငပွေတောင် နံပါတ်တစ်ခုအနေနဲ့ မသုံးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းကလည်းဗျာ"

"ငါက အမှန်အတိုင်း ပြောတာ၊ အတည်မပြောနဲ့နော်၊ အဖျော်အနေနဲ့တောင် နံပါတ်တစ်ခုမပေးဘူး၊ ဖီလင်မလာဘူး"

"လှပါတယ်ဗျာ"

"ရှမ်းကြိုက်နေတာကိုးကွ၊ နွားချောနေတာပေါ့ ... ဟားဟား"

ကိုမင်း အပြောတွေကြောင့် သူ့အောင့်သွား၏။ ဒါပေမဲ့ သူ ပုဝါဖြူကိုချစ်သည်။ ရှေးရေစက်ပါလာပုံပဲ။ ကိုမင်း ဘာပြောပြော သူ့ ပုဝါဖြူမှ ပုဝါဖြူပဲ။

ခုနေ ပုဝါဖြူကို ပပဝတီနဲ့ လဲပေးပါ ဆိုရင်တောင် သူ မလဲနိုင်။

ယုန်ဖြူလေးလို၊ သိုးငယ်လေးလို နူးညံ့သိမ်မွေ့လွန်းလှတဲ့ ပဝါဖြူ။ အေးဆေး ငြိမ်းချမ်းလွန်းလှတဲ့ ပုဝါဖြူကို သူ မြတ်နိုးစွာ တန်ဖိုးထားစွာနဲ့ကို ချစ်မိတာပါ။





ရင်ခုန်သံရိုင်းတာလည်း မဟုတ်ဘူး။ နှလုံးသား ခလုတ်တိုက်တာလည်း မဟုတ်ဘူး။

သူ ဆရာဝန်ဖြစ်တဲ့တစ်နေ့ သူမကို လက်ထပ်မှာ။ အေးဆေးငြိမ်သက်လွန်းတဲ့ သူ့ရဲ့ကျောက်ရုပ်မလေးကို သူ့ဘေးမှာပဲ ကျောက်ချခိုင်းမှာ။ တစ်သက်တာပေါ့။

သူ့အချစ်မှာ တိကျခိုင်မာတဲ့ စီမံကိန်းတွေနဲ့အတည်ကြီးကို ချစ်တာပါ။ တစ်ခုပဲ သူကြောက်တာ။ သူမ သူ့ကို ငြင်းလိုက်ရင် ကွဲပြီ။ မျှော်လင့်ချက်တွေလွဲပြီး စီမံကိန်းတွေ ပြိုပျက်တုန်မှာ။

သူမသာ လက်ခံလိုက်ရင် အားလုံးအေးဆေး။

ရာသီဥတုကိုတော့ မိုးထိ အကဲမခတ်တတ်ခဲ့ပါ။ ရာသီဥတုဆိုတာ အထင်နဲ့အမြင် လွဲတတ်ကြောင်းကိုလည်း မိုးထိ သတိမထားမိခဲ့။ မိုးထိက ပုဝါဖြူဘက်ကိုပဲ စိတ်ပူနေခဲ့တာ။ သူ့မိဘတွေဘက်ကိုတော့ လုံးဝ စိတ်မပူခဲ့။ သူသိထားတာက သူ့မိဘတွေက သူ ဒါဆို ဒါပဲလို့ သိထားတာ။



www.burmeseclassic.com

www.burmeseclassic.com



ခုတောင် သူ့မိဘတွေ မရိပ်မိသေးလို့ သူ့နှလုံးသားလေး သာယာနေတာ။ မိုးထိအမေများသိသွားလို့ကတော့ မုန်တိုင်းတွေ၊ ဆူနာမီတွေ၊ ငလျင်ကြီးတွေ မျိုးစုံသောအန္တရာယ်တွေ ပေါ်ပေါက်လာနိုင်သည်။

ဘာပဲဖြစ်ဖြစ် တချို့ကာကွယ်လို့မရတဲ့ အန္တရာယ်တွေ ကျရောက်မယ်ဆိုရင် ကြိုမသိထားတာကပဲ ပိုကောင်းပါသည်။ စိတ်ချမ်းသာမှုလေး ဆွဲဆန့်ထားလို့ရတာပေါ့။

မိဘတွေတားရင်လည်း မိုးထိက ပုဝါဖြူကို စွန့်လွှတ်မှာမဟုတ်ဘူး။ မိုးထိဆိုတာကလည်း ကိုယ်ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်တတ်တဲ့ မိုးထိအောင်မြင့်လေ။

လောလောဆယ်တော့ ပုဝါဖြူ ပြန်ချစ်ဖို့က အရေးကြီးဆုံး ဖြစ်နေသည်။



မနက်ဖြန်ဆို အောင်စာရင်းထွက်တော့မည်။ ပုဝါဖြူရင်တွေ ပိုပြီးခုန်နေသည်။ ပုဝါဖြူ အောင်မှအောင်ပါ့မလား။ မအောင်ရင်တော့ ရည်းစားမထားချင်သေးပါ။ ညိုမကိုတောင် ပြောဖြစ်သေးသည်။ သူမ မအောင်ခဲ့ရင် မိုးထိကို ပြန်မချစ်ဘူးဟု။ ညိုမက လက်မခံ။ ဘာဖြစ်ဖြစ် ပြန်ချစ်တဲ့။

ပုဝါဖြူကတော့ ခိုင်မာသည်။ ဆယ်တန်းမအောင်ရင်တော့ သူ့အချစ်ကို လုံးဝလက်မခံ။ ဒါပုဝါဖြူ့ကံကြမ္မာကို ပုဝါဖြူကိုယ်တိုင် ကြိုးတန်းပေါ် တင်လိုက်တာပါ။

ညဘက်ကျတော့လည်း အိပ်မပျော်။ တတ်သမျှ၊ မှတ်သမျှ ဘုရားစာတွေ အကုန်ရွတ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့ အမေတို့လည်း ကောင်းကောင်းအိပ်ပျော်ပုံ မရ။

"ပုဝါဖြူ သမီး၊ မအောင်လည်း ပြန်တက်လို့ရတယ် ဝမ်းမနည်းနဲ့"

အဖေက ပုဝါဖြူကို အားပေးပါသည်။ စာမေးပွဲမဖြေခင်ကတော့ မအောင်လို့မဖြစ်ဘူးလို့ချည်း ပြောခဲ့တဲ့ အဖေက အောင်စာရင်းထွက်ကာနီးမှာ ပုဝါဖြူကို နှစ်သိမ့်ပေးသဖြင့် မိဘတွေကို ကျေးဇူးတင်ရသေးသည်။ ပုဝါဖြူက ဆိုးသွမ်းတဲ့ကလေးထဲမှာမှ မပါတာ။ ပုဝါဖြူ ပုံမှန်စာကျက်တာတွေ့နေတဲ့ မိဘတွေက စာမေးပွဲမဖြေခင်သာ တွန်းအားပေးကြတာ။ ဖြေပြီးချိန်ကတည်းက ဘာမှမပြောကြတော့။ အောင်စာရင်းကို စောင့်ရုံပဲလေ။ အောင်ဖို့နဲ့ကျဖို့ နှစ်လမ်းပဲရှိတာ။ မအောင်ရင် ကျမှာပေါ့။

ဒါကို ပုဝါဖြူ့အဖေက နားလည်ပါသည်။ ပြီးတော့ မိဘတွေက ပုဝါဖြူ့စိတ်ကို သိကြသည်။ ပုဝါဖြူက အပြင်ပန်းကြည့်တော့သာ အေးအေးလေးနဲ့ တကယ်တမ်းကျတော့ အေးတာ





မဟုတ်ဘဲ မြှိုက်စိစိလေးပါ။ ခံစားချက်ကို ဘယ်တော့မှ ဖွင့်မပြောတတ်ပေမယ့် အင်မတန်စိတ်ကြီးတတ်တာကို မိဘတွေပဲ သိတာလေ။

မြှိုက်စိစိနဲ့ ခေါင်းမာတတ်တဲ့ သူမကို မိဘတွေက အကိုင်အတွယ် သတိထားရသည်။ တစ်ဦးတည်းသောသမီးမို့ ချစ်လည်းချစ်ကာ ဖြစ်ဖြစ်မြောက်မြောက်လေးလည်း ဖြစ်စေချင်ပါသည်။

ပုဝါဖြူ့အနေက အေး၏။ ဘာမှသိပ်မစဉ်းစားတတ်။ ဖခင်ဖြစ်သူက ပညာတတ်ပီပီ စာအုပ်စာပေနဲ့လည်း မကင်းသူမို့ သမီးဖြစ်သူကို ဘယ်လိုထိန်းသိမ်းရမလဲဆိုတာ မအေထက် ပိုသိသူပါ။

ခုလည်း အောင်စာရင်းထွက်ကာနီးသဖြင့် သမီး မူ ဖျက်တာကို ရိပ်မိပေမယ့် အောင်စာရင်းကြောင့် မူပျက်တာဟုပဲ ထင်ခဲ့သည်။ အစိုးရိမ်မိဆုံးက သမီး မဖြေနိုင်လို့ ကြောက်နေတာဟုပဲ ထင်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သမီးကို ကျရင် ကျပစေဟု အားပေးခဲ့တာ။

ပုဂ္ဂါဖြူကတော့ မနက်သုံးနာရီထိ ငုတ်တုတ်ထိုင်လိုက်၊ အိပ်ရာထဲလှဲလိုက်ဖြင့် အောင်ပါစေဟု တတွတ်တွတ်ရွတ်နေမိသည်။

မိုးထိ မျက်နှာကိုလည်း မြင်ယောင်လို့ပေါ့။

ရောင်နီပျို့လာတော့ အဖေက အောင်စာရင်း သွားကြည့်ပြီ။ ညိုမအစ်ကိုနဲ့အတူ ပုဂ္ဂါဖြူနဲ့ ညိုမတို့ အဖေတို့ အပြန်လမ်းကို လည်ပင်းရှည်ရှည်နဲ့ မျှော်နေကြ၏။

အမေကလည်း ဘုရားစာရွတ်လို့။

ညိုမက အကြောတင်းသည်။

"ငါ့ကိုယ်ငါထက် နင့်အတွက် ပိုစိတ်ပူတယ် ပုဂ္ဂါဖြူ"

✧ ❤ ✧





ညိုမနဲ့ပုဂ္ဂါဖြူတို့ ရင်ခုန်နေသလို အမေနှစ်ယောက်ကလည်း ရင်တုန်နေသည်။

"ငါ့သမီးအောင်တယ်ဟေ့"

အဖေ့အသံကို သုံးခြံကျော်လောက်ကတည်းက ကြားလိုက်ရသည်။ လူကိုတော့ မမြင်ရ။

"အမေ ... အဖေ့အသံ ကြားလား"

"အေး"

ပုဂ္ဂါဖြူတို့သားအမိ ပြောနေတုန်း အဖေ့ဆိုင်ကယ်ခြံထဲဝင်လာပြီ။

"သမီး အောင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပုဝါဖြူ ပျော်လိုက်တာ။ ပိတီတွေက ဖြာခန့်။ ရင်ကလည်း သိမ့်ခနဲ ငြိမ့်ခနဲ ခုန်သည်။ အမေကတော့ ပုဝါဖြူကို ဖက်ကာ ...

"ငါ့သမီး ပညာတတ်ကြီး ဖြစ်တော့မယ်တော့"

"နေပါဦး၊ နင်တို့ပျော်နေတာ ကြည့်ပြီး ငါတို့သားအမိက တငန့်ငန့်နဲ့ မောင်ကျော်စွာ၊ ငါ့သမီး‌ရော မပါဘူးလား ညိုမရော အောင်လား မောင်ကျော်စွာ"

အဖေ မျက်နှာပျက်သွားသည်။ ညိုမ အမေကို မကြည့်ဘဲ မျက်နှာလွှဲ၍ ခေါင်းယမ်းသည်။

"ဟင် ..., မိညိုမ"

ညိုမအမေက ခေါ်ရုံရှိသေး ညိုမက ထွက်ပြေးတော့သည်။

"ညိုမ လာခဲ့စမ်း၊ မပြေးနဲ့"

"မပြေးရင် အမေရိုက်မှာပေါ့"

"ပုဝါဖြူ့အတွက်တော့ ဝမ်းသာပါရဲ့၊ ငါတို့အိမ်ကဟာ အတွက်တော့ သေချင်တာပဲ"





ပြောပြောဆိုဆိုနဲ့ ညိုမအမေ အိမ်ပေါ်ကဆင်းသွားသည်။

"ကိုကျော်စွာ ညိုမ ကျတာကို မသိလို့၊ ကျုပ်တို့က အားရဝမ်းသာကြီးတွေ လုပ်ပြမိပြီထင်တယ်"

"ဘာဆိုင်လဲကွာ၊ ကိုယ့်သမီးအောင်လို့ပျော်တာပဲ၊ နားလည်မှာပါကွာ"

"ပုဝါဖြူကတော့ ညိုမ မအောင်တာ စိတ်မကောင်းဘူး အမေရယ်၊ ညိုမနဲ့အတူတူ ကျောင်းတက်ချင်တာ"

"သမီးရယ် ... ညိုမ မှာပါလည်း သူငယ်ချင်းအသစ်တွေ ရပါမှာပါကွယ်"

ညိုမက စာမေးပွဲကျတော့ ပုဝါဖြူ မြို့ဦးစေတီကို သွားချင်တာကို အောင့်ထားရသည်။ ပုဝါဖြူတစ်ယောက်တည်း မသွားရဲ။

ညိုမကလည်း လိုက်နိုင်မှာမဟုတ်။ ဒုက္ခပါပဲ။

"သမီး ဘာလိုချင်လဲပြော"



www.burmeseclassic.com

www.burmeseclassic.com



"မလိုချင်ပါဘူး အမေရယ်၊ ကျောင်းဆက်တက်ဖို့က ကုန်ဦးမှာ၊ ကျောင်းဆက်တက်ခွင့်ရရင်ပဲ တော်ပါပြီ"

"လိမ္မာလိုက်တဲ့ သမီးရယ်၊ ကဲ ... မေမေ ဒီနေ့ သမီး ကြိုက်တတ်တဲ့ အုန်းထမင်းနဲ့ကြက်သားဟင်း ချက်ပေးမယ်"

"မမြ ... ငါ့သမီးကို ဝမ်းဆက်လေးငါးစုံလောက် ချုပ်ပေး လိုက်၊ တက္ကသိုလ်တက်ရင် တူတူတန်တန်ဖြစ်အောင်"

"ချုပ်ပေးရမှာပေါ့တော့၊ ကျုပ်ကိုယ်တိုင် ရင်ဖုံးလေးတွေ၊ ရင်စေ့လေးတွေကို လှလှလေး ချုပ်ပေးဦးမှာ"

အဖေနဲ့အမေကလည်း ပျော်နေသည်။ ပုဝါဖြူက တော့ မြို့ဦးစေတီကို ဘယ်လိုသွားရမလဲပဲ စဉ်းစားနေမိသည်။

Kingဂုဏ်ထူး ဘယ်နှခုပါလဲ သိချင်သည်။ ပုဝါဖြူ သိချင်တာကို အဖေက ပြောလိုက်သဖြင့် အတော်ပဲဖြစ်သွားသည်။

"မိုးထိအောင်မြင့်ကတော့ ဘာသာစုံဂုဏ်ထူးဗျာ၊ တော် လိုက်တဲ့ကလေး"

"သူ့အဖေနဲ့ သူ့အမေ ပိုပြီး မာန်တက်လို့ ရသွားတာပေါ့"





အမေ့စကားကို အဖေက ထောက်ခံသည်။

"အင်း ... နဂိုကမှ သူတို့သားကို သည်းတာ၊ ခုဆို ပိုဆိုး ပြီပေါ့"

မိုးထိကို အဖြေပေးကာနီး ကြားရတဲ့ စကားတွေက နားဝမှာ မသက်သာပါ။

"ကဲ ... ငါ စက်ထဲသွားလိုက်ဦးမယ်၊ ဒီနေ့ မိုးထိအတွက် ဆန်စက်ထဲမှာ ပါတီပေးမှာတဲ့၊ ဒံပေါက်ချက်ဖို့ စီစဉ်ရဦး မယ်၊ သမီး ... ဖေကြီး သွားလိုက်ဦးမယ်"

"အဖေ သူတို့ဒံပေါက်မစားခဲ့နဲ့နော်၊ အိမ်မှာ အုန်းထမင်း ပြန်စား"

"အေးပါ သမီးရဲ့၊ ဩော် ... အုန်းသီးနဲ့စားပေး မိန်းမရေ၊ ငါ ခွဲပေးခဲ့မယ်"

အဖေက အုန်းသီးခွဲပေးပြီး ထွက်သွား၏။ ပုဝါဖြူ က အုန်းခြစ်ယူကာ အုန်းသီးခြမ်းတွေကို ခြစ်သည်။

မိုးထိအတွက် ပါတီပေးမှာဆိုတော့ မိုးထိလည်း မြို့ဦးစေတီကို ဘယ်လာလို့ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ညိုမ ရောက်လာသည်။

"ပုဝါဖြူ … ငါနဲ့ ခဏလိုက်ခဲ့ဟာ"

"ဘယ်လဲ"

"စိတ်ညစ်လို့ဟာ၊ ဘုရားကြီးဘက် သွားချင်လို့"

"ခဏလေးနော်၊ ငါ အမေ့ကိုပြောလိုက်ဦးမယ်၊ သမီး လိုက်သွားရမလား အမေ"

"ဒီနေ့ အောင်စာရင်းထွက်တာဆိုတော့ မြို့ထဲမှာ လူရှုပ်နေမှာပေါ့၊ အိမ်မှာပဲ နေပါလား ညိုမရယ်"

"ခဏပါပဲ အေါလေး မကြာပါဘူး၊ သမီး ညစ်နေလို့"

"အေး … သွားချင်လည်းသွား၊ ခဏပဲနော်၊ ပြီးရင် အိမ်မှာ အုန်းထမင်းပြန်လာစား"

"ဟုတ်ကဲ့"

နှစ်ဦးသား စက်ဘီးကို ခပ်တည်တည်နင်းရင်း …

"ဒီနေ့ မိုးထိအိမ်မှာ ပါတီရှိတယ်တဲ့၊ သူလာပါ့မလား မသိဘူး ညိုမရဲ့"





"ဒီကိစ္စကို မလှာဘဲ နေမလားဟဲ့"

"ငါက နင်မလာတော့ဘူး ထင်နေတာ"

"နင့်ကိစ္စက. အရေးကြီးတာကို ငါမလာဘဲနေပါ့မလား"

"ညိုမ်ရယ်"

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



မြို့ဦးစေတီမှာ ဆယ်တန်းအောင်တဲ့သူတချို့ရော ကျတဲ့သူတချို့ပါ ရှိနေကြသည်။

အောင်လို့လာတဲ့ သူရော၊ ကျလို့လာတဲ့သူပါ ရှိသည်။

သူငယ်ချင်းအဖွဲ့လိုက်ရော၊ သမီးရည်းစားတွေပါ ရှိသည်။

ဘာသာစုံဂုဏ်ထူးနဲ့အောင်တဲ့ မိုးထိလည်း ရောက်နေသလို စာမေးပွဲကျထဲ့ ကိုမင်းလည်း ရှိသည်။

ဒီနှစ်က အောင်ချက်မကောင်းပေမယ့် အောင်တဲ့သူတွေကြတော့လည်း ဂုဏ်ထူးပါတဲ့သူများကြသည်။

စဉ်းစားစရာပဲ။





"မင်း ဆေးကျောင်းဆက်မှာပေါ့"

"ဆရာဝန်ဖြစ်မှ ဂုဏ်ရှိတာလည်း မဟုတ်ပါဘူး၊ ဂုဏ်သိက္ခာမရှိတဲ့ ဆရာဝန်တွေတပုံကြီးပဲ၊ ငါဖြစ်ချင်တာက လူ့အသက် လူတွေရဲ့ နာကျင်ခံစားရတဲ့ ဝေဒနာတွေကို ကုသပေးချင်တာ"

"ကောင်းပါတယ်ကွာ၊ ဒါပေမဲ့ မင်း အဲလိုတွေ လေ့လာပြီးရင် မင်းလည်း အထူးကုဆရာဝန်ပဲ ဖြစ်သွားမှာပါကွာ၊ အဲဒီအခါ အလိုလို အသပြာဆရာဝန် ဖြစ်သွားမှာပါ"

"အထူးကုဆရာဝန်တိုင်း မင်းပြောသလို မဟုတ်ပါဘူးကွာ၊ လက်ချိုးရေတွက်လို့ရတဲ့ စေတနာနဲ့ အထူးကုပေးတဲ့ ဆရာဝန်တွေလည်း ရှိမှာပါ၊ လူနာတစ်ယောက်ဟာ ဆေးမဝယ်နိုင်လို့ သေတော့မှာကိုသိတဲ့ ဆရာဝန်၊ ဆေးသာရှိရင် အသက်ရှင်မှာကိုသိတဲ့ ဆရာဝန်တွေက ကိုယ့်မှာရှိတဲ့ စေတနာနဲ့တော့ ထုတ်ပေးပြီး ကုသပေးမှာပါ၊ လူနာတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို သေချင်သေပဟဆိုပြီး ပစ်ထားတဲ့ဆရာဝန်တော့ မရှိလောက်ပါဘူး"

"မင်းစကားတွေကို ဒီမြို့ဦးစေတီမှာ ပြောခဲ့တာနော်၊ မင်း ဘယ်တော့မှ မမေ့ပါစေနဲ့လို့ ဆုတောင်းပါတယ်ကွာ"

"စိတ်ချ ကိုမင်း၊ မိုးထိ ဆိုတဲ့ကောင်က သိက္ခာကို ရိက္ခာ နဲ့ ဘယ်တော့မှ မလဲဘူးကွ"

သူတို့ စကားကောင်းနေတုန်း ပုဝါဖြူနဲ့ ညိုမတို့ ရောက်လာသည်။

ပုဝါဖြူနဲ့ညိုမကို အရင်ရောက်နှင့်နေတဲ့ ကောင်မလေးတွေက နှုတ်ဆက်နေကြသဖြင့် သူတို့အနားကို မလာနိုင်။

ဘုရားမှာ လူတွေအများကြီးဆိုတော့ ပုဝါဖြူလည်း သူ့ဆီမသွားရဲ။

အဖြေပေးဖို့ဆို ပိုခက်သည်။

မိုးထိတို့ကလည်း သိပါသည်။

ကိုမင်းက ...





"မင်းတို့ အေးဆေးစကားပြောလို့တော့ ရမှာမဟုတ်ဘူး၊ နှုတ်ဆက်သလိုလိုနဲ့ ဖော်ရှောရိုက်ပြီး အဖြေကို မသိမသာ တောင်းမှရမယ်၊ မဟုတ်ရင် မင်းတို့သတင်းက ညတွင်းချင်းပျံ့သွားလိမ့်မယ်"

"အေး ... ဟုတ်တယ်၊ ငါက ကိစ္စမရှိဘူး၊ ကြည်ညာရဲတယ်၊ သူ့ဘက် ကြည့်ရမယ်"

"ငါတို့နှုတ်ဆက်သလိုလိုနဲ့ပဲ သူတို့နားသွားမှာလား"

"ဘေးမှာ တခြားကောင်မလေးတွေနဲ့ဆိုတော့ မလွယ်ဘူး၊ သူတို့ ခဏခွဲထွက်လာရမှာ"

သူတို့ကြည့်နေတုန်း ညိုမက ပုဝါဖြူလက်ကိုဆွဲကာ သူတို့ဘက်လျှောက်လာသည်။

"King ဘာကျွေးမှာလဲ၊ ဘာသာစုံဆို"

"ကျွေးမှာပါ ဘာစားချင်လဲပြော"

"ကိုမင်း ... အောင်လား"

"မေးမနေနဲ့ နင်နဲ့ အတူတူပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘာညာသာရကာ လျှောက်ဖောရင်း ကိုမင်းက သူ့ကို မျက်စပစ်ပြသည်။

"ဖြူဖြူ ... ကိုယ့်ကိုချစ်လား"

ပုဝါဖြူက ခေါင်းကြီးငုံ့ကာ ရှက်နေသည်။

"သူများတွေရိပ်မိကုန်မယ်၊ ခေါင်းငုံ့မနေနဲ့၊ ပြီးတော့ အဖြေမြန်မြန်ပေးလိုက်၊ ဒီလိုပဲစကားပြောသလိုလိုနဲ့ပဲနေ ချစ်လား"

ပုဝါဖြူက ခေါင်းကိုဆတ်ခနဲ ညိတ်ပြပြီး ...

"သွားတော့မယ်"

"ပါးစပ်က ဖြေသွားဦးလေ"

"ရှက်တယ်၊ ညိုမ သွားမယ်"

"ပြီးပြီလား၊ နင့်ကိစ္စ"

"အင်း"

သူမတို့နှစ်ယောက် ထွက်သွားတော့ ကိုမင်းကို လက်မထောင်ပြလိုက်သည်။



"သိပြီးသားပါကွာ၊ ဒီအဆင်နဲ့ ဒီအဆင်"

ကိုမင်းပြောတာ မှန်နေပေမယ့် သူ မကြိုက်ပါ။ အထူးသဖြင့် ပုဝါဖြူကို နှိမ်ချတာကို မကြိုက်တာ။

✧ ❤ ✧

www.burmeseclassic.com

www.burmeseclassic.com



ပုဝါဖြူနဲ့ မိုးထိတို့ အဖြေပေးပြီး ပထမဆုံးချိန်းတွေ့တဲ့ ကြာသပတေးနေ့မှာ မိုးထိက ပုဝါဖြူကို ချစ်ဖြူဟု ခေါ်ခဲ့ကာ သူ့ကိုယ်ကိုယ်လည်း ကိုမိုးဟု သုံးနှုန်းခဲ့၏။

"ကိုယ်က သူများတွေလို ကိုကိုတွေ မောင်သွေ့မခေါ်စေချင်ဘူး၊ ကိုယ့်ကိုခေါ်တဲ့ နာမ်စားဟာ လူရှေ့သူရှေ့မှာပါ သိက္ခာရှိရှိ ခေါ်လို့ရတဲ့နာမ်စား ဖြစ်စေချင်တယ်"

"ကိုမိုး"

"အင်း ... အဲလိုပဲခေါ်၊ ကိုယ်ကတော့ ချစ်ဖြူလို့ခေါ်မယ်၊ ကိုယ်ကယောကျ်ားလေးဆိုတော့ ဘယ်လိုခေါ်ခေါ် ပြဿနာမရှိဘူး"





မိုးထိက စကားပြောကောင်းသလောက် ပုဝါဖြူကတော့ နားထောင်သမားသက်သက်ပဲ။

ပုဝါဖြူဆီက စကားဆယ်ခွန်းပြည့်အောင် တစ်ခါမှ မကြားရတတ်။

မိုးထိက ပုဝါဖြူလက်ကလေးကို စကိုင်တော့ ကြောက်ကြောက်လန့်လန့်နဲ့ အတင်းရုန်းသွားသည်။

ပုဝါဖြူကြောက်လေ မိုးထိက ပိုစချင်လေ။ ပုဝါဖြူကို ဆံပင်လေးဖွလိုက်။ နှာခေါင်းလေးဆွဲဖျစ်လိုက်။ ပါးလေးဆွဲဖျစ်လိုက်နဲ့ တစ်မျိုးပြီးတစ်မျိုးစသည်။

ပုဝါဖြူကလည်း အထိမခံဘဲ တဖတ်ဖတ်နဲ့ ရိုက်ထုတ်တတ်သည်။

"ချစ်ဖြူက တကယ် ဖြူဖြူစင်စင်နဲ့ အေးအေးလေး၊ ကိုယ်က အဲလိုပုံစံလေးကို အရမ်းမြတ်နိုးနေတာ"

ပုဝါဖြူအတွက်တော့ ကြည်နူးစရာစကားတွေပါပဲ။ ပုဝါဖြူကတော့ သူ့စွဲငြိစေမယ့် စကားမျိုးတွေ မပြောတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်မပြောပေမယ့် ပုဝါဖြူ ရင်ထဲမှာ ရည်းစားဦးကို အရူးအမူးပါ။ ပြီးတော့ သူက ပုဝါဖြူ့အတွက်တော့ တကယ့်နတ်သားလေး တစ်ပါးလို ပြီးပြည့်စုံတဲ့ ချစ်သူလေ။ သူလိုလူက ပုဝါဖြူကို တကယ်ချစ်တာ မဟုတ်ဘဲ အပျော်တွဲတတ်ဆိုရင်တောင် သူ့ကို ပုဝါဖြူ ရည်းစားဦးဆုပေးခွင့်ရတဲ့အတွက် ကျေကျေနပ်နပ် ကျန်ခဲ့ဖို့ စဉ်းစားထားပြီးသားပါ။

မြေဦးရတဲ့အထိ ပြန်လွမ်းရမယ့် ရည်းစားဦးဟာ သူဖြစ်နေရုံနဲ့ လွမ်းရရင်တောင် တန်ပါသည်။

တကယ်ပါ။ သူ့မိသားစုအကြောင်း သိထားတဲ့ ပုဝါဖြူဟာ သူ့ကို ပိုင်ဆိုင်ဖို့တော့ ယောင်လို့တောင် မတွေးမိဘဲ ကျန်ခဲ့ဖို့သာ သေချာထားသူပါ။

မိုးထိကတော့ အဲလိုမဟုတ်။ သူမအပေါ် တကယ် တလေးတနက်ကို ရည်ရွယ်ထားခဲ့သည်။ သူမကို လက်ထပ်ဖို့ အထိရည်ရွယ်ထား၏။ သူ ဆရာဝန်ဖြစ်တဲ့နေ့ သူမကို လက်ထပ်မည်။





ခုတော့ စောသေးလို့ သူမကို ဘာစကားနဲ့မှ ချည်နှောင်မထားသေးပါ။

ထိုသို့မပြောတာကိုလည်း ပုဝါဖြူက ရိပ်မိသည်။ ပုဝါဖြူ ရိပ်မိပုံကတစ်မျိုးပါ။ ပုဝါဖြူကို မိုးထိ အတည်မရည်ရွယ်၍ အနာဂတ်အတွက် စကားမစ,တာဟုပဲ ထင်ပါသည်။

သူတို့အတွေးနဲ့ သူတို့တော့ အဆင်ပြေနေကြသည်။

ဆယ်တန်းအောင်စအရွယ်ဆိုတာ ဘယ်လောက်ပဲ တည်ငြိမ်တယ် ဆိုရင်တောင် အရွယ်မရောက် လူလားတော့ မမြောက်သေးပါဘူး။ သူတို့ရဲ့ အတွေးဟာ အရွယ်ရောက်ပြီးသားလူတွေလို ပြီးပြည့်စုံမှု မရှိတတ်ပါဘူး။ သူတို့သင်ထားတဲ့ ဆယ်တန်းပညာနဲ့ သူတို့နေခဲ့ရတဲ့ ကျောင်းသားဘဝဆိုတာ အပြင်က လက်တွေ့ဘဝနဲ့ ထပ်တူမှမကျတာ။

ခုလောလောဆယ်တော့ သူတို့ ချစ်ဖို့ပဲ သိနေကြတာပါ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ကြာသပတေးနေ့တိုင်း မြို့ဦးစေတီမှာ ချိန်းတွေ့ဖြစ်ကြသည်။

ညိုမက ဆယ်တန်းကျူရှင်ပြန်တက်နေ၍ မလိုက်နိုင်တော့။

ကိုမင်းကလည်း တစ်ခါတစ်ရံ သူ့ကောင်မလေးကို ချိန်းလို့ရမှ ပါလာတတ်သည်။

ပုဝါဖြူကတော့ အကြောင်းအမျိုးမျိုးပြကာ အိမ်က ရအောင်ထွက်ပြီး သွားတွေ့သည်။

ကြာသပတေးတစ်ရက်လောက် ပျက်ကွက်ရမှာကို သေမတတ်ကြောက်တဲ့ ပုဝါဖြူပါ။ ကြာသပတေးနေ့ဆို ...။





ပုဝါဖြူအဖေက အလုပ်လုပ်ကာ အိမ်မှာမရှိတတ်။ အဖေက တစ်ပတ်လုံးနေလို့ တစ်ရက်တောင် နားချင်မှနားတာ။ တစ်ခါကြီးတရံ တော်တော်အလုပ်ပါးမှ နေ့ဝက်လောက်ပဲ ပြန်လာတတ်သူပါ။ အမေက အေးသည်။ သိပ်ထက်ထက်မြက်မြက်မရှိ။ ဒါဆို ဒါပဲသိကာ တခြားတစ်မျိုးကို ယောင်လို့တောင် မတွေးတတ်။ ပုဝါဖြူ ဆရာမအိမ်သွားမယ်ဆို ဆရာမအိမ်ပဲ တစ်ထစ်ချ ထင်တတ်သူပါ။ ဒီတော့ ပုဝါဖြူတို့ စိတ်ကြိုက်ပေါ့။

ဒီနေ့လည်း ကြာသပတေးပါ။ ပုဝါဖြူ အပြင်ထွက်ဖို့ လမ်းကြောင်းရှာနေပါသည်။

"အမေ"

"ဘာလဲ ဆရာမအိမ်သွားချင်ပြန်ပြီလား"

"မဟုတ်ပါဘူး အမေရဲ့"

"ဒါဆို ဘယ်ကြွဦးမလို့လဲ"

"ဟိုလေ ... သမီး မုန့်တီသွားသောက်ချင်လို့ပါ အမေရဲ့၊ ဈေးနားကလေ၊ ဝက်ဆီဖတ်လေးနဲ့ဆို သိပ်ကောင်းတာပဲ၊ အမေ မုန့်ဖိုးပေး"



www.burmeseclassic.com

www.burmeseclassic.com



ပုဝါဖြူ မုန့်တီကြိုက်မှန်းတော့ အမေသိပါသည်။ ရခိုင်မုန့်တီကို ဝက်ဆီဖတ် ထည့်ကာစားရတာကို အမေလည်း ကြိုက်ပါသည်။

"မုန့်တီက သောက်တော့သောက် သမီးရေ၊ သိပ်အစပ်ကြီးတော့ မသောက်နဲ့နော်၊ ငရုတ်သီးက စားတိုင်းကောင်းတာမဟုတ်ဘူး၊ ရောဂါရမယ်"

"ဟုတ် အမေ၊ အမေ သမီး ငါးရာတန်လေးတစ်ရွက် ယူသွားမယ်နော်"

"အေး အေး"

"အမေရော စားဦးမလား"

"သမီးပဲစားပါ၊ အမေ ခုနပဲ ဆာဆာရှိတာနဲ့ ထမင်းစားထားသေးတယ်"

"ဒါဆို သမီး သွားပြီနော် အမေ"

"အေး အေး ... မြန်မြန်သွား မြန်မြန်လာနော် သမီး"

"ဟုတ်ကဲ့ပါ"





"စက်ဘီး ဖြည်းဖြည်းစီး"

"ဟုတ်ကဲ့"

အမေ့ရှေ့တော့ ဖြည်းဖြည်း။ အမေ့ကွယ်ရာရောက်တာနဲ့ မြို့ဦးစေတီကို အပြေးနင်းသွားရသည်။ အချိန်က သိပ်ရတာမဟုတ်။

တစ်ပတ် ထစ်ပတ် အပြင်ထွက်ဖို့ အကြောင်းတွေ ရှာရတာလည်း မလွယ်ပါ။

ဟိုရောက်တော့ မိုးထိက မရောက်သေး။ အချိန်မရပါဘူးဆိုမှ မိုးထိ မရောက်သေးတော့ လူက ပိုမောသွားသ[illegible]။

စောင့်ရင်း မျှော်ရင်း ဆယ်မိနစ်ခန့်ကြာသွားသည်။ မိုးထိ ရောက်မလာသေး။

ဆိုင်ကယ်တစ်စီးတော့ မြင်ရသည်။ သူမ မတ်တတ်ထရပ်ကာ ကြည့်နေလိုက်သည်။ အနားရောက်တော့ မိုးထိမဟုတ်ဘဲ ကိုမင်း ဖြစ်နေသည်။

"ပုဝါဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်း ... ကိုမိုး မပါဘူးလား"

"မပါဘူး၊ မိုးထိ မနက်တည်းက သူ့အမေနဲ့ ရန်ကုန်ပါသွားတယ်၊ နေ့ချင်းပြန်တဲ့၊ ဒါပေမဲ့ မိုးချုပ်မှရောက်မှာဟ"

"ဟုတ်လား"

ပုဝါဖြူလေးသံလေးက အားမရှိတဲ့ အသံလေးနဲ့။

"အေး ... ခုတောင် သူ ရန်ကုန်ကနေ ငါ့အိမ်ကို ဖုန်းလှမ်းဆက်ပြောလို့၊ ငါ အပြေးထွက်လာတာ၊ တော်ကြာနင်တစ်ယောက်တည်း စောင့်နေမှာစိုးလို့၊ ပြန်တော့ ... ပြန်တော့"

"ဟုတ်ကဲ့ ကျေးဇူးပဲ ကိုမင်း"

"ပုဝါဖြူ နောက်ဆို အဖော်နဲ့လာ၊ ဒီဘက်က လူပြတ်တယ်"

ဘာသဘောနဲ့ ပြောတာလဲတော့မသိရပေမယ့် ပုဝါဖြူကြောက်လာကာ ချက်ချင်း စက်ဘီးနင်း ထွက်လာလိုက်သည်။

သွားပြီ။ ဒီတစ်ပတ်တော့ ခွေးပါပြီ။ ကိုမိုးကလည်းဘာလို့ လိုက်သွားပါလိမ့်။ ကြာသပတေးနေ့မှန်းသိရက်သားနဲ့။





လူက မောသွားသည်။

အိမ်ရောက်တော့ အမေက ...

"သမီး မုန့်တီမထွက်လို့လား၊ ရုပ်ကြီးက စူပုပ်နေတာပဲ"

"ဟုတ်တယ် အမေ မထွက်ဘူး၊ သွားရတာမောလိုက်တာ"

"သမီး ဗိုက်ဆာရင် ထမင်းစားလိုက်ပါလား၊ သမီးကြိုက်တဲ့ ငါးခြောက်နဲ့ ခရမ်းသလွန်သီးချဉ်ရည်လေး ချက်ထားတာ သမီးရဲ့"

"ဟုတ်ကဲ့အမေ ဗိုက်ဆာငါးရာ ပြန်ထည့်ထားလိုက်ပြီ ... ာ်"

"အေး အေး ... ထမင်းစားပြီးရင် အမေ့ကို ကြယ်သီးလေး တပ်ပေးဦး သမီး"

"ဟုတ်ကဲ့"

စိတ်မပါ၍ ဘာမှ မလုပ်ချင်။ ဒါပေမဲ့ အမေကို ကူမလုပ်လို့လည်းမရ။ အမေ ညနေပေးရမယ့် အပ်ထည်တွေ မပြီးသေးလို့ သူမကို ခိုင်းနေတာ။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်သီးတွေကို တလွဲတပ်မိလိုက်၍ အမေမသိအောင် ပြန်ဖြုတ်ရသေး၏။ အပ်လည်း စူးသေးသည်။ အပ်စူးလည်း မအော်ရဲပါ။

ကိုယ့်ကိုယ်ကိုယ် မလုံလဲဖြစ်ကာ စိတ်နဲ့ကိုယ် မကပ်မှန်း အမေရိပ်မိမှာ ကြောက်နေသည်။ တစ်ရက်မတွေ့ရတာတောင် ဒီလောက်လွမ်းနေမိတာ ဝေးရမယ်ဆိုရင် ခံနိုင်ရည်ရှိပါ့မလား။

✧❤✧





မိုးထိလည်း ပုဝါဖြူနဲ့ မတွေ့ရ၍ လွမ်းလိုက်ရတာ။ ရန်ကုန်ကို သူ မလိုက်ချင်၍ ငြင်းသေးသည်။ မရပါ။ မေမေက အတင်းခေါ်နေတာနဲ့ ပါသွားတာ။

မေမေ့ပွဲရုံကိစ္စတွေနဲ့ ဘယ်မှ မရောက်ပါ။ ပုဝါဖြူအတွက် လက်ဆောင်တောင် ဝယ်ချိန်မရ။

ပုဝါဖြူတို့အိမ်မှာ "ဖုန်းမရှိတာလည်း ဆိုးသည်။ အသံလေးတောင် မကြားရ။

ညကိုးနာရီလောက်မှ အိမ်ပြန်ရောက်၍ ပုဝါဖြူဆီ သွားလို့မရတော့။

ထိုညက သူ့အတွက်လည်း ကိန္နရာချောင်းချားသလို ခံစားရသည်။ အိပ်လို့မပျော်။ ပုဝါဖြူ စိတ်ဆိုးမှာလည်း ကြောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ပုဝါဖြူဆီမှာ စိတ်ဆိုး ဒေါသဖြစ်မှုတော့ တစ်ခါမှ မတွေ့ရပါ။

နောက်နေ့တော့ မိုးထိ မနက်မိုးလင်းတာနဲ့ ပုဝါဖြူ တို့အိမ်ဘက် သွားချောင်းမိသည်။ ပုဝါဖြူက သူတို့အိမ်နားက ကုန်စုံဆိုင်မှာ ဈေးထွက်ဝယ်တာတွေ့တော့ အတော်ပဲဖြစ်သွား သည်။

ပုဝါဖြူကလည်း သူ့ကိုတွေ့သွားကာ ဝမ်းသာရိပ် ကလေးပြသည်။ သူများတွေ ရိပ်မိမှာစိုးလို့ နှုတ်မဆက်ပေမယ့် အလွမ်းတော့ နည်းနည်းပြေသွားသည်။

မိုးထိလည်း ကုန်စုံဆိုင်ရှေ့ ဝင်ရပ်ကာ ပီကေဝယ် သလိုလိုနှင့် ...

"ဒီညနေလာခဲ့ပါလား"

ခပ်တိုးလေး ပြောလိုက်သည်။

"နော်"

"အင်း"





နှစ်ခါပြောစရာမလိုအောင် ခေါင်းညိတ်ပြီးသားဖြစ် နေပါသည်။

မိုးထိ ဆိုင်ဘက်ထွက်သွားတဲ့အထိ ရင်တွေတုန်ပြီး ကျန်ခဲ့သည်။

ဈေးဆိုင်က ပြန်လာတော့ ...

"အမေ ညနေကျရင်လည်း မုန့်တီဆိုင်ထွက်မထွက် သွား ကြည့်လိုက်ဦးမယ်နော်၊ ဆိုင်မထွက်ဘူးဆိုမှ ပိုပြီးတော့ စားချင်နေတယ်"

"သွား ... သွား"

ပုဝါဖြူ့အမေက အရမ်းကို အေးကာ သားသမီးကို လည်း ယုံကြည်လွန်းပါသည်။

ညနေ ပုဝါဖြူ အေးအေးဆေးဆေးပဲ သွားခွင့်ရသွား ပါသည်။

မိုးထိ ဆိုင်ကယ်ကို အဝေးကြီးတည်းက မြင်ရပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဝါဖြူ စက်ဘီးပေါ်ကဆင်းတာနဲ့ မိုးထိက ပုဝါဖြူ စက်ဘီးကို ယူကာ ဒေါက်ထောက်ပေးပြီး ပုဝါဖြူ့ကို ရင်ခွင်ထဲ ဆွဲသွင်းကာ ...

"လွမ်းလိုက်တာ ချစ်ဖြူရယ်"

တစ်ခါမှ အဲဒီလို အဖက်မခံရဘူးသဖြင့် ပုဝါဖြူ ရင်တွေ အရမ်းခုန်နေသည်။

"ကိုမိုးရယ် လွှတ်ပါ"

"ချစ်ဖြူ မလွမ်းဘူးလား"

"ပုဝါဖြူ တစ်ညလုံး အိပ်မပျော်ဘူး"

"ကိုယ်ရောပဲ"

"တွေ့ရမယ်ဆိုပြီးမှ မတွေ့ရတော့ တော်တော်ခံစားရတယ် ကိုမိုးရယ်၊ ဝေးများဝေးရင် ပုဝါဖြူတော့ သေမှာပဲ"

"ဘာလို့ ဝေးရမှာလဲ ချစ်ဖြူရယ်၊ ကိုယ်တို့ ဘယ်တော့မှ မဝေးဘူး၊ ကိုယ်က ချစ်ဖြူကို လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး ချစ်တာပါကွာ၊ ကိုယ်က ဆရာဝန်ဖြစ်အောင်လုပ်မယ်၊





ချစ်ဖြူကလည်း ဘွဲ့တစ်ခုရအောင်ယူ၊ ကိုယ်ဆရာဝန်ဖြစ်တဲ့နေ့ကျရင် ချစ်ဖြူကို လက်ထပ်မယ်၊ ကိုယ် ဒီစကားတွေကို စောသေးလို့ မပြောသေးတာပါ ချစ်ဖြူရယ်"

"ဘဝဆိုတာ မျှော်လင့်သလို ဖြစ်မလာတတ်ပါဘူး ကိုမိုးရယ်"

"ဘာလို့ မဖြစ်ရမှာလဲ၊ အဲဒီစကားကို ကိုယ် လုံးဝလက်မခံဘူး မဖြစ်ဘူးဆိုတာ မရှိဘူး၊ တစ်နေ့ ကိုယ် ပုဝါဖြူကို လက်ထပ်မယ်၊ ဘာအကြောင်းကြောင့်နဲ့မှ ပျက်စရာမရှိဘူး၊ ချစ်ဖြူလည်း ကိုယ့်ကို သစ္စာရှိရမယ်နော်"

"ပုဝါဖြူက ကိုမိုးကို အသက်လို ချစ်ရတဲ့သူပါ ကိုမိုး၊ ထားရာနေ စေရာသွားမယ့်သူပါ၊ ဒါပေမဲ့ ကိုမိုးကို ချစ်ပဲချစ်ရဲပြီး ကိုမိုးနဲ့ ပတ်သက်ရင်တော့ ဘာကိုမှ မမျှော်လင့်ရဲပါဘူး ကိုမိုးရယ်၊ ပုဝါဖြူတို့က ဆင်းရဲတယ်၊ ကိုမိုးတို့နဲ့ အနေအထား ကွာပါတယ်၊ ပြီးတော့ ဆေးကျောင်းသူတွေနဲ့ ပုဝါဖြူ မယှဉ်နိုင်ပါဘူး ကိုမိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်တာ ပုဝါဖြူရယ်၊ ကိုယ်နဲ့ပုဝါဖြူက ဘာအတွက်မှ မဝေးစေရဘူး၊ ကိုယ် ဖြူ့ကို သစ္စာရှိမယ်ဆိုတာယုံ၊ တစ်နေ့ ကိုယ်လက်ထပ်မယ့် သတို့သမီးက ချစ်ဖြူပဲ”

ပုဝါဖြူ ကြည်နူးရပါသည်။ ချစ်သူဆီက သစ္စာစကားကြားရတိုင်း အရည်ပျော်တတ်တာ မိန်းကလေးတွေပါ။ ပြောသမျှယုံ ရှိသမျှပုံပြီး နောက်ဆုံးမှာ ရင်ကွဲနာကျခြင်းနဲ့ အဆုံးသတ်ရလည်း အမှတ်မရှိတဲ့အသည်းက အထပ်ထပ် အကွဲခံကြလွန်းတာလည်း မိန်းကလေးတွေပါပဲ၊ မှားတယ် မှားတယ် အော်ပြီး မှားပြီးရင်းမှားကြကာ အခါခါ အလိမ်ခံတတ်တာလည်း မိန်းကလေးတွေပါပဲ။

ခုလည်း ပုဝါဖြူ အရည်ပျော်နေပါသည်။

“ချစ်ဖြူ”

“ရှင်”

“ဆံပင်ရှည်ထားပါလား”

ပုဝါဖြူ့ဆံပင်ပုံစံက အတိုကုပ်ဝဲ ရိုးရိုးလေးပါပဲ။





“ကိုယ်က မိန်းကလေးဆို ဆံပင်ရှည်နဲ့ ပိုလိုက်တယ်ထင်တယ်”

ပြောရုံနဲ့ ပုဝါဖြူတို့ တစ်သက်လုံး ဆံပင်မညှပ်တော့ဘူးဟု ဆုံးဖြတ်လိုက်သည်။

“ကိုမိုး”

“ပြောလေ”

“ပုဝါဖြူကို ချစ်လား”

“ချစ်တာပေါ့၊ ကိုယ် တစ်နေ့ကျရင် ပုဝါဖြူကို လက်ထပ်မှာ၊ ပုဝါဖြူလည်း ကိုယ်ကလွဲပြီး ဘယ်သူ့ကိုမှ မယူရဘူး၊ ကိုယ့်ကိုပစ်ပြီး တခြားလူကိုယူရင် သုံးလောင်းပြိုင်ပဲ”

✧❤✧



www.burmeseclassic.com

www.burmeseclassic.com



ပုဝါဖြူတို့မြို့လေးက ကျဉ်းပါသည်။ မြို့ဦးစေတီဆိုတာလည်း စုံတွဲတို့ရဲ့ သစ္စာမြေ။

ဒီတော့ ပုဝါဖြူတို့ ချိန်းတွေ့တဲ့အချိန် တခြားစုံတွဲတွေလည်း ရှိတတ်ပါသည်။

ပုဝါဖြူကို မသိကြပေမယ့် မိုးထိအောင်မြင့်ကကိုတော့ ထစ်မြို့လုံးက သိကြသည်။

တစ်စ တစ်စနဲ့ ရွှေမင်းသားရဲ့ချစ်ပုံပြင်က ပျံ့နှံ့သွားသည်။

မိုးထိရဲ့မိဘတွေ နားထဲသို့ပါ တိုက်ရိုက်ပေါက်သွားသည်။

မိုးထိ အမေသိတော့ ပေါက်ကွဲသည်။ ဒါပေမဲ့ မိုးထိ မသိစေရ။ မိုးထိအဖေနဲ့အမေ ခေါင်းချင်းရိုက်ကြပြီ။





တစ်နယ်လုံးရဲ့ စီးပွားရေးကိုတောင် လက်ဝါးကြီးအုပ်နိုင်သေးတာ။ မိုးထိရဲ့ အချစ်ရေးလောက်ကတော့ ပါးပါးကလေးပါ။

"ယောက်ျား ဒီကိစ္စ အေးဆေးနေ၊ ကျုပ်ဘာသာကြည့်ရှင်းလိုက်မယ်"

"ကောင်းပြီ၊ ပွဲပြီးတာနဲ့ မီးသေပစေနော်"

"စိတ်ချပါရှင်၊ သားကလည်း မကြာခင် ကျောင်းသွားတက်ရတော့မှာပါ၊ ပြီးတော့ ကျော်စွာသမီးဆိုတော့ ကိုယ့်လက်ခုပ်ထဲကပါ၊ တုပ်တုပ်တောင်မလှုပ်စေရပါဘူး၊ ပွဲပြီးရင် မီးသေရုံတင် မရဘူး၊ ပြာပါမကျန်စေရဘူး စိတ်ချ"

"ဟား ဟား … ငါ့မိန်းမရဲ့အရည်အချင်းကို စောင့်ကြည့်ရသေးတာပေါ့"

"တော့်သား ဒီတစ်ခါတော့ တော်တော်ချာတယ်၊ ကောင်မလေးက ရုပ်ကလည်း စုတ်ပြတ်နေတာပဲ၊ သူ ဘာကြိုက်လဲမသိဘူး၊ အမယ်လေး ရင်နာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ၊ ထားလိုက်ပါကွာ၊ ဒီအရွယ်က ဒီလိုပါပဲ၊ နောက်တော့လည်း ဆေးကျောင်းသူချောချောလေးတွေကြား မှာ မင်းသား ပျော်သွားမှာပါ"

"လိုလိုမယ်မယ်သာ ကာကွယ်ထားရမှာပါ၊ တော့်သားက လည်း အတည်တော့ မကြိုလောက်ပါဘူး၊ သွေးတိုးစမ်း တာနေမှာပါ"

"ဘာပဲဖြစ်ဖြစ် သတိတော့ထား"

"ဟုတ်တယ် သားမရိပ်မိအောင် ဖြတ်ရမယ်၊ ဇာတ်လမ်း အဆက်မခံနိုင်တော့ဘူး"

"ကျော်စွာတော့ သိပုံမရပါဘူး"

"သင်းသိရင်တော့ တားမှာပါ၊ ကျုပ်တို့အကြောင်း ကောင်း ကောင်းသိနေတာပဲ"

"အင်း"

"ဟော ... သား ပြန်လာပြီ၊ ရှင် မသိချင်ယောင်ဆောင်နေ နော်"





"မင်းသာ ပိရိပါစေ"

"မေမေ ဗိုက်ဆာတယ်"

"သားလေး ဘယ်ကပြန်လာတာလဲ"

"ကိုမင်းတို့အိမ်ကပါ"

"ဪ ... အေး ... ဘာစားမလဲ သား၊ ထမင်း၊ ကော်ဖီ၊ မုန့်၊ အသီးဖျော်ရည်"

"ရပါတယ် မေမေရာ၊ ဘာပဲဖြစ်ဖြစ်"

"အချိန်က ကိုးလိုးကန့်လန့်ဆိုတော့ ထမင်းမစားနဲ့ဦး၊ မေမေ အသီးလေးခွဲပေးမယ်"

"ဟုတ်ကဲ့"

"သားကို မေကြီးက ကလေးလေးလို့ပဲထင်နေတုန်း သားရဲ့၊ ဖြစ်နိုင်ရင် ဗိုက်ခွဲပြီး ထည့်ထားလို့ရရင်တောင် ထည့်ထား ချင်တာ၊ ခုဆို သား ဆေးကျောင်းတောင် တက်တော့မယ်၊ မေမေက အစစအရာရာကို စိတ်မချဘဲ မှုပန်နေတုန်းပဲ သားရေ၊ ပြောရရင် သား တက္ကသိုလ်စတက်မှာကို ခုမှ



www.burmeseclassic.com

www.burmeseclassic.com



လမ်းစလျှောက်မယ့် ကလေးလေးလိုကို စိတ်ပူတာ၊ ငါ့သားလေး ခလုပ်တိုက်နေမှဖြင့်၊ လဲပြိုနေမှဖြင့်နဲ့ ပူနေတာ”

လက်ကလည်း အသီးခွဲနေရင်းနဲ့ သားဖြစ်သူကို တတွတ်တွတ် သွင်းနေမိသည်။

သားက ခွဲပေးစိတ်ပေးသမျှ ကောက်စားရင်း နှားထောင်နေသည်။

“သားလေး လမ်းစလျှောက်တုန်းကဆိုရင် တွေ့ကရာမြင်သမျှ အကုန်ကောက်ပြီး ပါးစပ်ထဲထည့်တော့တာပဲ၊ မေမေ့မှာလေ စိတ်ပူလိုက်ရတာ၊ တစ်ချိန်လုံး သားနားက မခွာဘဲ ကြည့်နေရတာ၊ ခုတော့ မေမေ သားကို တစိမ့်စိမ့် လိုက်ကြည့်လို့ မရတော့ဘူးပေါ့ သားရယ်”

“သားကို စိတ်မပူပါနဲ့ မေမေ၊ သား အံဆင်ပြေမှာပါ”

“ဒါပေမဲ့ သားကို ထမင်းတောင်ခွံ့ချင်နေတုန်းလေ သားရယ်”





ပြောပြီး သားဖြစ်သူကို ရင်ခွင်ထဲ ဆွဲဖက်ထားသည်။ နဖူးကို ပါးနဲ့ကပ်စမ်းရင်း ...

“သား အသီးတွေစားပြီးပြီးချင်း ရေမချိုးနဲ့ဦးနော်၊ ဗိုက်နာမယ် အစာမကြေမှာစိုးလို့”

“ဟုတ်ကဲ့ မေမေ”

✧ ❤ ✧

ပေဖူးစာ၊ ခါကြုံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါ [illegible]
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဇေယျဝတီလမ်း(ဗတိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဝါဖြူတို့ ဆယ်တန်းအောင်တဲ့အမှတ်တွေ ထွက်လာပါပြီ။ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာတွေလည်း ထွက်လာသည်။

ပုဝါဖြူအောင်မှတ်က သာမန်ပါပဲ။ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွေတက်ဖို့ အမှတ်မမီပါ။ ထို့ကြောင့် သာမန်ဘာသာတွဲတွေကိုပဲ တန်းစီလျှောက်လိုက်သည်။

မိုးထိကတော့ အမှတ်တွေ အရမ်းကောင်းပြီး ဆေးကျောင်းတစ်ခုပဲ လျှောက်ထားသတဲ့။

ပုဝါဖြူအဖေက ပုဝါဖြူကို ...

"သမီးအမှတ်က သာမန်ပဲဆိုတော့ အဝေးသင်ပဲလျှောက်ပြီး သင်တန်းတစ်ခုခု တက်ပါလား သမီး၊ ပညာရေးကောလိပ်ဖြစ်ဖြစ်၊ သူနာပြု သားဖွားဖြစ်ဖြစ် တစ်ခုခုတက်မလား"





အဖေပြောမှ သူမ သူနာပြုသင်တန်း တက်ချင်သွားသည်။

ချစ်သူက ဆေးတက္ကသိုလ် တက်မှာဆိုတော့ သူမ သူနာပြုတက္ကသိုလ်တက်တာ ပိုပြီးလိုက်ဖက်ညီပါ၏။

"သမီး သူနာပြုသင်တန်း တက်ချင်တယ် အဖေ၊ တက်ရမလား"

"သမီး ဝါသနာပါလို့လား"

ဝါသနာတော့မပါ။ သူမဖြစ်ချင်တာက ကျောင်းဆရာမ။ ဒါပေမဲ့ ...

"ဟုတ်ကဲ့ သမီး ဝါသနာပါတယ် အဖေ၊ သမီး သူနာပြုသင်တန်းတက်မယ်နော်"

"အေး ... အေး ... သမီး၊ သူနာပြုဆိုတာ မွန်မြတ်တဲ့အလုပ်တစ်ခုပါ၊ တက် တက်"

သူမ သူနာပြုသင်တန်းတက်မည်ဆိုတော့ ကိုမိုးထိလည်း ဝမ်းသာအားရ ထောက်ခံ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့၊ ကိုယ်က ဆရာဝန်၊ ချစ်ဖြူက သူနာပြု ဘယ်လောက်အတွဲညီလဲ၊ ကိုယ့်ကိုချစ်တတ်တဲ့ကောင်မလေးကို အာဘွားပေးဦးမှပဲ"

"ကိုမိုးနော်"

"တစ်နေ့ကျရင် ကိုယ်တို့နှစ်ယောက် အခမဲ့ဆေးခန်းလေးဖွင့်ကြမယ် ချစ်ဖြူ"

"ကိုမိုးရယ် ... စိတ်ကူးတွေ ကြီးမယဉ်ပါနဲ့နော်၊ ဆေးကျောင်းသူ သူဌေးသမီးတွေကြားမှာ ဒီစကားတွေ ရေမျောသွားမှာပါ"

"ချစ်ဖြူက ဘာလို့ ကိုယ့်ကို မယုံတာလဲ"

"ဘာလို့မယုံတာလဲ ဆိုတော့, ကိုမိုး တစ်နေ့ နားလည်မှာပါ"

"မရဘူး ... ခုပြော"

"ပုဝါဖြူကို ချစ်ရင် မမေးပါနဲ့ ကိုမိုး"

"ချစ်ဖြူကလည်းကွာ၊ လျှို့ဝှက်ချက်တွေ လာလုပ်နေသေးတယ်၊ မရဘူး ပြော"





"အဲလိုအနိုင်မကျင့်နဲ့၊ ပုဝါဖြူပြောပြီးသား၊ ပုဝါဖြူကိုချစ်ရင် မမေးနဲ့လို့၊ တစ်နေ့ ကိုမိုး ကျိန်းသေသိရမှာ စိတ်ချ"

"ပြီးရောကွာ၊ ကိုယ် အရမ်းသိချင်နေတာနော်၊ ဒါပေမဲ့ ချစ်ဖြူကို ချစ်လို့ဆက်မမေးတော့တာ"

ပုဝါဖြူက မိုးထိ ပခုံးကို မှီရင်း ...

"ဒီပခုံးကို တဝမှီထားမှ တော်ကြာ ဂျူနီယာတွေကို ဖယ်ပေးရတော့မှာ"

"ဘာ ဂျူနီယာ ... အဟား ဟား ... မိုက်တယ်ကွာ"

"ဟုတ်တယ်လေ၊ ပုဝါဖြူက ကိုမိုးရဲ့ရည်းစားဦးပဲ၊ ပုဝါဖြူက နောက်လူတွေထက်စာရင် စီနီယာပဲပေါ့"

"မဟုတ်ဘူး"

"ဟင် ... ဟုတ်တယ်"

"မဟုတ်ဘူး၊ ဂျူနီယာဆိုတာ ဘယ်တော့မှ ရှိလာမှမဟုတ်လို့၊ ချစ်ဖြူလည်း ဘယ်တော့မှ စီနီယာမဖြစ်စေရဘူး၊ စိတ်ချ၊ ချစ်သူရဲ့ ကိုယ်ရဲ့တစ်ဦးတည်းသော [illegible]



www.burmeseclassic.com

"ကိုမိုးကတော့လေ၊ ပုဂါဖြူ ကျေနပ်အောင် သိပ်ပြောတတ်တာပဲ"

"ကျေနပ်အောင် ပြောတာ မဟုတ်ဘူး၊ တကယ်ပြောတာ"

သူတို့နှစ်ဦးကတော့ မကြာခင် ကျရောက်တော့မယ့် ရင်ခွင်ခြားမုန်တိုင်းကို မရိပ်မိစွာနဲ့ ကြည်နူးပျော်ရွှင်နေကြသည်။

အချစ်ရေး အဆင်ပြေနေချိန်တွေဟာ တကယ်ပါရေသောက်လည်းချိုသလို လေကိုရှူရှိုက်ရတာလည်း မွှေးပျံ့နေတတ်ပါ၏။

ဒါကြောင့် ရှေးလူကြီးတွေက ပြောကြတာ။ ဘူနှစ်ကိုယ် တဲအိုပျက်မှာ နေရ နေရ၊ ထမင်းရည် အတူလျက်ရပါစေတော့ ပျော်နိုင်သတဲ့။

နှစ်ကိုယ်တည်းဆိုရင်တော့ ပျော်ရင်ပျော်နိုင်ပါလိမ့်မည်။ ပတ်ဝန်းကျင်နဲ့ နေရရင်တော့ ပျော်နိုင်မှာမဟုတ်။ အထူး





သဖြင့် သူ့အသိုင်းအဝိုင်း ကိုယ့်အသိုင်းအဝိုင်းနဲ့ နေကြရတဲ့အခါ တွေကျရင် တဲအိုပျက်နဲ့ ထမင်းရည်ဟာ ပြဿနာတက်နိုင်ပါ၏။

ထို့ကြောင့် တချို့သော အကြောင်းအရာတွေမှာ ပတ်ဝန်းကျင်ဆိုတာကြီးက သိပ်ကိုဒုက္ခပေးတတ်ပါသည်။

www.burmeseclassic.com



တက္ကသိုလ်ဝင်ခွင့်တွေကျလာတော့ မိုးထိက ဆေးတက္ကသိုလ်တက်ခွင့်ရပါသည်။ ပုဝါဖြူက သင်္ချာအဓိကနဲ့ တက်ခွင့်ရသည်။

မိုးထိကို သူ့မိဘတွေက ရန်ကုန်မှာ တိုက်ခန်းတစ်ခန်းဝယ်ပေးပြီး ဆေးကျောင်းတက်စေခဲ့၏။ မိုးထိအဒေါ် အပျိုကြီးက မိုးထိနဲ့ လိုက်နေပေး၏။

ပုဝါဖြူလည်း သူနာပြုသင်တန်းတက်ဖို့ ပြင်ဆင်သည်။

ပုဝါဖြူက အဆေးသင်ဆိုတော့ ရန်ကုန်ကို စနေ တနင်္ဂနွေနှစ်ရက် ပရယ်တီကယ်လ်ဆင်းရမည်။ ဒဂုံတက္ကသိုလ်မှာ





ပရက်တီကယ်လ်ဆင်းရမှာမို့ ပုဝါဖြူက သောကြာနေ့ညနေဆို အသိမယ်သီလရှင်ကျောင်းတစ်ခုမှာသွားတည်း၊ စနေ တနင်္ဂနွေကို ကျောင်းသွား၊ တနင်္လာနေ့ဆို မြို့ကိုပြန်လာလုပ်ရမှာပါ။ ထို့ကြောင့် ရန်ကုန်မှာ ကိုမိုးနဲ့ တွေ့ခွင့်ရနိုင်ပါသည်။

မေဂျာက သင်္ချာနဲ့ကျလာတော့ သူနာပြုသင်တန်းတက်ဖို့ အချိန်ချင်းညှိမရ။ သူနာပြုသင်တန်း အရင်တက်ရင်ကောင်းမလား။ ကျောင်းအရင်တက်ရင် ကောင်းမလားဆိုတော့ သူနာပြုသင်တန်းက ရန်ကုန်မှာ တက်ချင်မှတက်ရမှာ။

တချို့ဆို မော်လမြိုင်တို့ တောင်ငူတို့မှာ သွားတက်ရတာတွေရှိသည်။

သူမ လောလောဆယ် ကိုမိုးနဲ့မခွဲနိုင်သေး။ မိုးထိနဲ့ တွေ့ခွင့်ရနိုင်မယ့် ကျောင်းပဲအရင်တက်ဖို့ ဆုံးဖြတ်လိုက်သည်။

မိုးထိ ရန်ကုန်မသွားခင် ကိုမင်းတို့ ညိုမတို့ကောင်းမှုကြောင့် သူတို့မြို့က နှစ်ကျိပ်ရှစ်ဆူကို ညဘက်အတူလည်ခွင့်ရလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လည်တယ်ဆိုပေမယ့် သူတို့လျှောက်သွားမနေကြပါ။ ပွဲကြည့်စင်ဘေးက ကုက္ကိုရိပ်အောက်မှာပဲ စကားထိုင်ပြောနေကြတာပါ။

"ချစ်ဖြူ ကိုယ်လုံးဝစိတ်ချမယ်နော်၊ ကိုယ့်အပေါ် သစ္စာရှိရှိနဲ့စောင့်ရမယ်နော်"

"ကိုမိုး တခြားသူကို လက်မထပ်မချင်း ပုဂ္ဂါဖြူက စောင့်မှာပါ"

"ဘယ်လိုပြောလိုက်တာလဲကွာ"

"ပုဂ္ဂါဖြူပြောတာ ဘာမှားလို့လဲ"

"ကိုမိုးနဲ့လွဲရင် သေမှာတို့ ဘာတို့ ပြောပါလားကွာ"

"အစကတည်းက ပေါင်းဖက်ဖို့ စိတ်ကူးတောင်မယှဉ်ဘဲ ချစ်ရုံလေးပဲ ချစ်ခဲ့တာပါ ကိုမိုးရယ်"

"လာပြန်ပြီလား ဒီစကား"

"ဟုတ်တယ်၊ ပုဂ္ဂါဖြူက ကိုမိုးထက် ချို့တဲ့တဲ့သူပါ ကိုမိုးရယ်၊ အနေအထားက အရမ်းကိုကွာတယ်လေ၊ ကိုမိုး ပုဂ္ဂါဖြူကို လက်ထပ်တဲ့နေ့ကျမှပဲ ပုဂ္ဂါဖြူက ယုံရဲမှာပါ၊





အဲဒီနေ့ကျမှပဲ ပုဂ္ဂါဖြူရဲ့ဖူးစာဖက်က ကိုမိုးပါပဲ ဆိုပြီး စိတ်ချနိုင်မယ့် အနေအထားပါ ကိုမိုးရယ်"

"ဟင်း ... ခက်တယ်၊ အေးလေ ... ယုံကြည်မှုဆိုတာလည်း ဈေးအင့်လို့ ပေးလို့မရတဲ့အရာဆိုတော့လည်း၊ အေးလေ လက်ထပ်တဲ့နေ့ကျမှ ယုံမယ်ဆိုတော့လည်း ကိုယ် မပြောတော့ပါဘူး"

"ကိုမိုး ဆေးကျောင်းမသွားခင် ပုဂ္ဂါဖြူ ပြောလိုက်ချင်တာတွေရှိတယ်၊ ပြောရမှာလည်း ရှက်တယ်"

"မရှက်နဲ့ပြော ... ပြော ... ပြောစမ်းပါ၊ ပြောရမှာရှက်တဲ့ စကားတွေ ဆိုရင်တော့ နားထောင်လို့ ကောင်းမှာသေချာတယ် ... ဟီး ဟီး"

"ဟွန့် ... ကိုမိုးနော်၊ နားထောင်ကောင်းအောင် ပြောတာမဟုတ်ဘူး၊ ရင်ထဲက စကားတွေကိုပြောမှာ"

"ပြောပါ ချစ်ဖြူရယ်၊ ကိုယ်ကစတာပါ၊ ကိုယ့်ချစ်သူလေး ရင်ထဲကစကားတွေ ကြားရမှာဆိုတော့ ကိုယ် ပျော်သွားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပုဝါဖြူ ကိုမိုးကို တကယ်လေးလေးနက်နက် ချစ်တယ်သိလား၊ ပြီးတော့ ကိုမိုးကို ပုဝါဖြူ ထာဝရစောင့်နေမှာ၊ ကိုမိုး တခြားတစ်ယောက်ကို လက်မထပ်မချင်း စောင့်မှာ၊ ဒါပေမဲ့ အဲဒီစောင့်ခြင်းမှာ မျှော်လင့်ချက်တော့ လုံးဝမရှိဘူး၊ မျှော်လင့်ချက်မရှိဘဲနဲ့ ရူးရူးမိုက်မိုက်နဲ့ စောင့်နေမှာပါ၊ အဲဒါလေ ကိုမိုး ဆေးကျောင်းသားမို့လို့ မဟုတ်ဘူး၊ ကိုမိုး ချမ်းသာလို့လည်းမဟုတ်ဘူး၊ ကိုမိုးကို ကိုမိုးသက်သက် အနေနဲ့ပဲချစ်တာ၊ တကယ်လို့သာ ကိုမိုးမှာ သူဌေးသား ဆေးကျောင်းသားဆိုတဲ့ ဂုဏ်ပုဒ်တွေမရှိရင် ပိုတောင်ကောင်းမယ်၊ အဲဒါဆို ခုချိန်မှာ ကိုမိုးနဲ့ လက်ထပ်ဖို့ မျှော်လင့်ချက်ရှိရှိနဲ့ စောင့်လို့ရမှာ"

"ပုဝါဖြူရယ်"

"ကိုမိုးကို ပုဝါဖြူ အရမ်းချစ်တယ်၊ ဒါပေမဲ့ ကိုမိုး တစ်နေ့နေ့မှာ ပုဝါဖြူထက်ပိုပြီး ခင်တွယ်ရတဲ့သူ တွေ့ရင်တော့ ပုဝါဖြူကို အချိန်မရွေး မေ့လို့ရပါတယ်၊ ပုဝါဖြူ





စောင့်နေတယ် ဆိုပေမယ့် မဖြစ်မနေ ပြန်လာစရာမလိုပါဘူး၊ ပုဝါဖြူထက်ပိုပြီး လိုက်ဖက်တဲ့သတို့သမီး တွေ့ခဲ့ရင်လည်း ကိုမိုးကို ပုဝါဖြူ ခွင့်လွှတ်နိုင်ပါတယ်နော် ကိုမိုး၊ ပုဝါဖြူ့အချစ်က ကိုမိုးကို ပိုင်ဆိုင်ခွင့်ရဖို့တက် ချစ်ရတဲ့ ကိုမိုး ပျော်ရွှင်နိုင်ဖို့ကို ပိုပြီးမျှော်လင့်တာပါ"

"ပုဝါဖြူရယ်"

သူ ပုဝါဖြူ့ကို သိမ်းကျုံးဖက်ကာ မှောင်ရိပ်ကို အခွင့်ကောင်းယူပြီး ပုဝါဖြူ့ပါးနှစ်ဖက်ကို အားရပါးရ နမ်းပစ်လိုက်သည်။

"ကိုမိုးရယ် ... လွှတ်ပါ"

"မလွှတ်ပါရစေနဲ့ဦးကွာ၊ မနက်ဖြန်ဆို ကိုယ်က ကျောင်းသွားရတော့မှာ၊ မသွားခင်ကြိုပြီး အလွမ်းပြေ နမ်းပါရစေနော်"

ပုဝါဖြူ အသံတိတ်သွားသည်။ ပွဲခင်းထဲမှာ ဆူညံနေသလို သူတို့ရင်ထဲမှာလည်း ...



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းမှာထိုင်နေတဲ့ ညိုမက မျက်နှာပူသွားသည်။ သေချာမမြင်ရပေမယ့် မျက်နှာပူ၏။

"ပုဝါဖြူရေ ... ခဏနေရင် သွားရအောင်"

ညိုမ အသံပေးလိုက်၏။ ပွဲဖျက်တာတော့ မဟုတ်။ ကြားထဲက ရင်တွေ တုန်လာလို့ပါ။ ပုဝါဖြူဆီက စကားပြန်တောင် မရ။

ခဏနေတော့ ပုဝါဖြူတို့ ညိုမနားရောက်လာကာ ...

"ညို ... ညိုမ သွား ... သွားမယ်"

✧ ❤ ✧





မိုးထိ ရန်ကုန်သွားပါပြီ။ သူတို့အိမ်ကကားနဲ့သွားတာမို့ ပုဝါဖြူ လိုက်ပို့နှုတ်ဆက်ခွင့် မရပါ။

ပုဝါဖြူ ရန်ကုန်ကို ပရဲက်တီကယ်လ် သွားဆင်းမှပဲ တွေ့ရတော့မည်။

ပုဝါဖြူတို့ ပရက်တီကယ်လ် သွားဆင်းဖို့ကလည်း လိုသေးသည်။

ဒီတော့ လောလောဆယ် ဆွေးပြီပေါ့။ ဆွေးတယ်ဆိုပေမယ့် အပြည့်ဆွေးတာမျိုးတော့ မဟုတ်ပါ။

မိုးထိက ဆေးကျောင်းသူ သူ့ငွေးသမီးတွေနဲ့ ဖွေးရင် အညတရမလေး ပုဝါဖြူကို သတိရချင်မှ ရတော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိုးထိ အခုထွက်သွားတာဟာ ထာဝရ ခွဲခွာခြင်းလည်း ဖြစ်နိုင်တာပဲလေ။ ပုဂ္ဂါဖြူကတော့ တကယ်ကို စိတ်လျှော့ထားတာပါ။ မျှော်လင့်ချက်မကြီးတဲ့အတွက် ခံစားရတာ သက်သာပါသည်။

မိုးထိကတော့ မေမေတို့ ဝယ်ပေးထားတဲ့တိုက်ခန်းမှာ နေရာချရင်း စိတ်တွေက မြို့ကိုပြန်ရောက်နေသည်။

ပုဂ္ဂါဖြူ ညက ပြောလိုက်တဲ့စကားတွေက သူ့ရင်ကို လာမှန်သည်။ သူ ပုဂ္ဂါဖြူကို သနားသွားသည်။ သူနဲ့ပတ်သက်ရင် ပုဂ္ဂါဖြူက တော်တော်စိတ်အားငယ်နေပုံရသည်။

ခုတောင် ဘယ်လောက်များ စိုးရိမ်နေရှာမလဲမသိ။ သူလိုယောက်ျားမျိုးက ဆိုခဲ့စေ မြဲစေဆိုတဲ့ ယောက်ျားမျိုးပါ။ ပုဂ္ဂါဖြူရဲ့ မယုံကြည်မှုအတွက် စိတ်မကောင်းသော်လည်း သူ နားလည်ပေးနိုင်ပါသည်။

ချစ်အားငယ်နေရှာသူလေးအတွက် ခိုင်မြဲတဲ့သစ္စာတရားတွေကို အချိန်နဲ့ပဲ သက်သေပြရမည်။





ရန်ကုန်ရောက်ပြီး နောက်နေ့မှာပဲ ကျောင်းအပ်ဖို့ ပြင်ဆင်ရသည်။ ကျောင်းမှစမတက်ရသေး ကျူရှင် ကျူရှင်ဆိုတဲ့ အသံတွေက ဝဲပျံနေသည်။

ကျောင်းမတက်ရသေးခင် ကျူရှင်အရင်စတက်ရတဲ့ စနစ်က မြန်မာနိုင်ငံရဲ့ ပညာရေးဖက်ရှင်တစ်ခုလို ဖြစ်နေပါသည်။

စာကို လေးလေးနက်နက်သင်ယူတတ်တဲ့အကျင့်က ဆေးတက္ကသိုလ်ထိ စွဲမြဲလာခဲ့သည်။ ပြီးတော့ သူ့မှာ ချစ်ဖြူရှိနေတာမို့ ဘယ်မိန်းကလေးကိုမှ စေ့စေ့မကြည့်ချင်တော့။

စာနဲ့ပဲ နပမ်းလုံးနေခဲ့သည်။ ဒါပေမဲ့ စာမှစာဆိုရင်လည်း မကောင်းတာမို့ သူ ရေကူးသင်တန်းတက်ကာ Relax အဖြစ် အပတ်စဉ် ရေကူးဖို့ စီစဉ်ထားသည်။

ပြီးတော့ သူတို့မောင်မယ်သစ်လွင်ကြိုဆိုပွဲလုပ်ကြတော့ သူ့ကို King အဖြစ် ရွေးချယ်ကြသည်။ ဆေး Queen နှင့် သူ့ကို စင်တင်ပွဲထုတ်ကြတော့ ဆေး Queen ကို ကြည့်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကို နူးညံ့အိစက်သော မိန်းမလှလေးပါ။ ဒါပေမဲ့ သူ ရင်မခုန်ခဲ့။ တကယ်ပါ။ ပုဝါဖြူထက် အများကြီး လှပသာလွန်သော မိန်းမလှလေးကို တွေ့တာတောင် သူ ရင်ခုန်လို့မရ။

ဆေးကင်းက စာကြမ်းပိုး ဆိုတဲ့စကားသံကလည်း ကျောင်းထဲမှာ နေရာအနှံ့ ပျံ့နှံ့သွားခဲ့ပါသည်။

ကွင်းန်ကလည်း သူ့ကို အဖက်မလုပ်တဲ့ကင်းကို မေတ္တာပို့နေပါသည်။ အာ့ထာလုပ်တာလား။ မာနကြီးတာလား။ စာကြမ်းပိုးရုပ်လည်း မပေါ်ပါဘူးနဲ့ အမျိုးစုံ မှတ်ချက်ချသံတွေလည်း ကြားရပါသည်။

ဒါပေမဲ့ သူကတော့ ဝေဖန်ပြောကြား အပြစ်စကားတွေကို ဂရုစိုက်တတ်သူ မဟုတ်ပါ။ သူ့အသိစိတ်ထဲမှာ ရှိတာက သူ့ချစ်သူနဲ့ ကျောင်းစာပဲ ရှိ၏။

✧❤✧



မိုးထိကို ကျောင်းပို့ပြီးတာနဲ့ မိုးထိအမေက ဇာတ်လမ်းစပါတော့သည်။ ပုဝါဖြူ့အဖေကို ခေါ်ကာ ...

"ကိုကျော်စွာရေ ... ကျွန်မ ကိုကျော်စွာနဲ့ တိုင်ပင်စရာလေး ရှိလို့"

"ဟုတ်ကဲ့ပါခင်ဗျ ပြောပါ"

"မပြောမပြီး မတီးမမြည်မို့သာပြောရမှာ၊ ပြောတော့မပြောချင်ဘူး"

ဦးကျော်စွာ ရင်ထိတ်သွားပြီ။ မိမိကို အလုပ်ထုတ်မလို့လားမသိ။ သမီးလေး ကျောင်းတက်ကာနီးမှ အလုပ်ပြုတ်ရင်တော့ ဒုက္ခပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

မိုးထိအမေက မပြောသေးဘဲ သက်ပြင်းချနေသည်။

"ဒီလို ကိုကျော်စွာရယ်"

"ဟုတ်ကဲ့"

"ကျွန်မသား ငယ်ငယ်တည်းက မိတ်ဆွေတစ်ယောက်ရဲ့ သမီးလေးနဲ့ စပ်ဟပ်ထားပြီးသားရှိနေတယ်၊ လူကြီးချင်း ကတိကဝတ်ပြုတဲ့ သဘောလေးပေါ့၊ ကလေးတွေတော့ မသိဘူး"

"ဟုတ်ကဲ့"

တစ်ခါမှမကြားဘူးသောကိစ္စမို့ ထူးဆန်းသွားသော်လည်း အံ့တော့မအံ့သြပါ။ ဒါမျိုးတွေက ရှိတတ်တာပဲ။ အံ့သြတာက မိမိကို ဘာလို့ပြောပြနေတာလဲဟုသာ။ ကြုံလို့ပြောတာမျိုး မဟုတ်ဘဲ တကူးတကခေါ်ပြောရတဲ့အကြောင်းရင်းက ဘာပါလိမ့်။

"တစ်ဖက်ကလည်း ဆွေကြီးမျိုးကြီးဖြစ်နေတော့ ကတိဖျက် ဖို့ကလည်း ခက်နေတယ်၊ ခက်တယ် ကိုကျော်စွာ၊ မိတ်ဖျက်





ခံနိုင်တယ်ဆိုရင်တောင် စီးပွားရေးတွေက စပ်ဆက်နေသေးတယ်၊ ဖြစ်နိုင်ရင်တော့ သားလေးကို စိတ်ချမ်းသာစေချင်တာ ... ဟင်း"

ဦးကျော်စွာ ခုထိ ဘာမှနားမလည်သေး။

"ကျွန်မတို့သားကို ဘယ်လောက်ချစ်တယ် အလိုလိုက် အကြိုက်ဆောင်တတ်တယ်ဆိုတာ ကိုကျော်စွာ သိပါတယ်၊ သူ့ကို လိုတရဲထားတာ၊ ကျွန်မ မှားတာပါ၊ ကျွန်မ အရှည်ကိုမတွေးဘဲ မိတ်ဆွေတွေနဲ့ ကတိထားခဲ့မိတာ၊ ခုတော့ သား အိမ်ထောင်ရေးကိစ္စမှာ သားနဲ့ကျွန်မတို့ သဘောထားကွဲလွဲပြီထင်တယ်၊ သားတော့ အထင်လွဲတော့ မှာပဲ"

ဦးကျော်စွာ မထောက်ခံမိ။ ဘာမှန်းမှ မသိတာ။ ဘာပြန်ပြောရမလဲ မသိသေး။

"သားချစ်သူနဲ့ သဘောတူပေးလို့ မရတာကို တော်တော် စိတ်မကောင်းဖြစ်နေတာ၊ ပိုဆိုးတာက ကလေးမလေးက



www.burmeseclassic.com

www.burmeseclassic.com



လူရင်းတွေဖြစ်နေတယ်၊ ကိုကျော်စွာ ကျွန်မအရမ်းအားနာတယ်"

"ဗျာ"

"ဟုတ်တယ် ... ပြောမထွက်လို့ ဒီလောက်ပျိုးနေတာ ကိုကျော်စွာရေ၊ သားလေးနဲ့ ကိုကျော်စွာ့သမီး"

"ဗျာ"

"သိတယ် ... သိတယ်၊ လန့်သွားမယ်ဆိုတာ သိတယ်"

"သမီး ... သမီး ကျွန်တော့်သမီးနဲ့"

"ဟုတ်တယ်၊ ကျွန်မသားနဲ့ ကိုကျော်စွာ့သမီးလေးတို့ မေတ္တာမျှနေကြတယ်"

"ဗျာ"

"ကျွန်မပြောပြခဲ့သလိုပေါ့ ကိုကျော်စွာရယ်၊ ကျွန်မဘက်မှာလည်း ကျွန်မအခက်အခဲနဲ့ ကျွန်မဆိုတော့"

"ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော့်သမီးကို ကျွန်တော် ဆုံးမပါ့မယ်"





"အို ... မလုပ်ပါနဲ့၊ မဆုံးမပါနဲ့"

"ဗျာ"

"ဟုတ်တယ်၊ ကျွန်မတို့ စိတ်လိုက်မာန်ပါ လုပ်လို့မဖြစ်ဘူး၊ ကလေးတွေကို ဆုံးမလိုက်လို့ သူတို့လန့်ပြီး တစ်ခုခုလုပ်လိုက်ရင် ဒုက္ခ"

"ဒါ ... ဒါဆို"

"ဟုတ်တယ်၊ သူတို့အကြောင်း ကျွန်မတို့သိတယ်ဆိုတာ သူတို့သိလို့ မဖြစ်ဘူး၊ သူတို့ကို မသိမသာ အနုနည်းနဲ့ ခွဲပစ်ရမယ်"

"ကျွန်တော်တော့ စိတ်တိုတယ်၊ ဟန်ဆောင်နိုင်မှာလည်း မဟုတ်ဘူး၊ အိမ်ရောက်တာနဲ့ ကွေးနေအောင်ရိုက်ပစ်ဦးမယ်"

"ရော ... စိတ်ကိုထိန်းပါရှင်၊ ကျွန်မ ပြောသလိုလုပ်တာက ပိုကောင်းလိမ့်မယ်၊ ဒီမှာ ကိုကျော်စွာ၊ ကိုကျော်စွာ့သမီးကို ရန်ကုန်မှာ အဝေးသင်တက်ဖို့ စီစဉ်ထားတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"မဖြစ်ဘူး၊ သူတို့ ရန်ကုန်မှာ ချိန်းတွေ့ကြမှာပေါ့"

"ဒါဆို"

"ကျောင်းပြောင်းလိုက်"

"ဗျာ"

"ဟုတ်တယ် ကိုကျော်စွာရဲ့၊ တောင်ငူက ကျွန်မတို့ပွဲရုံ လက်ခွဲကို ကိုကျော်စွာ သွားပြီး ဦးစီးပေး၊ မိသားစုကိုပါ တောင်ငူခေါ်သွား၊ ကိုကျော်စွာသမီးကိုလည်း တော်ငူ တက္ကသိုလ်ကို ကျောင်းပြောင်းပေးမယ်၊ နေ့ဖို့ထိုင်ဖို့ရော အစစအရာရာ ကျွန်မ စီစဉ်ပေးမှာ၊ ကိုကျော်စွာ ဘာမှ စရာမလိုဘူး ဘယ်လိုလဲ"

"ဒီကအိမ်ကို ဘယ်လိုလုပ်ရမလဲ၊ အိုးပစ်အိမ်ပစ်သွားဖို့က ကျွန်တော့်မိန်းမကို ခေါ်လို့ရမှာ မဟုတ်ဘူး၊ သူ့မှာ လည်း စက်ချုပ်တဲ့အလုပ်က ရှိသေးတယ်"





"စက်ချုပ်တာက ဟိုမှာလည်း ချုပ်လို့ရပါတယ်၊ အရေးကြီးတာက ကိုကျော်စွာ့မိသားစု ဒီမြို့ကနေ ခြေရာဖျောက်ဖို့ လိုတယ်၊ မဟုတ်ရင် နောက်ဆက်တွဲ အကျိုးဆက်က မကောင်းနိုင်ဘူးနော်၊ ကျွန်မဘက်ကလည်း ကျွန်မသားကို ဘာအကြောင်းပြချက်နဲ့မှ မြို့ကိုပြန်ခေါ်မှာမဟုတ်ဘူး၊ ဒါပေမဲ့ သူ့ဘာသာ ခိုးပြန်လာရင် ဘယ်လိုလုပ်မလဲ၊ ဒီတော့ သူပြန်လာစရာမလိုအောင် ကိုကျော်စွာ့သမီးကို ခြေရာဖျောက်ခိုင်းတာပဲ၊ ကျွန်မ မေတ္တာရပ်ခံတာပါရှင်"

ဦးကျော်စွာ ခေါင်းငိုက်စိုက်ကျသွားသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ပုဝါဖြူတို့ မိသားစုကို တောင်ငူသို့ ရွှေ့ပြောင်းလို

ပြီးတော့ မိုးထိဘက်ကို တစ်ကွက်ရွှေ့ပြန်သည်။

ရန်ကုန်မှာ မိုးထိ လက်ရှိနေနေတဲ့ အခန်း

ငှားထားတာပါ။

ဝယ်ထားတဲ့အခန်းကို ထန်းပြီးမရွှေ့ပေးသေး

က ပုဝါဖြူကို လိပ်စာပေးမှာစိုးလို့။ ပုဝါဖြူကို အမှားလိပ်

သိစေသည်။

ပုဝါဖြူတို့မိသားစုကို မြို့ကနေ ဖျောက်ပစ်လိုက်

မှ မိုးထိကို ဝယ်ထားတဲ့အခန်းသို့ ရွှေ့ပေးလိုက်သည်။

"ဟင် ... ဒီအခန်းက ဝယ်ထားတာ မဟုတ်ဘူး

မေမေ"





"ဝယ်ထားတဲ့အခန်းက ပြင်လို့မပြီးသေးလို့ ဒီအခန်းကို ခဏငှားထားတာ သားရဲ့။ ဝယ်ထားတဲ့အခန်းက အခုမှ ပြင်လို့ပြီးတာ"

"ဪ"

မိုးထိက ပုဝါဖြူကို အငှားလိပ်စာပဲ ပေးခဲ့မိတာ။ ကိစ္စမရှိပါဘူး။ ကိုမင်းကို လှမ်းပြောပြီး ပုဝါဖြူကို လိပ်စာပြန်ပေးလိုက်ရင်ရတာပဲ။ ပုဝါဖြူတို့အိမ်မှာ ဖုန်းမရှိတာခက်သည်။ ကိုမင်းတို့အိမ်ကိုပဲ ဖုန်းလှမ်းဆက်ရမည်။

ဒါပေမဲ့ တကယ်တမ်း ကိုမင်းဆီကို ဖုန်းဆက်တော့ ပုဝါဖြူတို့ မြို့မှာမရှိတော့တဲ့။ ပုဝါဖြူ့အဖေဘက်က အမျိုးတွေဆီပြောင်းသွားသလိုလိုနဲ့ အတိအကျမသိရသေးဘူးတဲ့။ ညီမကိုများ မှာသွားသလားဟု သွားမေးခိုင်းတော့ တောင်ငူကို ပြောင်းသွားသည်ဟု သိရပြီး လိပ်စာတော့ မသိပါတဲ့။

ထို့ကြောင့် ပုဝါဖြူ ဆက်သွယ်ရင် သူ့လိပ်စာအသစ်ကိုပေးရန်မှာထားပြီး ပုဝါဖြူဆက်သွယ်တာကိုပဲ စောင့်ဖို့ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှာ ပုဂ္ဂါဖြူကလည်း ညိုမတို့ဆီ မဆက်သွယ်မိဘဲ သူငှားထားတဲ့ လိပ်စာကိုမဲ စာတွေ တစ်စောင်ပြီးတစ်စောင် ရေးနေသည်။

ပြန်စာမရတော့ စိတ်တွေတိုကာ တစ်ဖက်ကလည်း ဆေးကျောင်းသူတွေကြားမှာ သူမကို စတင်မေ့ပြီလားဟု သံသယ ရွှန်းသေး၏။

နဂိုကတည်းက သိပ်မမျှော်လင့်ထားခဲ့တာမို့ မိုးထိ ပြန်မဆက်သွယ်တာကို တစ်ယောက်တည်း ကျိတ်ခံစားကာ ညိုမ တို့ကို လုမ်းမပြောဖြစ်ပါ။

လွဲချင်လာရင် သိပ်လွဲပေးစရာမလိုအောင် လွဲတတ်တာ ကံကြမ္မာပါပဲ။

ပုဂ္ဂါဖြူသာ ညိုမကို ဆက်သွယ်ခဲ့ရင် မိုးထိရဲ့လိပ်စာအသစ်ကို ရမှာပါ။ ခုတော့ သူမသံသယနဲ့သူမ အထင်လွဲနေပါသည်။ ပြီးတော့ မိုးထိက ရန်ကုန်ရောက်တာနဲ့ အဆက်အသွယ် ဖြတ်သွားတယ် ဆိုတာမျိုးလည်း သူမက ညိုမကို မပြောချင်ပါ။





ပုဂ္ဂါဖြူရဲ့စရိုက်ကိုက ရင်ဖွင့်တတ်သည့်စရိုက်မျိုး မဟုတ်ပါ။ မြိုစိစိနဲ့ မာကျောတတ်သူပါ။

သူမ စာတွေ ဆက်တိုက်ထည့်ပါသည်။ ဒါပေမဲ့ မိုးထိ ပြန်စာလည်းမလာ။

သူမစာတွေလည်း ပြန်ရောက်မလာ။

ဟိုဘက်မှာသာ လက်ခံမည့်သူ မရှိရင် သူမစာတွေ ပြန်ရောက်လာမှာပေါ့။ ခုတော့ လက်ခံမယ့်သူ ရှိလို့သာ စာတွေ ပြန်ရောက်လာတာပေါ့။

အမှန်တော့ ဟိုအက်လိပ်စာမှာ မိုးထိကပြောင်းသွားတော့ သဘောသားတွေ စုပြီးငှားနေကြတာပါ။ ကောင်လေးတွေစုနေကြတာဆိုတော့ ဗရုတ်ကျပြီး မိုးထိနာမည်နဲ့ရောက်လာတဲ့စာတွေကို ခပ်တည်တည်နဲ့ လက်ခံကာ ဖောက်ဖတ်ပြီး ရယ်မောစုတ်ဖြဲပစ်ကြတာပါ။

"သူ့ငနဲက ခြေရာဖျောက်သွားတာထင်တယ်၊ ကောင်မလေး သနားပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပေါ့ပါးပါးပဲ လာသမျှစာတွေကို ဖောက်ဖတ်ကြ။ စိတ်ထဲထင်တာတွေကို Comment တွေပေးကြနှင့်။

မိုးထိအမေ ရန်ကုန်လိုက်လာတော့ မိုးထိရယ်၊ မေမေရယ်၊ ဒေါ်ဒေါ်ရယ် စကားထိုင်ပြောနေတုန်း ...

"ဟယ် ... မိငယ်ရေ၊ တို့စက်ထဲက ကိုကျော်စွာသမီးလေး လင်နောက်လိုက်သွားလို့တဲ့"

"ဟင် ... ဟုတ်လား၊ ဒီနှစ်မှ ဆယ်တန်းအောင်တာမို့လား၊ အသက်တောင် မပြည့်သေးဘဲနဲ့"

"အေး ... နေဦး၊ သားလေး သိမှာပေါ့၊ သားနဲ့အတူတူပဲ ထင်တယ်၊ နေပါဦး၊ ကောင်မလေးနာမည်က ဆန်းဆန်းလေးပါ၊ ဖြူတော့ပါတယ်၊ ပုဝါဖြူဆိုလား ဟုတ်တယ် ပုဝါဖြူ ... ပုဝါဖြူ"

"ဗျာ ... ပုဝါဖြူ"

"အေး ... သား သိတယ်မို့လား၊ တောင်ပိုင်းမှာနေတယ်လေ၊ သားနဲ့ တစ်နှစ်တည်း ဆယ်တန်းအောင်တာ"





မိုးထိ ကြောင်တောင်တောင်နဲ့ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွား၏။

"သူ့အဖေကဘက်က အမျိုးတွေဆီပြောင်းသွားတာ သိပ်မကြာသေးဘူး၊ ဟိုရောက်တော့ ခိုးရာလိုက်ပြေးတာတဲ့"

"သေချာလို့လား မေမေရယ်"

"ဩော် ... သားကလည်း သူ့အဖေက မေမေတို့ဆန်စက်က မန်နေဂျာ ကိုကျော်စွာလေ"

"ဗျာ ... ဦးကျော်စွာက ပုဝါဖြူ့အဖေလား"

"ဟုတ်တယ်၊ သူ့သမီးက အသက်မပြည့်သေးလို့ ကောင်လေးဘက်ကို တရားစွဲမယ် ဘာမယ်ကြားတာပဲ၊ စွဲလည်း ကိုယ့်သမီးကမှ အပျိုပြန်မဖြစ်တော့တာပဲကွယ်၊ ပေးစားလိုက်တော့ပေါ့"

"အေးပေါ့ ပေးစားရမှာပေါ့ အစ်မရယ်၊ အဲဒီကောင်မလေးကို ငါသိပါတယ် အစ်မရယ်၊ ကြည့်တော့ အေးပုံအေးဆက်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကုပ်ကမြင်းလို့ ခေါ်တယ်၊ ကုပ်ကုပ်ကလေးနဲ့ ကမြင်းကြောထတာ၊ အေးလေ၊ ကိုကျော်စွာတော့ သနားပါတယ်၊ ရှက်ရှာမှာပေါ့"

အမေကပြောပြီး ထထွက်သွားသည်။ မိုးထိလည်း ချက်ချင်းထပြီး ဖုန်းထဆက်သည်။ ကိုမင်းကို လှမ်းမေးတော့ ကိုမင်းတို့က မသိကြ။ ပုဂ္ဂါဖြူလည်း ညီမကိုတော်း အဆက်အသွယ်မလုပ်၍ ဘာမှမသိပါ။

ကိုမင်းတို့တောင် မယုံနိုင် ဖြစ်ကြသည်။ သေချာအောင် စုံစမ်းခိုင်းထားသော်လည်း တောင်ငူနဲ့သူတို့မြို့က အလှမ်းဝေးတော့ ဘယ်လိုသွားစုံစမ်းမလဲ။

မေမေ ပြန်သွားပြီး တစ်လခန့်ကြာတော့ ပုဂ္ဂါဖြူ့အဖေက မေမေတို့ဆီ မင်္ဂလာဆောင်လှမ်းဖိတ်တဲ့သတင်း ကြားရသည်။

ကောင်လေးက ပုဂ္ဂါဖြူနဲ့ တစ်မေကျာတည်းပဲ။ သန့်ရှာပဲတဲ့။ ကောင်လေးတွေက ပိုက်ဆံလည်း ရှိသတဲ့။





"မေမေ ရန်ကုန်လာရင် ဖိတ်စာယူလာခဲ့ပါ၊ သားကြည့်ချင်လို့"

"အေး ... အေး"

မိုးထိအမေက တကယ်ပဲ ဖိတ်စာတစ်စောင်ရိုက်ကာပြခဲ့ပါသည်။ မိုးထိ တစ်ယောက် မယုံကြည်နိုင်လောက်အောင် အသည်းကွဲပါတော့သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်စွာသည် သမီးဖြစ်သူ တမှိုင်မှိုင် တတွေတွေ ဖြစ်နေကတည်းက မိုးထိနဲ့ အဆင်မပြေတော့ဘူးဆိုတာ သိနေပါသည်။

စိတ်တော့ မကောင်းပါ။ ဒါပေမဲ့ သမီးလေး အခု စိတ်ဆင်းရဲရတာက ခဏပဲခံစားရမှာ။ မတားဆီးရင် ကြာရင်ပိုဆိုးမှာပါ။ မိုးထိအမေ မဖြစ်ဖြစ်တဲ့နည်းနဲ့ ခွဲမှာ။ မိုးထိကတော့ သဘောမနော ကောင်းလေးပါ။ ဒါပေမဲ့ သူ့မိဘတွေအကြောင်း ဦးကျော်စွာ ကောင်းကောင်းသိပါသည်။

သမီး စိတ်ညစ်နေတာ တွေ့တော့လည်း စိတ်မကောင်းပါ။ ပြီးတော့ အလုပ်တောင် ဆက်မလုပ်ချင်တော့။ ဒါပေမဲ့ သမီးကျောင်းပြီးတဲ့အထိတော့ တောင်ငူမှာနေပြီး အလုပ်





ဆက်လုပ်ရဦးမည်။ ပြီးရင်တော့ မြို့မှာကျန်ခဲ့တဲ့ အိမ်နဲ့ခြံကို ရောင်းပြီး တစ်နေရာရာမှာ အခြေချဖို့ ဆုံးဖြတ်လိုက်သည်။

မြို့ကိုတော့ မပြန်ချင်တော့။ သမီး ခံစားချက်ကို ပြန်အသက်မသွင်းနိုင်ပါ။

အားတိုင်း ငှက်ရုပ်ကလေးတွေ ထုတ်ကြည့်ငေးငိုင်နေတဲ့ သမီးရဲ့ဒိုင်ယာရီစာအုပ်ကလေးကိုလည်း ရှာဖွေဖတ်ရှုပြီးပြီ။ သမီးအမေတောင် သိပုံမရသော သမီးရဲ့ဓာတ်လမ်းကို အဖေတစ်ယောက်အနေနဲ့ အဆုံးသတ်ပေးလိုက်ရတာ စိတ်မကောင်းပါ။

သမီးကို အရင်ကထက်ပိုပြီး ဆုံးမစကားတွေပြောနေရပါသည်။ ကိုယ့်ဘဝ ကိုယ့်အခြေအနေကို သိဖို့၊ စကြိုးစားဖို့၊ ရည်းစားသနာ မထားဖို့။ ပိုက်ဆံအရမ်းချမ်းသာတဲ့ သူဌေးသားသမီးတွေနဲ့ အပေါင်းအသင်းမလုပ်ဖို့။

သမီးကို သူနာပြုသင်တန်း၊ တက်ခိုင်းတော့လည်း မတက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပုဝါဖြူက လှနာပြုစုဖို့ ဝါသနာပါတာ မဟုတ်ပါ။ မိုးထိက ဆရာဝန်ဆိုရင် သူမက သူနာပြုဖြစ်ချင်၍သာ သင်တန်းတက်ချင်ခဲ့တာလေ။

မိုးထိနဲ့ အဆက်အသွယ်မရဘဲနဲ့တော့ ဝါသနာမပါတဲ့ သူနာပြုဘဝကို ခြွတ်မတိုးချင်ပါ။

ဒါပေမဲ့ သူမ သင်တန်းတစ်ခုခုတော့ တက်ချင်သည်။ တောင်ငူမှာက သင်တန်းတက်ဖို့ကလည်း သိပ်မလွယ်။

တောင်ငူပညာရေးကောလိပ်မှာ ခရစ်ယာန်ဆရာမကြီးတစ်ယောက်ရှိသည်။ အဲဒီဆရာမကြီးဆီမှာ အင်္ဂလိပ်စကားသွားတက်သည်။ ပြီးတော့ တောင်ငူမြို့ကြီးဘက်က သူမ်နဲ့ခင်တဲ့ ကရင်မလေးရဲ့အမိုးဆီမှာ ဂစ်တာတီးသွားသင်သည်။ အမိုးကမိန်းမသားပေမယ့် ဂစ်တာကို ကျွမ်းကျွမ်းကျင်ကျင်တီးတတ်သည်။ ကိုယ့်ကိုယ်ကိုယ် ဘာဝါသနာပါမှန်းတောင် မသိတဲ့ ပုဝါဖြူဟာ စိတ်ပြေလက်ပျောက်သဘောနဲ့ လုပ်ချင်ရာ လိုက်လုပ်နေမိတာပါ။





တောင်ငူမြို့ဆိုတာ ရန်ကုန်မြို့လောက် ဘဝတိုးတက်ရာလမ်းကြောင်းတွေ မများပေမယ့် နေချင်စရာကောင်းပြီး ပျော်သောမြို့တစ်မြို့ပါပဲ။

ဘာသာမျိုးစုံထွန်းကားသောမြို့၊ တက္ကသိုလ်ပေါင်းစုံသောမြို့။ စီးပွားရေးအချက်အချာမြို့တစ်မြို့လည်း ဖြစ်ပါသည်။

ရှေးမြန်မာဘုရင်တို့ရဲ့ ကေတုမတီဟာ အရမ်းစည်ကားသော မြို့တစ်မြို့ပါ။

ဒါပေမဲ့ ဘယ်နေရာပဲရောက်ရောက် အခွင့်အရေးဆိုတာ ပိုက်ဆံရှိတဲ့သူတွေအတွက်ပဲ အရေးသာတာပါ။

ကွန်ပျူတာသင်တန်းတက်ဖို့ ပိုက်ဆံမတတ်နိုင်တဲ့ ပုဝါဖြူဟာ အင်္ဂလိပ်စာတစ်ခုတော့ ပိုင်နိုင်အောင် လေ့ကျင့်မည်ဟု။ မိုးထိကိုမေ့နိုင်အောင် အင်္ဂလိပ်စာကို မဲပြီးလေ့ကျင့်လာရင်း ...။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း(၂)

ဘဝဆိုတာ အပြောင်းအလဲတွေ၊ အချိုးအကွေ့တွေနဲ့ တည်ဆောက်ထားတာပါ။

ပုဝါဖြူတစ်ယောက်လည်း အချိန်ကာလရဲ့တိုက်စားမှုအောက်မှာ အများကြီး ပြောင်းလဲခဲ့ပါပြီ။ ခုဆို ပုဝါဖြူ ကျောင်းပြီးသွားပါပြီ။ အင်္ဂလိပ်စာလည်း အတော်အသင့် ပြောတတ် ဖတ်တတ် ရေးတတ်နေပါပြီ။

ကျောင်းပြီးသွား၍ ကျောင်းစရိတ် မကုန်တော့။ ထို့အတွက် သူမ ကွန်ပျူရတာသင်တန်းကို လက်မှတ်ကာ အမြန်သင်နေမိသည်။ အင်္ဂလိပ်စကားကျွမ်းကျင်စွာ ပြောတတ်ပြီး ကွန်ပျူတာပါ ကိုင်နိုင်ရင်တော့ သူမ အလုပ်လုပ်လို့ရပါပြီ။





တစ်ဖက်မှာလည်း ဂစ်တာကို ကျွမ်းကျွမ်းကျင်ကျင် တီးတတ်လာကာ ရင်တွင်းဖြစ်တွေကို သံစဉ်ကပ်ပြီး ရေးထားတဲ့ သီချင်းတွေလည်း အများကြီးပါ။ ဒါပေမဲ့ ပုဝါဖြူက အဆိုတော် လုပ်ရလောက်အောင် အသံမကောင်းပါ။

ရေးထားတဲ့သီချင်းတွေကလည်း စက္ကူတွေပေါ်မှာပဲ ကပ်တွယ်ငြိခွင့်ရှိသည်။

ပြီးတော့ ဟိုတုန်းက အေးစက်ငြိမ်သက်တဲ့ ပုဝါဖြူရဲ့ဘဝကို သွက်လက်ဖျတ်လတ်သော ပုဝါဖြူက အစားထိုးနေရာယူလိုက်ပါပြီ။

ဟုတ်တယ်။ ငြိမ်သက်ငြိမ်းချမ်းခဲ့တဲ့ ပုဝါဖြူဟာ သူဌေးသားတစ်ယောက်ရဲ့ နှပ်ပစ်ခြင်း ခံလိုက်ရတဲ့ နောက်မှာ ပုဝါဖြူရဲ့နာကြည်းမှုတွေက ပုဝါဖြူကို အရောင်ပြောင်းစေခဲ့ပါပြီ။

ပုဝါဖြူ အလှလည်း ကောင်းကောင်းပြင်တတ်ခဲ့ပါပြီ။ သို့ပေမယ့် စိုပြည်ဝင်းမွတ်နေတဲ့ အသားအရေကို ဂရုတစိုက်နဲ့ ထိန်းသိမ်းတတ်ခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိုးထိက ဆံပင်အရှည်ထားပါလို့ ပြောကတည်းက မဖြတ်ဖြစ်တော့တဲ့ ပုဂါဖြူ။

ဆံပင်တွေက လေးနှစ်အတွင်းမှာ တော်တော်ရှည်နေပါပြီ။ ဆံပင်ရှည်ရှည်တွေကို ဖွဲ့ဆောင်မှုရှိသော ကာလာလှလှလေးတွေ ဆိုးတတ်လာပါပြီ။ ပျော့ပျောင်း ပြောင်လက်ဝဲဖြာနေအောင် ဂရုစိုက်တတ်နေပါပြီ။

အရမ်းလည်း လှလာပါပြီ။ ဆယ်တန်းအောင်ကာစ ဆယ်ကျော်သက် အရွယ်ထက်စာရင် ဘွဲ့ရပြီးတဲ့ မိန်းကလေး အသက်အရွယ်က အလှတရားတွေ ပိုပြီး ပြီးပြည့်စုံတာ မှေတာပါပဲ။

အရပ်ခပ်မြင့်မြင့်နဲ့ သွယ်လျသော်လည်း သွယ်တဲ့ ခန္ဓာကိုယ်ကိုပဲ အချိုးအစားပြေပြစ်ရလေအောင် အိမ်မှာပဲ ထိုင်ထလုပ်၊ အိပ်ထ,မ,တင် ရှလေ့ကျင့်ခန်းတွေလုပ်ရင်း သွယ်လျလှပတဲ့ ကိုယ်လုံးကလေးဖြစ်ကာ ဘာဝတ်ဝတ် စမတ်ကျကျ လှပနေပါပြီ။





အဝတ်အစားဆိုလည်း အကောင်းစားတွေ ဝယ်မဝတ်နိုင်ပေမယ့် ပိတ်စဆန်းဆန်းလေးတွေကို ရှာဖွေဝယ်ကာ မြန်မာဆန်ဆန် ပုံစံဆန်းဆန်းလေးတွေ အမေကိုယ်တိုင် ချုပ်ပေးတာမို့။

ပုဂါဖြူသည် ယဉ်ကျေးသိမ်မွေ့ကြော့မော့ လှပသော မိန်းကလေး တစ်ယောက်အဖြစ် တောင်ငူမြို့တစ်ခွင်မှာ သတင်းကြီးသော ရွှေမင်းသမီး ဖြစ်လာပါသည်။

မကောင်းတာ တစ်ခုပဲရှိသည်။ အဲဒါကတော့ ပုဂါဖြူ ဘုကျရှဲဖြစ်နေသည့်ကိစ္စပါပဲ။ ဟုတ်ပါတယ်။ ပုဂါဖြူက ဘဲအရမ်းရှုပ်ပါတယ်။ ရှုပ်တာတောင် ပိုက်ဆံရှိ သူဌေးသားတွေနဲ့မှ ရှုပ်တာ။

ဒါပေမဲ့ ပုဂါဖြူသည် သူနဲ့တွဲသော ယောက်ျားလေးတွေနဲ့ ဘယ်တော့မှ နှစ်ယောက်တည်းမတွေ့ပါ။ ကောင်လေးတွေရဲ့ဆိုင်ကယ်နောက်ကလည်း ဘယ်တော့မှ လိုက်မစီးသလို ကားနဲ့ခေါ်ရင်လည်း မလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေနဲ့တွေ့ရင် မြို့ထဲက အအေးဆိုင်တစ်ဆိုင်ဆိုင်မှာပဲ အမြဲတွေ့သည်။ လူသူမြင်ကွင်းမှာပဲ တွေ့သည်။

လူသူမြင်ကွင်းမှာတောင် သူငယ်ချင်းတစ်ယောက်အမြဲပါမှတွေ့သည်။ ပုဝါဖြူကို မညည်းမညူ အဖော်ပြုပေးတတ်သူကတော့ ကရင်မလေး နော်ရင်မွှေးပါပဲ။

ရင်မွှေးကို ပုဝါဖြူနဲ့ မိုးထိရဲ့ဇာတ်လမ်းကို ပြောပြထားသဖြင့် ရင်မွှေးက ပုဝါဖြူခံစားချက်ကို နားလည်သူ။ ပြီးတော့ ရင်မွှေးကိုယ်တိုင်လည်း ဇာတ်လမ်းရှိထားသူပါ။

ရင်မွှေး ဇာတ်လမ်းက ပုဝါဖြူနဲ့တော့ မတူပါ။ ရင်မွှေးကောင်လေးက ရင်မွှေးတို့လို သာမန်လူတန်းစား ကရင်လေးပါပဲ။ ဒါပေမဲ့ ရင်မွှေးကောင်လေးကို သူဌေးသမီး တစ်ယောက်က မျက်စိကျပြီး အတင်းလိုက်ကပ်တော့ ကောင်လေးက ရင်မွှေးကိုပစ်ကာ သူဌေးသမီးနောက် ကောက်ကောက်ပါသွားခဲ့ပါ၏။

ထို့ကြောင့် ရင်မွှေးကလည်း ပိုက်ဆံရှိတဲ့သူတွေကို စိတ်နာပါသည်။ ဒါပေမဲ့ ရင်မွှေးက ပုဝါဖြူလိုတော့ အာဃာတမရှိ။





လက်စားချေဖို့လည်း သတ္တိမရှိ။ ထို့ကြောင့် သတ္တိကြွနေသော ပုဝါဖြူနောက်ပဲ တကောက်ကောက်အဖော်လိုက်ပေးတာပါ။

ပုဝါဖြူ့ဘေးမှာ ရင်မွှေးက တစ်ဖဝါး မခွာသဖြင့် ပုဝါဖြူရဲ့ကောင်လေးတွေက ရင်မွှေးကို မုန်းကြသည်။ ရှောင်ပေးဖို့ ချော့ပြောတဲ့သူ ရှိသလို မူးမူးနဲ့ မိုက်ကန်းကန်းပြောတဲ့သူလည်း ရှိသည်။

ဒါပေမဲ့ ပုဝါဖြူနဲ့ ရင်မွှေးကတော့ လက်ချင်းဆုပ်ကိုင်ထားမြဲ။

ပုဝါဖြူ ခြေရှုပ်တာကို အမြင်မကြည်သူကတော့ ပုဝါဖြူ့အမေပါ။ အမေဖြစ်သူကတော့ သမီးအကြောင်း သိထား၍ သမီးကို နားလည်သည်။ မိုးထိနဲ့ ပတ်သက်ပြီး ငယ်ရွယ်တဲ့နှလုံးသားမှာ ဘယ်လောက်ခံစားရသလဲဆိုတာ ခန့်မှန်းမိသည်။ ရင်ထဲက အဆိုင်အခဲ တွေကြောင့် သမီး ရမ်းနေတာလည်း သိသည်။

ဒါပေမဲ့ သမီးဘေးမှာ နော်ရင်မွှေး ရှိနေ၍ စိတ်ချထားခဲ့သည်။ မအေနဲ့သမီးကတော့ တကျက်ကျက်ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်စွာ ရှင့်သမီးကို မဆုံးမတော့ဘူးလား"

"ဟ ... အဲဒါ မအေဆုံးမရမယ့်ကိစ္စလေကွာ၊ ငါ့အဖေက ဘယ်လိုပြောရမလဲ"

"ရှင်ကလည်းလေ၊ ကျုပ်ဆုံးမလို့ မရလို့ ရှင့်ကို ပြောနေတာပေါ့"

"ငါ မဆုံးမချင်ဘူး"

"ဘာရှင့် ... သမီး ပျက်စီးသွားရင်တောင် ရှင်က ထိုင်ကြည့်နေမယ်ပေါ့"

"သမီးဘေးမှာ နော်ရင်မွေး အမြဲပါနေတာပဲကွာ၊ မပျက်စီးပါဘူး"

"လူမပျက်စီးဘူးပဲထား၊ နာမည်တော့ပျက်နေပြီ ကိုကျော်စွာ"

"လူမပျက်စီးဘူးဆိုတာလည်း လူတိုင်းသိတာပဲကွာ၊ ထားလိုက်ပါ၊ သမီးမှာ ခံစားချက်ရှိလို့နေမှာပါ၊ တစ်နေ့ သူ့ဘာသာ ရပ်သွားပါလိမ့်မယ်"





မအေဖြစ်သူကတော့ နားမလည်နိုင်ဘူးပေါ့လေ။ မိခင်ပီပီ သမီးဖြစ်သူကို မိုင်းကောင်းကျောက်ဖိလေးပဲ ဖြစ်စေချင်တာပေါ့။ ခုတော့ သမီးဖြစ်သူက မိုင်းတော့ကောင်းပါရဲ့ ကျောက်က လန်သလိုဖြစ်နေ၏။

✧❤✧



www.burmeseclassic.com

www.burmeseclassic.com



မိုးထိဘက်မှာလည်း အပြောင်းအလဲတွေဖြစ်နေပါသည်။ ပုဂါဖြူကြောင့် အသည်းကွဲခဲ့ရတဲ့ မိုးထိဟာ ကျောင်းပိတ်လို့ မြို့ကိုပြန်တိုင်း မြို့ဦးစေတီကို သွားဖြစ်စမြဲပါ။

ပုဂါဖြူ လက်ထပ်တဲ့သတင်းကို ညိုမတို့၊ ကိုမင်းတို့တောင်မသိ။ သူပြောတာကိုတောင် မယုံနိုင် ဖြစ်နေကြသည်။ အထူးသဖြင့် ညိုမကဆို ခါးခါးသီးသီးကို ငြင်းတာပါ။

“သူ မိုးထိကို ဘယ်လောက်ချစ်လဲဆိုတာ ငါ အသိဆုံး၊ ပြီးတော့ ပုဂါဖြူက လင်နောက်လိုက်ရဲလောက်အောင် သတ္တိမရှိပါဘူး၊ မဖြစ်နိုင်ဘူး”

“ဩော် ... ငါကိုယ်တိုင် ဖိတ်စာကို မြင်ခဲ့ပါတယ်ဆိုဟာ”

“ဒါဆို ဘယ်မလဲ အဲဒီဖိတ်စာ”





“မရှိတော့ဘူး၊ ငါ ဒေါသဖြစ်လွန်းလို့ စုတ်ဖြဲပစ်လိုက်ပြီ”

“နင်ကသာ ဖိတ်စာတွေ့တယ်ပြောတာ၊ ငါ မယုံနိုင်ဘူး၊ နင်ပြောလို့သာ သိရတာ၊ တို့မြို့မှာတော့ ဒီသတင်း တစ်စွန်းတစ်စတောင် မကြားမိဘူးဟ”

“ဟုတ်ရင်လည်းဟုတ်မှာ၊ ပုဂါဖြူက ငါ့ကို အမြဲပြောတယ်၊ ငါ့ကို ချစ်ရုံပဲချစ်တာ ပိုင်ဆိုင်ဖို့စိတ်ကူးမရှိဘူးတဲ့၊ ပိုင်ဆိုင်ဖို့ လက်ထပ်ဖို့လည်း မျှော်လင့်ချက် မရှိဘူးတဲ့၊ သူက အစကတည်းက ငါ့ကို လက်ထပ်ဖို့ ရည်ရွယ်ချက်မရှိဘူး”

“အဲဒါက ရည်ရွယ်ချက်မရှိတာမဟုတ်ဘူး၊ သူ မျှော်လင့်ချက် မရှိခဲ့တာ”

“ဘာ”

“ဟုတ်တယ်၊ နင်တို့က ချမ်းသာတယ်၊ သူ့အဖေတ နင်တို့ဆန်စက်က မန်နေဂျာ”

“မန်နေဂျာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဆန်စက်က"

"ဟုတ်တယ်၊ ဦးကျော်စွာက သူ့အဖေပဲ"

"အဲဒါနဲ့ မျှော်လင့်ချက် မရှိတာနဲ့ ဘာဆိုင်လို့လဲ"

"သူ့အဖေက နင့်မိဘတွေအကြောင်း အိမ်မှာ အမြဲပြန်ပြောတတ်တယ်လေ၊ နင့်မိဘတွေက မောက်မာကြတယ်တဲ့၊ မရှိတဲ့ လူတွေဆို တူတာယ်တန်တယ်လို့တောင် ထင်တာမဟုတ်ဘူးတဲ့၊ ဒါပေမဲ့ နင့်ရှေ့မှာဆိုရင်တော့ သဘောကောင်းချင်ယောင် ဆောင်ကြတော့ နင်က နင့်မိဘတွေရဲ့ စိတ်ရင်းအမှန်ကို မသိဘူးတဲ့ ..."

"အဲဒီတော့ဟာ သူတို့ဆန်စက်က အလုပ်သမားရဲ့ သမီးနဲ့ သူတို့ ဖူးဖူးမှုတ်ထားတဲ့ သားကို ဘယ်လိုလုပ် သဘောတူမှာလဲ၊ အဲဒါကို ပုဝါဖြူကသိလို့ မျှော်လင့်ချက် မထားတာပဲ၊ ပြီးတော့ နင့်ကိုလည်း သူက အပြည့်အဝ မယုံခဲ့ဘူးလေ၊ သူက ထူးထူးခြားခြား လှနေတာလည်း





မဟုတ်ဘူး၊ ထက်ထက်မြက်မြက် တော်နေတဲ့သူလည်း မဟုတ်ဘူး၊ ဘာထူးခြားမှုမှမရှိတဲ့ သူ့ကို နင် အတည် ချစ်တာလို့ မထင်ခဲ့ဘူး"

"သူကသာ တကယ် မချစ်ခဲ့တာပါ၊ ငါ့မိဘတွေက ငါ့ တစ်ခွန်းပဲ၊ ငါ့မိဘတွေ မောက်မာတယ်ဆိုတာလည်း ငါ မယုံဘူး၊ သူက အစကတည်းက အကြံအစည်ရှိလို့ ကြံကန်ထားတာပါ"

"နင် ပုဝါဖြူကို အဲလိုမပြောနဲ့၊ သူက အရမ်းရိုးသားဖြူစင်တယ်ဟဲ့"

"တော်စမ်းပါဟာ၊ ဖြစ်နိုင်ရင် ငါ သူ့ကို သွားသတ်ပစ်ချင်တာ၊ သစ္စာဖောက်မအတွက် ငါ့ဘဝ ထပ်အရှင်းအနှီးမလုပ်နိုင်လို့"

"ငါကတော့ ပုဝါဖြူ ဘယ်နားနေမှန်း မသိလို့၊ သိရင် သွားတွေ့ချင်တယ်၊ နင် ပြောသလို ဟုတ်မဟုတ် သိရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ညိုမကတော့ အကြောင်းသိမို့ ပုဝါဖြူ့ဘက်က မခံမရပ်နိုင် ဖြစ်နေရပါသည်။

မိုးထိက ညိုမနဲ့ အတိုက်အခံပြောပြီး အိမ်ကိုပြန်သွားသည်။ ဒါပေမဲ့ အိမ်နားရောက်ကာနီးမှ ဆိုင်ကယ်ဘီးပေါက်သွား၍ အိမ်ကို ဒီတိုင်း တွန်းပြန်သွားမိသည်။

ဆိုင်ကယ်ကို ခြံထောင့်မှာရပ်ပြီး အိမ်ထဲဝင်မည် အပြု ...

"ကျွန်တော့်မိန်းမ မီးမဖွားနိုင်လို့ ဆေးရုံတင်ထားရလို့ပါ အစ်မရယ်၊ ကြိုတင်ငွေလေး ထုတ်ပေးပါဗျာ"

"နင်တို့လိုတိုင်း ထုတ်ပေးရအောင် နင်တို့အပ်ထားတာ အပြားတစ်ပြား ရှိလို့လားဟဲ့၊ တစ်ယောက်ထုတ်ပေးမိရင် နောက်လူတွေပါ လာထုတ်ကြမယ်၊ အကြောင်းအမျိုးမျိုး ပြကြမယ်"

"တကယ်ကို လက်ရွယ်စရာမရှိလို့ပါ အစ်မရယ်၊ အတိုးနဲ့ ပဲဖြစ်ဖြစ်"





"ဟဲ့ ... ငါ ဘယ်တုန်းက ငွေတိုးချေးဘူးလို့လဲ၊ ကဲ ... သွား ... သွား ... ကြိုထုတ်လည်း မပေးနိုင်ဘူး၊ အတိုးနဲ့ လည်းမချေးဘူး၊ ဇယားလာမရှုပ်နဲ့"

"ကျွန်တော့်မိန်းမ ..."

"ပိုက်ဆံမရှိဘဲ ကလေးတပြွတ်ပြွတ် မွေးချင်ရင်တော့ သေကြပေါ့၊ သွား ... သွား အိမ်ကျက်သရေယုတ်တယ်၊ ငါ့အိမ်က စီးပွားရေးလုပ်နေတာ၊ လာဘ်နဲ့ ကိုးနဲ့ နေရတာ"

"အစ်မရယ် ... မိန်းမသားချင်း ကိုယ်ချင်းစာပြီးဖြစ်ဖြစ်"

"ပြောပြီးပြီလေ၊ မမွေးနိုင်ရင် သေလို့"

"မေမေ"

"ဟင် ... သားလေး"

"ထုတ်ပေးလိုက်ပါ မေမေ"

"သား"

"ဘယ်လောက်လိုတာလဲ ထုတ်ပေးလိုက်ပါ မေမေ"

"ဒါက ဒီလိုရှိတယ် သားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သားက ဆေးကျောင်းသားပါ မေမေ၊ မီးမဖွားနိုင်လို့ သေရမယ့် လူနာတစ်ယောက်ကို ကိုယ်တိုင် မကုနိုင်ရင်တောင် ငွေကြေးနဲ့ဖြစ်ဖြစ် ကုပေးချင်တယ်"

"အေးပါ သားလေးရယ်၊ မေမေ ပေးလိုက်မယ်နော်"

"ကျေးဇူးကြီးလှပါတယ် မောင်မိုးထိရယ်"

"မလိုပါဘူး အစ်ကိုကြီး၊ ပိုက်ဆံယူပြီး ဆေးရုံမြန်မြန်သွားလိုက်ပါ"

မိုးထိသည် ညီမ ပြောတဲ့စကားတွေကို ပြန်ကြားယောင်နေသည်။





"သား"

"ဟုတ်ကဲ့ ပြောပါ မေမေ"

"မေမေ့ကို အမြင်စောင်းနေသလား သားလေး"

"မစောင်းပါဘူး မေမေ"

"သား စီးပွားရေးလုပ်တယ်ဆိုတာ အလှူပေးလို့မရဘူး သား၊ အလုပ်သမားတွေက အလိုလိုက်လို့ မရဘူး၊ အကြောင်းအမျိုးမျိုးပြပြီး ပိုက်ဆံထုတ်ဖို့လောက်ပဲ စဉ်းစားနေကြတာ၊ ပိုက်ဆံ ကြိုထုတ်ပေးထားရင် ပိုတောင် ဆိုးသေးတယ်၊ အလုပ်ကို မလာတစ်ရက် ပျက်နှစ်ရက် ဖြစ်ကုန်ကြတာ"

"သားကတော့ စီးပွားရေးကို နားမလည်ပါဘူး မေမေ၊ ဒါပေမဲ့ ဘာပဲလုပ်လုပ် မေတ္တာတရားနဲ့လုပ်ရင် အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်တာပါပဲ၊ မေမေ သူတို့ကို မေ့လျော့ထားရင် သူတို့ကလည်း ပြန်ပြီးမေ့လျော့ထားကြမယ် ထင်တယ်"

"မရဘူး သား၊ စီးပွားရေးက စီးပွားရေးသပ်သပ် လုပ်တာပဲ ကောင်းတယ်၊ ကျန်တာတွေ ပါလာရင် ကောင်းကောင်း လုပ်နိုင်တော့မှာ မဟုတ်ဘူး"

မိုးထိ ဘာမှ မပြောတော့။ ဒါဆို ညီမပြောတာတွေ မှန်နေပြီ ထင်သည်။ ပုဝါဖြူ့အမေတောင် ဒီလို ဘယ်နှခါဆက်ဆံခံထားရလဲမသိ။ ရှက်ဖို့ကောင်းလိုက်တာ။ သူ့အဖေနဲ့အမေကို ဒီလိုပုံစံမျိုးနဲ့ တစ်ခါမှမတွေ့ဘူးလို့ သူ တော်တော်လန့်သွားသည်။ မနှစ်မြို့သလိုလည်း ခံစားနေရသည်။ လုံးဝလည်း ထင်မထား။ ညီမ ပြောလိုက်တုန်းကတောင် သူ ညီမကို စိတ်ဆိုးသေးသည်။ ပုဝါဖြူတို့ လုပ်ကြံပြောတယ်လို့တောင် သံသယဝင်လိုက်သေး၏။

ဘာပဲ တွေးလိုက်တွေးလိုက် နောက်ဆုံးမှာ ပုဝါဖြူနဲ့ပဲ အဆုံးသတ်ပါသည်။ ပုဝါဖြူကို သူ မမေ့နိုင်သေးပါ။ လေးနှစ်ကျော်တောင် ကြာခဲ့ပါပြီ။ သူကတော့ မမေ့နိုင်ပါ။ ရန်ကုန်



မှာနေရင်တောင် နည်းနည်း မေ့မေ့ပျောက်ပျောက် ရှိသေးသည်။ မြို့ကိုပြန်ရောက်ရင် ပိုဆိုးသည်။ အထူးသဖြင့် မြို့ဦးစေတီကို မသွားဘဲလည်း မနေနိုင်ပါ။ သွားမိပြန်ရင်လည်း အနာဟောင်းတ ပြန်ထသည်။

မိုးထိ အခန်းထဲဝင်ကာ ခုတင်ပေါ်မှာ လှဲနေရင်း မျက်စိမှိတ်ထားမိသည်။ သူ လုံးဝ မထင်ထားတာတွေပါလား။ ပတ်ဝန်းကျင်တစ်ခုလုံးက သူ့မိဘတွေ မောက်မာတာကို သိနေကြပါလား။ ပုဝါဖြူကလည်း သူ့မိဘတွေကို ကြောက်သတဲ့လား။

"သားလေး အိပ်နေတာလား"

"မအိပ်ပါဘူး မေမေ"

"သား မေမေ့ကို အထင်မလွဲပါနဲ့ သားရယ်နော်"

"သား ဘာပြောရမှန်းတောင် မသိတော့ပါဘူး မေမေ"

"စီးပွားရေးလုပ်တယ်ဆိုတာ ဒီလိုပဲ, သား"

"ဒါပေမဲ့ မေမေရယ်၊ ကိုယ့်စီးပွားရေးချည်းပဲ မကြည့်ဘဲ မျှမျှတတလေးလုပ်လို့ရော မရဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"သားရေ ... လူတွေက လိုက်လျောရင် ကမ်းတက်ကြတယ် သား၊ တစ်ခါပေးရင် နှစ်ခါလိုချင်တယ်၊ နှစ်ခါပေးလိုက်တော့ အခါနှစ်ဆယ် လိုချင်တယ် သားရဲ့၊ ရလေလိုလေ အိုတစ္ဆေပဲသား၊ အဲဒီတော့ သူတို့အလိုသာ လိုက်နေရရင် စီးပွားမဖြစ်ရုံတင် မကဘူး၊ စီးပွားပါ ပျက်သွားနိုင်တယ်၊ သား နောက်တော့ နားလည်လာမှာပါကွယ်"

သူ ဘာမှမပြောပါ။ ဒါပေမဲ့ မေမေ့အယူအဆတွေကို သူ လက်မခံနိုင်။

"သား မေမေ့ကို နားမလည်သေးဘူး ထင်တယ်၊ သား မေမေတို့မှာ လုပ်ငန်းက အကြီးကြီး၊ အလုပ်သမားဆိုတာက တစ်ယောက်နှစ်ယောက်မဟုတ်ဘူး၊ အများကြီးရှိတာ၊ သူတို့လိုတိုင်း ဖြည့်ပေးဖို့က ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ပြီးတော့ သူတို့က တစ်ခါပြောလို့လည်း နားလည်တာမဟုတ်ဘူး၊ အဲဒီတော့ ခပ်ကြမ်းကြမ်း ပြောရတာတွေလည်း ရှိတာပေါ့ သားရယ်"



"မေမေ့ကို အဲလိုပုံစံမျိုးနဲ့ တစ်ခါမှ မမြင်ဘူးတော့ သား အံ့သြနေတယ်"

"ဟုတ်တယ်၊ ငါ့သားလေးရှေ့မှာဆို မေမေတို့ တစ်ခါမှ အဲလိုမနေခဲ့ဘူး၊ အဲဒါ သားကိုချစ်လို့၊ သားအတွက် စံပြမိဘဖြစ်ချင်လို့၊ သား စံနမူနာကောင်းရဖို့"

"တကယ်ကောင်းမှ စံပြမိဘ ဖြစ်မှာပေါ့ မေမေ၊ ပတ်ဝန်းကျင်ကတော့ မကောင်းဘဲနဲ့ ကောင်းတယ်လို့ သတ်မှတ်မှာ မဟုတ်ဘူး"

"အေးပါ သားရယ်၊ သားစိတ်ထဲ မထားနဲ့တော့၊ ကဲ ... ထ၊ မေမေ ငါးပေါင်းထားတယ် စားမယ်မို့လား"

"ရေချိုးပြီးမှ စားမယ် မေမေ"

"ဒါဆို မေမေ ထမင်းပွဲပြင်ပေးထားမယ်"

"ဟုတ်ကဲ့"

ဘာပဲဖြစ်ဖြစ် မေမေဟာ သူ့တစ်ယောက်တည်းအတွက်တော့ တကယ့်မိခင်ကောင်းပါပဲ။

✧ ❤ ✧

www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ ... ကလေး ပြန်လာတာ မသိဘူး
လား"

"မသိလိုက်လို့ပေါ့တော်၊ သိမှဖြင့် လုပ်မလား"

"အခု ငါ့သား စိတ်မကောင်း ဖြစ်သွားတယ် ထင်တယ်"

"အဲဒါက အရေးမကြီးဘူး၊ ကြာရင် ကျော်စွာ့သမီးကို
မေ့သွားဦးမယ်၊ ခုလောက်ဆို သားစိတ်လည်း အနည်
ထိုင်ရောပေါ့၊ လေးနှစ်တောင်ကျော်ပြီ၊ ကိုယ့်စိတ်ကြိုက်
စီစဉ်စရာရှိတာ စီစဉ်တော့မှ"

"ငါလည်း အဲဒါပြောမလို့"

"ကျွန်မလည်း ဒီလေးနှစ်အတွင်းမှာ သင့်တော်တာကို
နေတာ၊ နှစ်ယောက်တော့ တွေ့ထားတယ်၊ တစ်ယောက်က





ရန်ကုန်က၊ ကျူပ်တို့ကို ငွေထုတ်ပေးတတ်တဲ့ ကိုဗလသမီး
လေး၊ သူလေးက အခု စီးပွားရေး တက်နေတယ်တဲ့၊
ဒါ်ပေမဲ့ သူ့အဖေက အရမ်းချမ်းသာပြီး သမီးတစ်ယောက်ပဲ
ရှိတာဆိုတော့ ကောင်မလေးပညာရေး သိပ်မစွံပေမယ့်လည်း
သဘောကျတယ်၊ ရုပ်ကလေးလည်း မဆိုးဘူး၊ နောက်
တစ်ယောက်က ပဲခူးက ကျွန်မသူငယ်ချင်းရဲ့သမီး၊ သိတယ်
မို့ လား၊ ဆေးလိပ်ခုံလုပ်ငန်းလုပ်တယ်လေ၊ သူ့သမီးလေး
ကလည်း ဆေးကျောင်း ဒုတိယနှစ်တဲ့၊ သူတို့စီးပွားရေးက
တော့ ကျွန်မတို့နဲ့ သိပ်မကွာဘူး၊ ပညာရေးကလည်း
တန်းတူပဲ ဆိုတော့ မဆိုးဘူးလားလို့၊ သူလည်း တစ်ဦး
တည်းသောသမီးပဲ"

"မင်း၊ သေသေချာချာ လေ့လာပြီးပြီလား"

"ကျွန်မသား အိမ်ထောင်ရေးကို ကျွန်မက လက်လွှတ်စ
ပယ် လုပ်ပါ့မလားရှင်"

"ပြီးတာပဲ၊ မင်းသားကို ပြောကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောပေးပါလား၊ သားက ကျွန်မကို တစ်မျိုးမြင်ထားတာဆိုတော့ ကျွန်မပြောရင် နားမထောင်မှာစိုးလို့၊ ရှင်တို့သားအဖချင်းပြောလိုက်၊ ဒီမှာ ကောင်မလေးတွေရဲ့ဓာတ်ပုံတွေ"

မိုးထိဖခင်က အယ်လ်ဘမ်နှစ်အုပ်ကို စေ့စပ်စွာကြည့်ပြီး ...

"ငါကတော့ ဆေးကျောင်းသူမလေးကို ပိုသဘောကျသလိုပဲ၊ အင်္ဂါရုပ်ကလေးလည်း ကောင်းတယ်"

"ဒါပေမဲ့ ကိုဗလရဲ့စီးပွားရေးကလည်း မက်လောက်စရာပဲလေတော်"

"ဟုတ်တယ်၊ ကိုဗလနဲ့ ခမည်းခမက် တော်ရရင်လည်း ပွဲပြီးပြီ"

"ကဲပါ၊ သားရွေးတာကိုပဲ လက်ခံလိုက်ကြတာပေါ့"

"သားရှိလား"

"ရှိတယ်၊ ရှင်အခု ပြောမလို့လား"





"ပြီးတာပဲကွာ၊ ပြောလိုက်တော့မယ်"

သားဖြစ်သူဆီ သွားတော့ သားက စာအုပ်ဖတ်နေသည်။

"သားစာကျက်နေတာလား"

"မဟုတ်ပါဘူး ဖေဖေ၊ စာဖတ်နေတာပါ၊ ကျောင်းစာမဟုတ်ပါဘူး"

"အေးဒ် ... ဒါဆို ဖေဖေပြောစရာရှိလို့ ငါ့သား"

"ဟုတ်ကဲ့ ဖေဖေ"

"ရော့ ... သား၊ ဒီဓာတ်ပုံတွေ ကြည့်ဦး"

မိုးထိ ဘာမှ မပြောဘဲ ကောင်မလေးနှစ်ယောက်ဓာတ်ပုံတွေကို ကြည့်ရုံပဲ တဖျပ်ဖျပ်လှန်ကြည့်လိုက်ကာ ...

"ဘယ်သူ့ပုံတွေလည်း ဖေဖေ"

"သားအတွက် ဖေဖေတို့ကြည့်ထားတဲ့ ကလေးမလေးနှစ်ယောက် ဆိုပါတော့ကွာ"

"ဟာ ... သား အိမ်ထောင်ရေး စိတ်မဝင်စားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခုချက်ချင်းပေးစားမှာမဟုတ်ပါဘူးကွ၊ ကြည့်ရှုထားတာပါ၊ သားသဘောကျရင်တော့ စေစပ်ထားထားမယ်၊ ဒီတစ်ယောက်က Eco နဲ့ဘွဲ့ရပြီးသား၊ ဒီနှစ်ယောက်က တစ်ယောက်တော့ရွေး သား",

"တစ်ယောက်မှ သဘောမကျဘူး ဖေဖေ"

"အပြင်မှာတွေ့ကြည့်ပါဦးလား သားရဲ၊ တချို့က ဓာတ်ပုံနဲ့အပြင်ရုပ်က ကွာတတ်ကြတယ်"

"သား စိတ်ကို မဝင်စားတာ ဖေဖေ"

"ဟော ... ဒါဆို သားမှာ ချစ်သူရည်းစားများရှိနေလို့လားကွ"

"မရှိဘူး ဖေဖေ၊ ဒါပေမဲ့ သားအိမ်ထောင်ရေးကို စိတ်မဝင်စားဘူး"

"ဟား ဟား ... ငါ့သားရာ၊ ဒီတစ်ချက်တော့ အဖေနဲ့ကွာတယ်ကွာ၊ ဖေဖေ အိမ်ထောင်ကျတော့ ပထမနှစ်ပဲရှိသေးတယ် ... ဟား ဟား၊ အေးလေ ဒီနှစ်ယောက်ကို သဘောမကျဘူး ဆိုတော့လည်း ထပ်ရှာပေးရမှာပေါ့ကွာ"





"သားက ရှာပေးမှရမယ့်သူမို့လို့လား ဖေဖေရယ်၊ သား အေးဆေးနေချင်လို့ပါ"

"ဖေဖေတို့က သားကို မိဘဝတ္တရားအပြည့်ကျေချင်လို့ပါ ငါ့သား၊ ထိမ်းမြားခြင်းဝတ်ကို ဖြစ်ကတတ်ဆန်းမဟုတ်ဘဲ သားကို အမျိုးကောင်းသမီးလေး သာယာတဲ့ ဘဝတစ်ခု ထူထောင်ပေးပြီး ဝတ္တရားကျေချင်တာ၊ ခုနေ ရှာဖွေပြီး သဘောကျတာတွေ့ရင် တင့်တင့်တယ်တယ်စေ့စပ်ထား၊ သားကျောင်းပြီးလို့ ဆရာဝန်ဖြစ်တာနဲ့ ပညာရော ကြင်ရာပါ စုံစေချင်တယ်၊ သားကို မတော်မတည့်တာတွေနဲ့ တွေ့မှာလည်း စိုးတယ်၊ ဒါကြောင့် ဖေဖေတို့က ခုလို စီစဉ်ရတာပါ၊ ငါ့သားကို ချစ်လို့ပါကွာ၊ သားအတွက် ဖေဖေနဲ့မေမေက ပြီးပြည့်စုံတဲ့ မိဘတွေ ဖြစ်ချင်ခဲ့တာပါ၊ ဖြစ်အောင်ကြိုးစားကြတာပေါ့"

"ဖေဖေရယ် ..."

"ဒီနှစ်ယောက်ကို ငါ့သားသဘောမကျရင် ဖေဖေတို့ ထပ်ရှာပေးမယ် ငါ့သား"



www.burmeseclassic.com

www.burmeseclassic.com



"မရှာပါနဲ့တော့ ဖေဖေ"

"ဘာဖြစ်လို့လဲ သားရယ်"

"ဒီနှစ်ယောက်ထဲက ဖေဖေနဲ့မေမေ ပိုသဘောကျတဲ့သူသာ ရွေးလိုက်ပါ၊ သား လက်ခံပါတယ်"

"သား"

ကွဲပြီးသားနှလုံးသားက တစ်စစီပြုတ်ထွက်ကုန်ပြီလားမသိ။ ရင်ထဲက နာလိုက်တာ။ လည်ချောင်းထဲလည်း ပူနေသလိုပဲ။ ခြေတွေလက်တွေကလည်း အားတွေ ယုတ်သွားသလိုပဲ။ အဆုံးသတ်က ဒါပဲလား။

ပုဝါဖြူဆိုတာ ရည်းစားဦးအဆင့်နဲ့ပဲ အဆုံးသတ်သွားတာပါလား။ တကယ်တော့ ရည်းစားဦးဘွဲ့ပေးဖို့ ရည်ရွယ်ခဲ့တာ မဟုတ်ဘူး။ ရည်းစားဦးအဖြစ် အငြိမ်းစားပေးချင်ခဲ့တာမဟုတ်ဘူး။ ရည်းစားဦးအတွက် ခံစားချက်တွေကို ပင်စင်ထုတ်သလို တစ်လတစ်ခါ ပုံမှန်သတိရချင်ခဲ့တာမဟုတ်ဘူး။ မြေးဦးရတဲ့အထိ တစ်သက်လုံး မမေ့ဖို့ချစ်ခဲ့တာ မဟုတ်ဘူး။





ဒါပေမဲ့ ...

ပုဝါဖြူက သူ့ဘဝထဲက စောစီးစွာထွက်သွားခဲ့သည်။ သူ့မျှော်လင့်ချက်တွေကို ရိုက်ချိုးကာ သူ့အိပ်မက်တွေကို ဖျက်ဆီးခဲ့သည်။ ပျက်စီးနေတဲ့နှလုံးသားနဲ့ တခြားသူတစ်ယောက်ကို လက်ထပ်ရမှာလား။

သူ မလိုလားတဲ့အိမ်ထောင်တစ်ခုမှာ သူ့နှလုံးသားကို အကျဉ်းချသော့ခတ်ထားရတော့မည်။ မိဘတွေ စိတ်ချမ်းသာဖို့ သူ စိတ်ဆင်းရဲခံရမှာပါ။

အချစ်ဆိုတာ အပင်တောင် မပေါက်ရသေးဘူး။ အညွှန့်က ဖြတ်ခံလိုက်ရပြီလေ။ ပုဝါဖြူရေ ... နင်ထားခဲ့တဲ့ နှလုံးသားအစွဲကြီးကို သွန်လိုသွန်၊ မှောက်လိုမှောက် သဘောထားလိုက်ပြီလေ။

✧❤✧



www.burmeseclassic.com

www.burmeseclassic.com



မိုးထိအောင်မြင့်တဲ့ ရေစပ်ပွဲကို ရန်ကုန်က စီဒိုးနား ဟိုတယ်ကြီးမှာ ခမ်းခမ်းနားနားကြီး ကျင်းပခဲ့သည်။

ဧစပ်ပွဲကုန်ကျစရိတ်ကို သမီးရှင်ဖြစ်တဲ့ ဦးဗလ ကပဲ တာဝန်ယူသည်။ ဦးဗလဆိုတဲ့ သူ့ယောက္ခမလောင်းကြီးက လူတစ်ယောက်ကိုကြည့်ရင် Personalityကစပြီးကြည့်တတ်သူပါ။ မိုးထိက ဆေးတက္ကသိုလ်က Kingဆိုတော့ ပြောစရာကိုမလိုတော့။ Personalityမကတဲ့ ဦးဗလရဲ့သမီးလေးကတော့ အသားဖြူတာကလွဲလို့ ကျန်တာတွေကတော့ ထူးထူးခြားခြားမရှိပါ။

မလှပတဲ့ရုပ်ကို မထွက်ထွက်အောင် မျက်ခုံးတွေစိုက်၊ မျက်ရစ်တွေဖော်၊ နှာခေါင်းတွေပြင် စသဖြင့် အသေးစားရော အကြီးစားပါမကျန် ပြင်ဆင်မှုမျိုးစုံလုပ်ကာ လူက တဖြည်းဖြည်း





ကာတွန်းဇာတ်ကောင်ရုပ်နဲ့တောင် တူနေပါသေးသည်။ ဘွဲ့ရပြီး ကတည်းက တက်လိုက်ရတဲ့သင်တန်း။ အကောင်းတကဲတော့ မဟုတ်။

အလှပြင်သင်တန်းတို့ မော်ဒယ်လ်သင်တန်းတို့ စသဖြင့် အရာမပေးတဲ့ အရေးမပါတာတွေနဲ့ အချိန်ကုန်နေ၏။

နေတာထိုင်တာ သွားတာလာတာ စမတ်ကျဖို့ မော်ဒယ်လ်သင်တန်းတက်၏။ အလှအပကို ဂရုစိုက်ဖို့ အလှပြင် သင်တန်းတက်၏။

ပုတဲ့အရပ်ကို ဒေါက်ဖိနပ်အမြင့်တွေစီးပြီး အတင်း ကို စမတ်ကျချင်နေတဲ့ မိုးထိ သတို့သမီးလောင်းနာမည်က ဝတ်မှုံဗလတဲ့။

ဦးဗလရဲ့သမီးဝီဝီ အလှကြိုက်တဲ့ ဝတ်မှုံဗလက မိုးထိကို အရမ်းကို သဘောကျခဲ့ပါသည်။

တည်တည်တံ့တံ့ နေတတ်တဲ့ မိုးထိကို ရှိန်နေ၍သာ မဟုတ်လို့ကတော့ တစ်ခါတည်းတောင် လက်ထပ်ပစ်ချင်၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီးမှ ကျောင်းတက်လည်း ရတာပဲ။ ဒါမှ ဝတ်မှုံတို့ ပိုင်ပိုင်မဏ္ဍပ်တိုင် တက်ပြလို့ရမှာ။

ခုတော့ တစ်ဝက်ဆိုင်ဘဝနဲ့ ဘာမှ လုပ်လို့မရ။ စေ့စပ်ပွဲသတင်းကို သတင်းစာထဲ ခုနစ်ရက်ထည့်ချင်တာတောင် ဖေဖေက ထည့်ခွင့်မပေး။ ဒါတောင် တားနေသည့်ကြားက သုံးရက်ဆက်တိုက် ထည့်ပစ်လိုက်သေးသည်။

ဆေးကင်းကို တစ်ဝက်ဆိုင်ထား၍လည်း မာန်တက်နေသည်။

မကြာခဏ ကျောင်းလာကြိုတတ်သလို မကြာခဏလည်း ကျောင်းထဲ လိုက်လာတတ်သည်။

တကယ်မလွယ်တဲ့ ဝတ်မှုံဗလ။ မိုးထိလည်း စိတ်ပျက်နေသည်။ နဂိုတည်းက စိတ်မပါပါဘူးဆို။ မိုးထိက အေးတိအေးစက်နိုင်လေ ဝတ်မှုံက ပိုပြီးသည်းလေပါပဲ။

"ယောက်ျားလေးဆို မောင့်လို တည်တည်ကြည်ကြည်လေးမှ ဝတ်မှုံက သဘောကျတာ ...





လက်ထပ်ပြီးမှ ကျောင်းဆက်တက်ရင်လည်း ရတာပဲ မောင်ရယ်၊ ဝတ်မှုံ မောင့်ကို စိတ်မချဘူး"

"ဒါတော့ လုံးဝမဖြစ်နိုင်ဘူး၊ ကိုယ် လွတ်လွတ်လပ်လပ်ပဲ ပညာသင်ချင်တယ်၊ ဘွဲ့ရမှ လက်ထပ်မယ်"

မိုးထိ မိဘတွေကလည်း ဦးဗလရဲ့ကြွယ်ဝမှုတွေကြောင့်သာ ဝတ်မှုံဗလကို သဘောကျတာလေ။ ဝတ်မှုံက မိုးထိကို စိတ်အနှောင့်အယှက်ပေးတာကိုတော့ မနှစ်မြို့ကြပါ။

ထို့ကြောင့် လက်ထပ်ပွဲကို ပါးနပ်စွာ အချိန်ဆွဲထားကြသည်။

ဝတ်မှုံ မိဘတွေကလည်း မိုးထိ ကျောင်းပြီးလို့ ဆရာဝန်ဖြစ်မှပဲ လက်ထပ်ပေးလိုကြသဖြင့် ဝတ်မှုံဗလရဲ့ဆန္ဒကို လိုက်လျောမည့်သူ မရှိဘဲ မိုးထိက မဲအပြတ်အသတ်ဖြင့် အနိုင်ရလိုက်သည်။

ဝတ်မှုံသည် မကြာခဏဆိုသလို မိုးထိနဲ့ ဓာတ်ပုံတွေတွဲရိုက်လေ့ရှိပြီး သူမ Facebook မှာတင်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုံနဲ့ မိုးထိတို့ သတင်းက ဆေးကျောင်းတစ်ခွင် သာမက ဝတ်မှုံတို့ အသိုင်းအဝိုင်းတစ်ခုလုံး ကလေးရော ခွေးပါ မကျန် သိကုန်ကြပါပြီ။

ဝတ်မှုံက ပွဲတက်စရာရှိရင်လည်း မိုးထိကို မဖြစ်မနေ ခေါ်ချင်သည်။

မိုးထိက မလိုက်ရင်လည်း စိတ်ဆိုး ဂျီတိုက်လို့ မဆုံး။

"ဝတ်မှုံ ကိုယ်က ဆေးကျောင်းသား၊ စာတွေလည်း အရမ်းများတယ်၊ ကိုယ့်မှာ ပွဲလမ်းတက်ဖို့ အချိန်မရှိဘူး ဝတ်မှုံ၊ ဆေးကျောင်းဆိုတာ ကိုယ်ဝါသနာပါလို့ တက်နေတာ၊ ပညာရေးဝစ်ပြီးတော့ သွားလာဖို့အချိန်မရှိဘူး၊ အဲဒါကို နားလည်မပေးနိုင်ဘူးဆိုရင် ကိုယ်နဲ့ ဝတ်မှုံ ရှေ့ဆက်ဖို့ အဆင်ပြေမှာ မဟုတ်ဘူး"

"မောင်ကလည်း ယောကျာ်းလေးဆိုပြီး နိုင့်ထက်စီးနင်း မပြောပါနဲ့"



"နိုင့်ထက်စီးနင်း မပြောပါဘူး၊ အခု ကိုယ်ပြောတာကို ဝတ်မှုံ နားမလည်ဘူးလား၊ နားလည်မှုမရှိရင် ရှေ့ဆက်ဖို့ မလွယ်ဘူး ဝတ်မှုံ၊ ပြီးတော့ ကိုယ် တစ်ခါတည်းပြောထားဦးမယ်၊ ကိုယ်သဘောကျတဲ့ပုံစံက ရိုးသားအေးဆေးပြီး နားလည်မှုရှိတဲ့ပုံစံမျိုးပဲ၊ ပွဲလမ်းတွေတက်ဖို့ ဝါသနာပါတဲ့ မိန်းကလေးမျိုးဆို သဘောမကျဘူး၊ မဖြစ်မနေသွားသင့်တဲ့ နေရာဆိုသွင်းပါ၊ အားတိုင်းလုပ်နေကြတဲ့ အရည်မရ အဖတ်မရ ပွဲတိုင်းတော့ လိုက်မတက်စေချင်ဘူး"

"လူမှုရေးဆိုတာ ရှိသေးတယ် မောင်"

"ကိုယ်နားလည်ပါတယ်၊ ဒါပေမဲ့ ပွဲတိုင်းလိုက်တက်နေရင် ဘာအလုပ်မှကို လုပ်ရတော့မှာ မဟုတ်ဘူး၊ ပွဲတက်မှ လူရာဝင်တာ မဟုတ်ပါဘူး ဝတ်မှုံ"

"အေးပေါ့လေ မောင်က နယ်က တက်လာတာဆိုတော့လည်း ဘယ်နားလည်ပါ့မလဲ"

"ဝတ်မှုံ ... ကိုယ်ပြောတာကို မင်း နားကိုမလည်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"မောင်လည်း ဝတ်မှုံကို နားမလည်ပါဘူး၊ မောင်နားလည်အောင်လည်း ဝတ်မှုံရှင်းမပြတော့ဘူး၊ မောင်လည်း ကြိုက်သလိုနေ၊ ဝတ်မှုံလည်း ဝတ်မှုံ နေသင့်သလိုတော့ နေရမှာပဲ၊ တစ်ခုတော့ရှိတယ်၊ မောင် ဝတ်မှုံတို့ အသိုင်းအဝိုင်းမှာ ဝင်ဆံ့နိုင်အောင်တော့ ကြိုးစားဦး"

သူနဲ့ ဝတ်မှုံက အရှေ့နဲ့အနောက်လို ဆန့်ကျင်ဘက်တွေ ဖြစ်နေပါသည်။

မိဘမဲ့တွသဘောကျ ချေးမလောင်းကို သူ မဆန်းစစ်ဘဲ အလွယ်တကူ လက်ခံခဲ့မိတာ မှားပြီထင်သည်။

ဆေးကျောင်းသူကို ရွေးချယ်ခဲ့ရင်တောင် အဆင်ပြေနိုင်သေးသည်။

ခုတော့ ဝတ်မှုံနဲ့ သူ့ စေ့စပ်ထားတာလည်း လူသိရှင်ကြား၊ တိုင်းသိပြည်သိ ဆိုတော့ နောက်ကြောင်းပြန်လှည့်ဖို့ ခက်သည်။ မေမေတို့ကလည်း ဝတ်မှုံမိဘတွေနဲ့ မကင်းရာမကင်းကြောင်းတွေ ဖြစ်နေသည်။



သူ စိတ်တွေညစ်နေသည်။ စာထဲလည်း အာရုံစိုက်လို့တောင်မရ။ ပုဝါဖြူကိုလည်း သတိရသည်။ မျက်လုံးတောက်တောက်ကလေးတွေနဲ့ သူပြောသမျှ ခေါင်းညိတ်နားခံတတ်တဲ့ ကောင်မလေး။

သူ့ကွယ်ရာကျမှ ရက်ရက်စက်စက် သစ္စာဖောက်သွားတာ။

ဝတ်မှုံကတော့ လုံးဝကို အချိုးမပြေ။ သူ့ဗွေးသမီးမာနတွေကလည်း လျှံတက်နေသည်။ ဒါပေမဲ့ အဲဒီအချိုးမပြေတဲ့ ဝတ်မှုံကို လက်ထပ်ဖို့ ဆေးရာသလောက် ဖြစ်နေပြီ။

သူ့ဘဝက ရယ်စရာတော့ ကောင်းသား။ မိုးထိစိတ်တွေညစ်တိုင်း အိပ်ရာထဲခွေနေမိတာ စာတွေတောင် နောက်ကျကုန်ပြီ။

✧ ❤ ✧

www.burmeseclassic.com

www.burmeseclassic.com



ပုဝါဖြူတို့အိမ်မှာ သတင်းစာယူပါသည်။ တစ်လမှ နှစ်ထောင်ပဲကျတဲ့ သတင်းစာဖိုးကို ပုဝါဖြူ့မုန့်ဖိုးထဲက သုံးခဲ့တာပါ။

သတင်းစာထဲမှာ မိုးထိအောင်မြင့်ရဲ့ စေ့စပ်ပွဲသတင်းက သုံးရက်ဆက်တိုက်တောင် ပါတာလေ။

စေ့စပ်ပွဲကို ဆီဒိုးနားမှာ အကြီးအကျယ်ကျင်းပပို့ထောက်ရင် သူ့သတို့သမီးကလည်း တော်တော်ချမ်းသာမှာပေါ့လေ။

ပုဝါဖြူ စေ့စပ်ပွဲသတင်းဖတ်ရတော့ လက်ထဲက သတင်းစာတောင် ပြုတ်ကျ၏။





ရင်ထဲမှာလည်း လှိုက်ခါသွားကာ လူက ခြေပစ်လက်ပစ်။

ဝေးခဲ့ကြပြီးမှန်းသိပေမယ့် ဒီသတင်းကို လက်မခံနိုင်ဖြစ်နေတဲ့ နှလုံးသားထဲမှာ တစ်စစီ ပဲ့ကြွေကျနေသည့်အလား။

မိဘတွေမသိအောင် ရေချိုးရင်း အားရပါးရ ငိုမိသည်။ ကရင်မကိုခေါ်ကာ ရွှေဆံတော်ဘုရားပေါ် သွားထိုင်ရင်း ကြေကွဲမိသည်။

ကန်တော်ကြီးထဲသွားပြီး လူရှင်းသည့်နေရာရှာကာ အားရပါးရ ထိုင်ငိုမိသည်။

ကရင်မကလည်း မျက်ရည်ဝဲကာ ....

"ဒါပါပဲဟာ နောက်ဆုံးတော့ အချစ်ဆိုတာ ပိုက်ဆံချမ်းသာတဲ့လူတွေပဲ ပိုင်ဆိုင်ခွင့် ရှိတာပါ၊ အချစ်၊ မေတ္တာ၊ သစ္စာဆိုတာတွေက နှစ်ဆယ်ရာစုမှာ ကျန်ခဲ့ပြီဟာ၊ နှစ်ဆယ့်တစ်ရာစုမှာ အချစ်က ပိုက်ဆံကိုပဲ ကိုယ်စားပြုတော့တာယ်၊ မကြေကွဲနဲ့ သူငယ်ချင်း၊ ဒါက နိယာမတရားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ တကယ်ချစ်ခဲ့တာဟ"

"ငါယုံပါတယ်ဟာ၊ ဒါပေမဲ့လည်း ငါတို့က ချစ်ခွင့်မရှိဘူး၊ အထူးသဖြင့် ပိုက်ဆံရှိမိန်းမတွေနဲ့ ယှဉ်ရင်ပေါ့ဟာ"

"ဝေသစမ်းဟာ၊ လောကကြီးက ဘာကြီးလဲ"

"အဲဒါ လောကကြီး မဟုတ်ဘူးဟာ၊ ယောက်ျားတွေရဲ့ အောက်တန်းကျတဲ့စိတ်ပဲ၊ မိန်းမထဘီနား ခိုစားချင်တဲ့ ယောက်ျားနဲ့ သူတို့ပိုင်ဆိုင်သမျှ မျှမပေးနိုင်တဲ့ယောက်ျားတွေဟာ ငါတို့လို ငမွဲတွေကို အတည်မယူဘူး၊ လှလို့ ချစ်ချင်ချစ်မယ်၊ လက်ထပ်ဖို့အထိ စိတ်ကူးမရှိကြဘူး၊ နင်ကသာ ငိုနေတာ၊ ဟိုက နင့်ကို သတိတောင်ရမှာ မဟုတ်ဘူး"

ပုဝါဖြူသည် မစားနိုင် မအိပ်နိုင်ဖြင့် အလူးအလဲ ခံစားနေရသည်။

ဖခင်ဖြစ်သူက သိပါသည်။ သတင်းစာထဲ မိုးထိရဲ့ ဈေးစပ်ပွဲသတင်း ပါလာ၍ သမီးဖြစ်သူ ခံစားနေရရှာသည်။





ထို့ကြောင့် သမီးဖြစ်သူကို ချော့မော့ကာ အဝတ်အစားတွေ ဝယ်ပေး၊၊ ဆွဲကြိုးကလေး လဲပေးနဲ့ လုပ်ပေးပေမယ့် သမီးကတော့ မှိုင်မြဲ။

"ကိုကျော်စွာ ရှင့်သမီး ဘာဖြစ်နေပြန်ပြီလဲ မသိဘူး၊ တမှိုင်မှိုင် တတွေတွေနဲ့"

"ထားလိုက်ပါကွာ"

"ရှင်ကလေ ... တော်တော်နေနိုင်တယ်"

အမေကတော့ မသိရှာပေ။

"ပုဝါဖြူ ညည်း ဘာဖြစ်နေတာလဲအေ၊ တမှိုင်မှိုင် တတွေတွေနဲ့"

"ဘာမှမဖြစ်ပါဘူး အမေရာ"

"ထားလိုက်ပါ မိန်းမရယ်၊ သမီးလည်း သူ့အကြောင်းသူ ရှိမှာပေါ့"

"ရှိရင်လည်း မိဘကို တိုင်ပင်ပေါ့"

"မင်းကလည်းကွာ၊ သူ့အရွယ်နဲ့ သူ့ကိစ္စရှိမှာပေါ့၊ နေရာတကာကြီး လိုက်မေးမနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဖေက ပုဝါဖြူကို နားလည်ပေးလှပါသည်။ ပုဝါဖြူသည် မထိန်းနိုင်လောက်အောင် မျက်နှာပျက်ကာ မှိုင်တွေနေခဲ့ပါသည်။

တစ်ချိန်လုံး ဘာလေးပြောပြော မျက်ရည်ကဝဲချင်နေသည်။ ဝမ်းနည်းမှုတွေ၊ အားငယ်မှုတွေကလည်း ဘယ်ချောင်ကနေ တိုးထွက်လာမှန်းမသိ။

✧ ❤ ✧

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဧယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





ကရင်မရဲ့ အဘွားဆုံး၍ ကရင်မတို့ ရန်ကုန်က အိမ်နဲ့ခြံကို အမွေရလိုက်ကြသည်။

ထို့ကြောင့် ကရင်မ ရှေ့ရေးအတွက် အမိုးက ရန်ကုန်ကိုပြောင်းဖို့ ဆုံးဖြတ်ကာ တောင်ငူက အိမ်နဲ့ခြံကိုရောင်းသည်။

တောင်ငူမှာ အမိုးက အိမ်ဆိုင်လေး ဖွင့်ထားတာမို့ ရန်ကုန်မှာလည်း အိမ်ဆိုင်လေးပဲဖွင့်ဖို့ ဆုံးဖြတ်ထားသည်။

ပြီးတော့ ကရင်မက ဘွဲ့ရပြီးသားဆိုတော့ ရန်ကုန်မှာ အလုပ်ကောင်းကောင်းလေး ရနိုင်သည်လေ။

ထို့ကြောင့် ရန်ကုန်ကို အပြီးပြောင်းကြမှာပါ။ ပုဝါဖြူက အားလျော့သည်။ ကရင်မ မရှိရင် ပုဝါဖြူ ဘက်မြှောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ခုလို စိတ်ဓာတ်ကျနေချိန်မှာ ကရင်မက ရန်ကုန်ပြောင်းမည် ဆိုတော့ ပုဝါဖြူ ပိုပြီးစိတ်ဓာတ်ကျသွားသည်။

"ဒါဆို နင်ပါ ငါတို့နဲ့ လိုက်ခဲ့ပါလား၊ ဟိုရောက်ရင် နင်နဲ့ငါ အတူတူ အလုပ်ရှာကြမယ်လေ၊ အိမ်မှာကလည်း ငါနဲ့အမိုးနှစ်ယောက်ပဲ ရှိမှာ၊ ငါတို့လည်း နင်လာနေတော့ ပိုအားရှိတာပေါ့"

"ငါလိုက်ချင်တယ်ဟာ"

"အေး ... လိုက်ခဲ့လို့"

"အိမ်က ထည့်ပါ့မလားမသိဘူး"

"ငါလည်း ဝိုင်းပြောပေးမယ်ဟာ၊ အမိုးကိုပါ ပြောနိုင်း လိုက်မယ်"

သူတို့ အမိုးကိုပါ ကပ်ပြီးပူဆာကြသည်။ အမိုးက လည်း ပုဝါဖြူကို ချစ်တာမို့ ...

"အမိုးက ခေါ်တော့ခေါ်ချင်တာပေါ့ကွယ်၊ ဒါပေမဲ့ ပုဝါဖြူ့ အဖေနဲ့အမေကလည်း သမီးလေးတစ်ယောက်ရှိတာ ထည့် ပါ့မလား သမီးရယ်"





"ပြောကြည့်ရမှာပေါ့ အမိုးရယ်၊ အလုပ်ရှာမယ်ဆိုပြီး ပြောရင်တော့ ရမှာပါ၊ သမီး လိုက်ချင်တယ် အမိုးရယ်"

"ဟုတ်တယ် အမိုး၊ ကျွန်မလည်း ခေါ်ချင်တယ်"

"ဖိုးမူရယ် ... နင်ကလည်း၊ ငါက လူကြီးဟဲ့၊ စဉ်းစားရ တယ်၊ ကဲပါ လိုက်ပြောကြည့်မယ်၊ သမီးမိဘတွေ မထည့် ရင်တော့ အမိုးမတိုက်တွန်းဘူးနော်၊ အမိုး ကိုယ်ချင်းစာ တယ်သမီးရေ၊ သူတို့ခမျာလည်း သမီးလေးတစ်ယောက် ရှိတာ အနားထားချင်မလားလို့"

"ဟုတ်ကဲ့ပါ အမိုး"

အမိုးနဲ့ကရင်မတို့ ပုဝါဖြူ့မိဘတွေကို လာပြောပေး ကြသည်။

"ပုဝါဖြူ သမီး ... အမယ်လေး မလိုက်သွားပါနဲ့ သမီး ရယ်၊ အမေမခွဲနိုင်ပါဘူးအေ"

"သမီး ဒီမှာဆို ဘာမှ လုပ်စရာမရှိတာ အမေရဲ့၊ ဘွဲ့ရပြီး ပြီ၊ အင်္ဂလိပ်စကားပြောလည်း ကောင်းကောင်းရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သမီး အလုပ်သွားလုပ်ချင်တယ် အမေရယ်၊ ကရင်မနဲ့အတူ အလုပ်ရှာရမှာဆိုတော့ အဖော်လည်းရှိ နေစရာလည်းပူစရာ မလိုဘူးလေ၊ သမီး လိုက်သွားချင်တယ် အမေရယ်"

"အမေ မသွားစေချင်ဘူး သမီးရယ်၊ အမေ မခွဲနိုင်ဘူး အေ"

"အမေကလည်း သမီးက ဘွဲ့ရအောင် ပညာသင်ထားပြီး ဘာမှမလုပ်ရတော့ဘူးလား"

"ဒီမှာပဲ သူနာပြုသင်တန်းလေး တက်ပါလား သမီးရယ်"

"မတက်ချင်ဘူး ... မတက်ချင်ဘူး ... မတက်ဘူး"

"တွေ့လား ကိုကျော်စွာ၊ ရှင့်သမီး ခါးခါးသီးနေတာ၊ အစကတော့ ဂါသနာပါတယ်ဆိုပြီး"

"ဝါသနာမပါပါဘူး"

"အမျိုးမျိုးပဲ၊ ကိုကျော်စွာ မပြောတော့ဘူးလား"

"သမီး လိုက်သွား၊ အဖေ ခွင့်ပြုတယ်"

"ဟင် ... ကိုကျော်စွာ"





"မင်း အသာနေစမ်းပါ၊ သမီး အလုပ်ရှာလို့ရရင် ကောင်းကောင်းလုပ်ပါ၊ ဒီမှာနေသလို မနေပါနဲ့၊ ဒီမှာလုပ်သလို တွေ မလုပ်ပါနဲ့၊ ဘဝကို အသစ်ကပြန်စပြီး ကောင်းကောင်း မွန်မွန် ပျော်ပျော်ရွှင်ရွှင်နေမယ်လို့ ကတိပေးနိုင်ရင် လိုက်သွား"

"အဖေ"

"အဖေ အကုန်သိတယ် သမီး၊ ရန်ကုန်ကို လိုက်တာဟာ အတိတ်ကိုပြန်တူးဖို့ မဖြစ်ပါစေနဲ့၊ ပြီးတော့ သမီး ကောင်လေးတွေနဲ့ တွဲတာမျိုးတွေလည်း ဆက်မလုပ်ပါနဲ့ အဲဒါ တော့ ကတိပေး၊ ပြီးစလွယ် မတည်နိုင်မယ့် ကတိမျိုးလည်း မပေးပါနဲ့"

"စိတ်ချပါ အဖေ၊ သမီး ကတိပေးပါတယ်"

"အမိုးစကားလည်းနားထောင်၊ အမိုးကိုလည်း အပ်ပါတယ်၊ မဟုတ်တာလုပ်ရင်လည်း ဆုံးမပေးပါ အမိုး၊ ကျွန်တော့်ကို အကြောင်းကြားပါ၊ အမိုးခေါ်သွားပေးတာလည်း ကျေးဇူး တင်ပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွယ်၊ ငါက ပုဝါဖြူကို သားသမီးရင်းလိုပဲ ဖြစ်နေပြီ၊ ပုဝါဖြူလိုက်တာ ငါတို့လည်း တအားရှိတာပေါ့ကွယ်၊ ဒါပေမဲ့ သမီးတစ်ယောက်ပဲရှိတဲ့သူချင်း ကိုယ်ချင်းစာလို့ လာမပြောချင်ခဲ့ဘူး၊ ကလေးနှစ်ယောက် အတင်းဂျီကျနေလို့သာ၊ ပုဝါဖြူ့အမေ ခံစားချက်ကိုလည်း ငါ ကိုယ်ချင်းစာပါတယ်"

"ဟုတ်တယ် အမိုး၊ သမီးနဲ့သူ့အဖေသာ စည်းဝါးကိုက်နေကြတာ၊ ကျွန်မကလုံးဝမလွှတ်ချင်ဘူး၊ ဒါပေမဲ့ သူတို့သားအဖနှစ်ယောက်ကို ကျွန်မ မနိုင်ပါဘူး အမိုးရယ်၊ သမီးကို အမိုးသမီးလေးလို စောင့်ရှောက်ပေးပါနော် အမိုး"

"ဟယ် ... ဒါတော့ စိတ်ချ၊ ငါ့သမီးရင်းနဲ့ထပ်တူ စောင့်ရှောက်မှာ"

ကရင်မက ပျော်နေသည်။ ပုဝါဖြူကတော့ ရေမြေသစ်မှာ မိုးထိကို မြန်မြန်မေ့ပစ်ချင်သလို မသိစိတ်ထဲမှာလည်း ရန်ကုန်မှာ မိုးထိရှိနေတယ်ဆိုတဲ့အသိက ကိန်းအောင်းနေသည်။





ရန်ကုန်သွားဖို့ ပြင်ဆင်တော့ အမေက မျက်ရည်တစမ်းစမ်းနှင့်။

"သမီး လိမ္မာနော်၊ ဆံပင်တွေလည်း မညှပ်နဲ့၊ မြန်မာဝတ်စုံလေးတွေလည်း မချွတ်နဲ့နော် သမီး"

"အလုပ်က စကတ်အတိုဝတ်ရရင်ရော အမေ"

"အမယ်လေး ... အဲလိုအလုပ်မျိုးတော့ မလုပ်နဲ့အေ၊ မလုပ်ရလို့ ထမင်းမငတ်ဘူး"

✧❤✧



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တော့ ကရင်မတို့ အဘွားခြံက မြောက်ဥက္ကလာ ဆေးကျောင်းနားမှာ။ ပုဝါဖြူ ရင်ခုန်သံတွေမြန်သွား၏။ ဒါပေမဲ့ သူက မြောက်ဥက္ကလာဆေးကျောင်းလား၊ လမ်းမတော် ဆေးကျောင်းလား မသိပါ။

ပုဝါဖြူတို့ရောက်ပြီး အိမ်နဲ့ခြံကို သန့်ရှင်းရေးလုပ်၊ ဆေးသုတ်တန်သုတ် ပြန်လုပ်ရသည်။ ပြီးတော့ အမိုး အိမ်ဆိုင်းလေးဖွင့်ဖို့ ပြင်ဆင်ရသည်။

ရန်ကုန်ရောက်ကတည်းက ဆေးကျောင်းသားတွေကိုပဲ တွေ့နေရသဖြင့် ရောဂါမှုသက်သာတဲ့အပြင် ဝေဒနာတိုးရင်းလာသည်။

မိုးထိနဲ့ဆင်တဲ့သူတွေ့တိုင်းလည်း အသည်းအသန် လိုက်ကြည့်မိသည်။





သူမတို့ပြောင်းလာတာကိုလည်း ပတ်ဝန်းကျင်က သတိပြုမိသည်။ အထူးဖြင့် ယဉ်စစကလေးလှနေတဲ့ ပုဝါဖြူကို ပိုပြီး ဂရုပြုမိကြသည်။

ပတ်ဝန်းကျင်မှာ ဆေးကျောင်းသားတွေစုပြီး အိမ်ငှားနေကြတာတွေလည်း ရှိတာမို့ ပုဝါဖြူ့ကို ရစ်သီ ရစ်သီနဲ့ ဈေးဆိုင်မှာ ဈေးလာဝယ်ကြ၏။

ဒါပေမဲ့ ပုဝါဖြူက ခပ်တည်တည် ခပ်တင်းတင်းပဲ နေတာမို့ ဘယ်သူမှ မစရဲကြပါ။

တကယ်ကြွေနေရှိတဲ့ မိန်းမတစ်ယောက်ကို တော်ရုံတန်ရုံယောက်ျားတွေက ရှိန်စောာရှိန်ပါသည်။

ဆန်ကွဲရောဖွဲရောနှင့် စကားလာပြောရင်လည်း ပုဝါဖြူက ခပ်တည်တည်နဲ့ ကောင်းကောင်းမွန်မွန်ပဲ ပြန်ပြောတာမို့ ထိုထက်မပိုရဲကြ။ ဆေးကျောင်းသားတွေဆို သာမန်ဘွဲ့ရ မိန်းကလေးတွေက ငမ်းငမ်းတက်ဖြစ်နေကြတဲ့ခေတ်မှာ သူမက ခပ်တင်းတင်းမို့ ဆေးကျောင်းသားတွေက ပိုပြီး စိတ်ဝင်စားကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာက ခက်ခက်ခဲခဲ ရတဲ့အရာကိုမှ တန်ဖိုးထားတတ်ကြတာလေ။

တဖြည်းဖြည်း ပုဝါဖြူသတင်းက ဆေးကျောင်းသားတို့ပါးစပ်များမှာ ရေပန်းစားလာသည်။

ပုဝါဖြူသည်လည်း မိုးထိသတင်းတွေကို ကြားရပါသည်။ မိုးထိ ဒီဆေးကျောင်းမှာတက်နေတဲ့သတင်း ကြားရတုန်းကဆို ပုဝါဖြူ နှလုံးခုန်တွေတောင် ရပ်သွားပြီလား ထင်ရသည်။

သူ ဒီဆေးကျောင်းမှာပဲတဲ့။ ပြီးတော့ သူက ဆေးကျောင်းက ဘုရင်တစ်ပါးတဲ့လေ။ အဲဒီအကြောင်းကိုတော့ ရှေးလာဝယ်တဲ့ အဆောင်နေ ဆေးကျောင်းသူတွေဆီက ကြားရတာပါ။

မိုးထိနဲ့ စေ့စပ်ထားတဲ့ မိန်းမကလည်း မစွံပါဘူးတဲ့။ ယောဟောရမ်းရမ်း သူဌေးသမီးတစ်ယောက်တဲ့။ မိုးထိနဲ့ တန်တောင်မတန်ဘူးတဲ့။

သတင်းတစ်ခု ကြားရတိုင်း သူမ ရင်တွေတုန်၏။ ကရင်မက ...



"ဒုက္ခပါပဲ ဒီကိုခေါ်လာကာမှ နင့်ကို ပိုပြီးဆွဲနှစ်သလိုဖြစ်နေပြီ၊ ဘယ်လိုလုပ်ရမလဲ"

"ငါ သူ့ကို တွေ့ချင်လိုက်တာ"

"ဘာဒုက္ခ ရှာဦးမလို့လဲ"

"မျက်နှာချင်းဆိုင် မဟုတ်ပါဘူး၊ သူ မသိအောင်တွေ့ရရင် ကျေနပ်ပါတယ်"

"နင် သူ့ကို ချစ်နေတုန်းပဲကိုး"

"ငါ ဘယ်တုန်းကမှ မမုန်းခဲ့ပါဘူး၊ စပြီးချစ်ခဲ့တည်းက မဆုံနိုင်မှန်း သိရက်နဲ့ ချစ်ခဲ့တာ"

"ငါ နင့်ကို သနားလိုက်တာ၊ သစ္စာဖောက်တဲ့သူကို မမုန်းနိုင်တဲ့ နင်လိုမိန်းမကို ငါသနားလိုက်တာ ပုဝါဖြူရယ်၊ ဒါပေမဲ့ မျှော်မနေနဲ့ဟဲ့သိလား၊ မိုးထိက ကျောင်းကို ကားနဲ့လာတာ၊ ကျောင်းထဲကို ကားနဲ့တန်းဝင်တာတဲ့၊ ပြီးတော့ စာသင်ခန်းထဲ တစ်ချိန်လုံးဝင်၊ အားရင် စာကြည့်တိုက်ပြေးပြီး စာဖတ်တာတဲ့၊ ကန်တင်းင်ထိုင်ရင်တောင် စာအုပ်နဲ့တဲ့၊ အပြင်ကို ထွက်လာဖို့တော့ဝေး၊ မျှော်မနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ငါ ကျောင်းထဲ သွားကြည့်ရင်ရော"

"ပိုပြီး သတင်းကြီးချင်လို့လား၊ ပုဝါဖြူ ဆေးကင်းကို လာရှာတဲ့မိန်းမဆိုပြီးတော့လေ၊ အေးအေးနေစမ်းပါဟား ကံပါရင် တွေ့ရလိမ့်မယ်"

"ကံတော့ ပါ,မပါ မသိဘူး၊ အခု ငါက သူတက်နေတဲ့ ကျောင်းရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်နေပြီလေ"

"ပုဝါဖြူ ဟိုက တိုင်းသိပြည်သိ စေ့စပ်ထားတာ၊ နင့်ကို မျက်နှာချင်းဆိုင်တွေ့လို့ မသိချင်ယောင်ဆောင်သွားရင် နင် ဘယ်လိုလုပ်မလဲ၊ အတင်းလိုက်ခေါ်မှာလား၊ ပြီးတော့ သူနဲ့စေ့စပ်ထားတဲ့မိန်းမကလည်း မလွယ်ဘူးတဲ့၊ ကိုယ့် ဘာသာ အေးဆေးပဲနေဖါဟာ၊ ငါတို့ အလုပ်ရှာကြမယ်၊ အလုပ်ရရင် စိတ်ငြိမ်သွားမှာ"

"အေး ... အလုပ်ရှာတာပဲကောင်းပါတယ်၊ ဘာမှမျှော်လင့် ချက်မရှိတော့ဘဲ ကိစ္စအတွက် ခံစားနေမယ့်အစား ကိုယ့် ဘဝတိုးတက်ရာ တိုးတက်ကြောင်း လုပ်တာပဲ ကောင်း တယ်"





"အေး ... အဲလို အမြင်မှန်ရစမ်းပါဟာ၊ ကဲ ... ပြောနေ တာကြာတယ်၊ အလုပ်ခေါ်တဲ့ကြော်ငြာပါတဲ့ ဂျာနယ်တွေ သွားဝယ်ကြစို့"၊

ဂျာနယ်တွေဝယ်ပြီး နှစ်ယောက်သား ခေါင်းချင်း ဆိုင်ကြသည်။

✧❤✧



www.burmeseclassic.com

www.burmeseclassic.com



ပုဝါဖြူသတင်းက ဆေးကျောင်းထဲမှာ အရမ်းကြီး မဟုတ်တောင် ကွက်တိကွက်ကျားတော့ သတင်းရောက်ပါသည်။

ပုဝါဖြူ ယဉ်တဲ့အကြောင်း၊ ဣန္ဒြေရှိတဲ့အကြောင်း၊ ဖွဲ့ဆောင်မှုရှိတဲ့အကြောင်း စသဖြင့် ကျောင်းသားတချို့ ကြားမှာ သတင်းကြီးနေပါသည်။

အဆောင်နေကျောင်းသားတွေ၊ ကျောင်းပြင်ထွက်ပြီး **Bus** စီးရတဲ့ ကျောင်းသားတွေက ပုဝါဖြူကို မြင်ကြပါသည်။ ထိုကျောင်းသားတွေမှတစ်ဆင့် ကျောင်းထဲရောက်လာပါသည်။

ခပ်ပေါ့ပေါ့ ခပ်ဆိုးဆိုးကျောင်းသားတွေက လောင်း *ကြေးစားကြေးနဲ့ ပြိုင်လိုက်ဖို့တောင် ပြောကြဆိုကြ။* ပုဝါဖြူကို တလေးတနက် စိတ်ဝင်စားတဲ့သူလည်းမရှိ။ ဒါပေမဲ့ ဆေးကျောင်း





သားဆိုတာလည်း သိပ်အားအားယားယား မရှိတော့ ပုဝါဖြူ့နား သိပ်မရောက်ဘဲ စာတွေရဲ့ ဖွဲ့ဆောင်ရာနောက်သို့သာ ပါနေကြသည်။

ဖြစ်ချင်တော့ ပုဝါဖြူကလည်း အလုပ်ရသွားသည်။ ပုဝါဖြူနဲ့ ကရင်မကလည်း ပုဂ္ဂလိကဘဏ်တစ်ခုမှာ အလုပ်ရသွားသည်။ ထို့ကြောင့် မိုးလင်းကနေမိုးချုပ်အထိ ပုဝါဖြူ့ကို မတွေ့ရ။

ဒီတော့ ပုဝါဖြူနားချဉ်းကပ်ချင်သူ အခွင့်အရေးမရ ဖြစ်နေကြသည်။ ဒီခေတ်ကြီးမှာ မိန်းကလေးတစ်ယောက်ကို ကြိုက်လွန်းလို့ အသည်းအသန်လိုက်တယ်ဆိုတာလည်း ရှားသွားပြီလေ။ မိန်းကလေးတွေပဲ ဈေးကျလာတာလား။ ယောကျ်ားလေးတွေပဲ အပျင်းကြီးတာလား။ ဒါမှမဟုတ် လွယ်လွယ်ရလို့ပဲ မာန်တက်နေတာလား။

သေချာတာကတော့ မိန်းကလေးတွေ ကိုယ်တိုင်ကလည်း သူပြိုင် ကိုယ်ပြိုင် လျှော့ရင်း လျှော့ရင်း လျှော့လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကတင်းလိုက်ရင် တခြားသူဆီရောက်သွားမှာ စိုးလို့ လျှော့ရင်း လျှော့ရင်း လျှော့လာကြတာပါ။

တကယ်တော့ ဏုဏ္ဍသိက္ခာနဲ့ တည်တည်ကြည် ကြည်နေမိလို့ အပျိုကြီးဖြစ်နေတဲ့သူတွေလည်း ရှိပါသည်။

အရွယ်လွန်မှ မဟာဒယားဈေးလျှော့ကာ Discount ချသလို ကိုယ့်ဘက်ကအမ်းပြီး ယူရမှာကြောက်လို့ အရွယ်ရောက်ကတည်းက မသိမသာ လျှော့ရင်း လျှော့ရင်း တဖြည်းဖြည်းနဲ့ ယောက်ျားတွေက ရေစီးရေလာကောင်းမယ့် မြောင်းတွေမှာ ခြေဆေးကြပါတော့သည်။

မိုးလင်းမိုးချုပ် အလုပ်လုပ်နေရတဲ့ မိန်းကလေးတွေဆို အလုပ်ထဲကလူနဲ့ ရည်းစားဖြစ်ရင်ဖြစ်။ မဟုတ်ရင်တော့ အပြင်ကလူနဲ့ ရည်းစားဖြစ်ဖို့မလွယ်။ အလုပ်မဝင်ခင်ကတည်းက ရည်းစားရှိခဲ့သူတွေဆိုရင်တော့ တစ်မျိုး။ တချို့လည်း ကျောင်းတက်ရင်း၊ သင်တန်းတက်ရင်း တွေ့ကြတာမျိုးတော့ ရှိသည်။ အဲလိုမှ မဟုတ်ရင်တော့ သေချာတယ်။ အပျိုကြီးဖြစ်တော့မည်။





အပျိုကြီးဖြစ်မှ တွေ့ကရာကို မဟာဒယား လိုက်ကပ်ပြီး အတင်းမြောင်းဖောက်ကာ အိမ်ထောင်ကျတဲ့သူတွေလည်း ရှိပါသည်။ ဒါပေမဲ့ များသောအားဖြင့် ထိုအိမ်ထောင်ရေးမျိုးက သာယာဖို့တော့ ရာခိုင်နှုန်း နည်းတတ်ပါသည်။

ထိုသို့ အပျိုကြီးဘဝနဲ့ လက်ထပ်သူတွေဟာ များသောအားဖြင့် ရတာယူတွေများပါသည်။ အချစ်ထက် အထီးကျန်မှုကြောင့် ရတာဆွဲယူကြတာမို့ ပြီးပြည့်စုံတဲ့ အိမ်ထောင်ရေးမျိုးတော့ မဖြစ်တာများ၏။ သူတို့ကိုယ်တိုင်လည်း သူတို့အိမ်ထောင်ရေးကို 100 % စိတ်တိုင်းမကျတတ်ကြပါ။

ဒီခေတ်ကြီးမှာ မိဘပေးစားတာ ထိုင်စောင့်ရင်တော့ အရိုးဆွေးသွားနိုင်ပါသည်။ များသောအားဖြင့် စပ်ဟပ်ပေးစားတယ်ဆိုတာ တစ်ရာမှာတစ်ယောက် မရှိတော့။

ခေတ်ကာလအခြေအနေအရ တစ်မိသားစုလုံး လက်လှုပ်နိုင်မှ ကောင်းကောင်းမွန်မွန် အသက်ရှူနိုင်တဲ့ခေတ် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိမ်ထောင်ပြုကြတဲ့ သက်တမ်းတွေတောင် တဖြည်းဖြည်း မြင့်တက်လာကြကာ အသက်အစိတ်မှာ ပုခက်ချိတ်မှ ဆိုတဲ့ စကားပုံကို မကြားဖူးတဲ့လူက များလာပါပြီ။

ထို့ကြောင့် မိဘတွေခမျာလည်း စပ်ဟပ်ပေးစားဖို့ နေ့ဒနသာသာ သားသမီးတွေ အိမ်ထောင်ပြုမှာတောင် ကြောက်နေကြသေးသည်။

ထိုထိုသောအကြောင်းတွေကြောင့် ဒီနေ့ခေတ်ကာလမှာ မိန်းမတစ်ယောက်ကို အချိန်ယူပိုးပန်းဖို့ စိတ်ကူးကို ယောကျ်ားလေးတွေ အိမ်မက်ထဲတောင် ထည့်မမက်ကြ။ ကြုံအိကြိုက်ခေတ်ကြီးမှာ ကြုံရင်အိပြီး အဆင်ပြေရင် ကြိုက်လိုက်ကြတာပဲ။

အရင်ခေတ်က ဇာတ်လမ်းတွေက ချစ်ကြိုက်ကွဲညားဇာတ်လမ်းမျိုးတွေချည်းပါ။ ဒီဘက်ခေတ်မှာတော့ ကြုံအိကြိုက်တွဲကွဲ ဇာတ်လမ်းတွေများ၏။ ကြုံရင်အိ၊ အိပြီးကြိုက်။ ကြိုက်ပြီးတော့တွဲ။ တွဲပြီးရင်ညားတဲ့အဆင့် မရောက်ဘဲ ကွဲကြတာများပြီး





ကွဲပြီးတဲ့စုံတွဲတွေ ညားဖို့ဆိုတာ မိန်းကလေးတွေက မျှော်လင့်ကောင်း မျှော်လင့်မည်။

ယောကျ်ားလေးတွေကတော့ နည်းနည်းမှ စိတ်ကူးမရှိကြ။

လွယ်လွယ်အိလို့ရတဲ့ ခေတ်ကြီးမှာ အသစ်ဘယ်လောက်ကောင်းကောင်း အဟောင်းတလည်လည် ဆိုတဲ့စကားကို မြောင်းထဲပို့လိုက်ကြပြီ။

အဟောင်းဆီမှာ ပြန်ပြီးအချိန်ကုန်ခံဖို့ထက် အသစ်အသစ်တွေပဲ ထပ်ထပ်အိတတ်ကြတာ ယောကျ်ားတွေရဲ့နှစ်ဆယ့်တစ်ရာစုဒဿန ဖြစ်နေပါပြီ။

ထို့ကြောင့် ပုဂါဖြူ အလုပ်လုပ်ရာသို့ ဘယ်သကောင့်သားမှ မလိုက်ကြတော့ပါ။

ပုဂါဖြူကတော့ မိုးထိကို မသိမသာ ရှာဖွေမြဲပါ။ အလုပ်လုပ်နေတော့ စိတ်တွေက အလုပ်ထဲဖွဲ့ဝင်သွားကာ ဆေဒနာတွေသက်သာရတာတော့ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်က ယွနီဖောင်းလည်းရ၊ ဖယ်ရီလည်းကြို့ပေးတဲ့မို့ ပုဝါဖြူအိမ်ကထွက်တာနဲ့ ဖယ်ရီကားပေါ် တန်းရောက်ကာ ဆေးကျောင်းသားတွေရဲ့ အနှောင့်အယှက်က ကင်းလွတ်သွား၏။

ဘာပဲဖြစ်ဖြစ် ပုဝါဖြူသည် မိုးထိနဲ့ နီးစပ်လာသလို ခံစားရပြီး တစ်ဖက်ကလည်း တိတ်တိတ်ကလေး အသည်းကွဲရင်း ...။

✧❤✧





ဘဏ်ရောက်တော့လည်း ဘဏ်မှာမို့ ပုဝါဖြူကို စိတ်ဝင်စားသူတွေ ရှိပါသည်။ ဘဏ်ကအိမ်ထောင်သည်အကောင်ကြီးကြီးတွေကလည်း ပုဝါဖြူကို အကဲစမ်းချင်ကြသေးသည်။

ပုဝါဖြူကို ဘဏ်မှာ ငွေလာအပ်တဲ့ (မိုက်ပူဖင်ကောက် နဖူးပြောင်) ပူကောက်ပြောင်တွေကလည်း မထိတထိ။

ပုဝါဖြူ အနေမှန်၍ သိပ်ပြီးတော့ မဆိုးရှားကြပါ။

ကျောင်းနားမှာ တွေ့ရဖို့ ရှာဖွေမိတဲ့ မိုးထိကို ဘဏ်မှာ တွေ့ရပါသည်။

ဖြစ်ချင်တော့ ပုဝါဖြူကောင်တာမှာကို မိုးထိက ငွေလွှဲလာထုတ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ငွေလွှဲလာထုတ် ... ဟင်"

ပုဝါဖြူကလည်း စကားသံပြတ်သွား၍ မော့ကြည့်လိုက်တော့ပါ။ သူက သိပ်ကို သန့်ပြန့်ချောမောနေပါသည်။

သူကလည်း ပုဝါဖြူ ရင်ထိုးကတ်က နာမည်ကို သေချာဖတ်ပြီး မယုံနိုင်သလို။

ပုဝါဖြူဆိုတာ သူတွေ့ခဲ့တဲ့ ပုံစံနဲ့က တခြားစီဖြစ်နေပြီလေ။

"ပုဝါဖြူရေ ... မြန်မြန်ဟေ့။ နောက်မှာ တန်းစီနေပြီလေ"

စီနီယာတစ်ယောက် အော်လိုက်တာကြောင့် သူမ...

"ငွေထုတ်မှာလား"

"ဟုတ်တယ်"

ပုဝါဖြူ သူ့ကို မြန်မြန်လုပ်ပေးလိုက်သည်။ တစ်နေ့လုံး အလုပ်ကို ဖျစ်ညှစ်လုပ်နေရပေမယ့် ပုဝါဖြူ့စိတ်တွေက ရှုပ်ထွေးဝမ်းနည်းလို့။





ပုဝါဖြူနဲ့ ကရင်မက ဆက်ရှင်မတွေ့တာမို့ ထမင်းစားချိန်ကြမှပဲတွေ့ကာ တရင်မကို ပြောပြလိုက်၏။

"ဟယ် ... သူက ဘာပြောသေးလဲ"

"ဘာမှမပြောဘူး၊ ငွေပဲထုတ်သွားတယ်၊ ငါ့ကိုတော့ အရမ်းကြည့်သွားတယ်ဟာ"

"တော်ပါတော့ဟယ်၊ ဘာမှမပြောသွားတဲ့ သူဆီကများ မျှော်လင့်နေသေးတယ်"

"ငါ အလုပ်ရှုပ်နေမှန်း သိလို့များ ..."

"တော်ပါတော့ဟယ်၊ မဖြစ်နိုင်တာကို မျှော်လင့်နေတာဟာ ကိုယ့်ကိုယ်ကိုယ် ညှဉ်းပန်းနှိပ်စက်တာနဲ့ အတူတူပဲဟဲ့၊ ဟိုက တိုင်းသိပြည်သိ စေ့စပ်ပြီးသွားပြီ၊ ပုဝါဖြူ ... နင် ဘာမှ မျှော်လင့်မထားနဲ့နော်၊ နင် ခံစားရလိမ့်မယ်"

"သူ ရက်စက်တယ်ဟာ"

"နင် နားလည်ဖို့ အရေးကြီးတယ်"

"သူ တကယ်စကားတစ်ခွန်းတောင် မပြောသွားဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကရင်မက သက်ပြင်းချသည်။ ထမင်းစားပြီးအလုပ်သာဆက်လုပ်နေရတာ။ ပုဝါဖြူ စိတ်တွေက ဟိုရောက်ဒီရောက်။ အလုပ်ဆင်းချိန် မြန်မြန်ရောက်ပါစေဟု ဆုတောင်းနေရသည်။

အလုပ်ဆင်းတော့ ကရင်မက လာခေါ်သည်။

"ပုဝါဖြူ ... နင် ကြေးအိုးဆီချက် စားမလား၊ ငါ ဝယ်ကျွေးမယ်လေ၊ သွားစားကြမယ်"

"နေပါစေဟာ၊ အိမ်ပြန်ပြီး အိပ်ရာထဲလှဲနေရတာက ပိုကောင်းလိမ့်မယ်"

"ခံစားနေပြန်ပြီ"

သူတို့ ဘဏ်အပြင်ဘက်ထွက်ကာ ကားပေါ်တက်မည်ပြင်တော့ ...

"ပုဝါဖြူ"

"ဟင်"

မိုးထိသည် ဆံပင်ရှည်ရှည် အရပ်မြင့်မြင့်နဲ့ အရမ်းကိုပြောင်းလဲလာသော ပုဝါဖြူကိုကြည့်ကာ ရင်တွေ အခုမတန်ခုန်နေသည်။





ပုဝါဖြူ့ပုံစံက အိမ်ထောင်သည်ပုံစံ မပေါက်ပါ။ တစ်ခုခု မှားယွင်းနေပြီဟု အလိုလို ထင်နေမိသည်။

"ပုဝါဖြူ စကားခဏလောက် ပြောရအောင်"

"ပုဝါဖြူ့မှာ ဘာမှပြောစရာမရှိတော့ပါဘူး မိုးထိအောင်မြင့် ပုဝါဖြူကို ခွင့်ပြုပါဦး၊ ဖယ်ရီထွက်တော့မယ်"

"မရဘူး၊ ဖယ်ရီသွားပါစေ၊ ပုဝါဖြူ့ကို ကိုယ်ပြန်ပို့ပေးမယ်၊ ခဏပဲ စကားပြောခွင့်ပေး"

"ကရင်မ"

"ပြော"

"ဟိုရှေ့က အအေးဆိုင်မှာ ခဏထိုင်ရအောင်"

"ထိုင်လေ၊ ငါ ပြန်ရမလား၊ စောင့်ရမလား"

"စောင့်ရမှာပေါ့၊ ပြီးမှ တက္ကစီငှားပြန်ကြမယ်"

"အေး"

အအေးဆိုင်မှာထိုင်ပြီး ဖျော်ရည်တစ်ယောက်တစ်ခွက်မှာသောက်ကြသည်။ မိုးထိက ပီကယ်အခွံလေးကို ငုံ့ကိုင်ကလေး ခေါက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ငှက်ရုပ်လေးတွေ မခေါက်ဖြစ်တာကြာပြီ"

"ပြောစရာရှိတာပြော"

"ပုဝါဖြူတို့ မြို့ကနေ ဘာလို့ပြောင်းသွားတာလဲ"

"ရှင်တို့အလုပ်က ပြောင်းနိုင်းလို့ ပြောင်းရတာလေ၊ တောင်ငူက ရှင်တို့ပွဲရုံကို ပြောင်းပေးရတာ၊ အဖေက သူ တောင်ငူမှာ အလုပ်သွားလုပ်ရင် ကျွန်မတို့ သားအမိကို ထားခဲ့ရမှာ စိတ်မချလို့ဆိုပြီး ခေါ်လို့ ပြောင်းသွားကြတာ"

"ဒါဆို ဖေဖေနဲ့မေမေက ပြောင်းနိုင်းတာလား"

"ရှင်မသိဘူးလား"

"ပုဝါဖြူ့အဖေ ကိုယ်တို့ဆီမှာ အလုပ်လုပ်တာတောင် ကိုယ်သိတာ မကြာသေးဘူး၊ ဘာလို့ အဆက်အသွယ် မလုပ်တာလဲ"

"ဘာလို့ ရယ်စရာတွေ လာပြောနေတာလဲ"

"ဟင်"

"ကျွန်မ ရှင်ပေးတဲ့လိပ်စာကို စာတွေထည့်တာ အစောင်တစ်ရာလောက် ရှိတယ်"





"အဲဒီလိပ်စာက ဗွားထားတဲ့ လိပ်စာကြီး ဖြစ်နေတယ်၊ ဝယ်ထားတဲ့အခန်းကို ပြင်ဆင်နေတုန်း ခဏနေဖို့ ဗွားထားတာ၊ အခန်းပြင်ပြီးတော့ အဲဒီအခန်းကနေပြောင်းလိုက်တာ"

"အဲဒါတော့ ကျွန်မ ဘယ်သိပါ့မလဲ"

"ကိုယ်အခန်းပြောင်းပြီး ဆက်သွယ်တော့ ပုဝါဖြူတို့ မြို့မှာမရှိတော့ဘူး"

"ပြောတာပဲ"

"မယုံရင် ညီမကို မေးကြည့်လေ၊ နေဦး ... ညီမကိုရော ဘာလို့ အဆက်အသွယ် မလုပ်တာလဲ"

"ရှင်နဲ့ပတ်သက်ပြီး ပြန်သတိရမှာစိုးလို့ ရှင့်ဆီကတောင် အဆက်အသွယ်မရဘဲ ကျွန်မ ဘယ်သူ့ကိုမှ မဆက်သွယ်ချင်ဘူး"

"ပုဝါဖြူ ရန်ကုန်မှာ ဘယ်သူနဲ့နေလဲ"

"သူတို့သားအမိနဲ့"

"ပုဝါဖြူ့မိဘတွေရော"



www.burmeseclassic.com

www.burmeseclassic.com



"တောင်ငှမှာပဲ"

"ပုဝါဖြူ ခုထိ တစ်ယောက်တည်းပဲပေါ့"

"သေချာတာပေါ့ရှင်၊ ရှင်တို့လို သူဌေးမှမဟုတ်ဘဲ၊ တိုင်းသိပြည်သိစေ့စပ်ဖို့ မတာတ်နိုင်သေးပါဘူး၊ ပုဝါဖြူတို့လို ဆင်းရဲသားတွေက ထမင်းမငတ်ဖို့ အသည်းအသန်ရုပ်တည်နေရတာလေ"

သူ ကောင်းကောင်း နားလည်လိုက်ပါပြီ။ အစစအရာရာကို အကွက်ကျကျ ကျားကွက်ရွှေ့ခဲ့ရုံမက မင်္ဂလာဖိတ်စာကိုပါ အတုလုပ်ပြခဲ့မှတော့ သူ့မိဘတွေရဲ့စနက်ပဲ ဆိုတာ သူ သိလိုက်ပါပြီ။

✧ ❤ ✧





"ပုဝါဖြူအကြောင်းတော့သိရပြီးပြီ၊ ကိုယ့်အကြောင်းတွေပြောပြချင်သေးတယ်"

"ဆောရီးပဲ၊ ကျွန်မ နားမထောင်ချင်ဘူး"

"မရဘူး၊ နားထောင်ရမယ်"

"အမိန့်ဆိုတဲ့ စကားလုံးတွေကို ရှင့်ပါးစပ်ထဲပြန်ကောက်ထည့်လိုက်၊ ကျွန်မ သွားပြီ၊ ကရင်မ သွားစို့"

"ပုဝါဖြူ"

"ရှင် လိုက်မလာနဲ့တော့ မိုးထိအောင်မြင့်"

"မင်း အဲဒီလို တစ်ဖက်သတ် လုပ်ချင်ရာလုပ်လို့မရဘူး၊ ကိုယ်ရှင်းပြတာကိုလည်း နားထောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"နားမထောင်ဘူး၊ ဘာမှလဲ မသိချင်ဘူး၊ ရှင်ဟာ ဝတ်မှုံဗလရဲ့ သက်ဆိုင်သူ၊ ရှင်သိချင်တဲ့ ကျွန်မအကြောင်းကို ပြောပြီးပြီ၊ ရှင့်အကြောင်းတော့ ကျွန်မ သိချင်ဘူး၊ ဘာမှလာမပြောနဲ့၊ မိုးထိအောင်မြင့်ဆိုတာ ကျွန်မဘဝရဲ့သမိုင်းတစ်ခု ဖြစ်သွားပြီ"

"ပုဝါဖြူ"

ပုဝါဖြူနဲ့ ကရင်မ ဆိုင်ထဲကထွက်ကာ တက္ကစီတားနေတော့ ...

"ကိုယ်ပြန်ပို့ပေးမယ်"

"ပုဝါဖြူက ပုရိသတွေရဲ့ကားပေါ် လိုက်မစီးတတ်ဘူး မိုးထိအောင်မြင့်၊ အထူးသဖြင့် ပုဝါဖြူနဲ့ ပတ်သက်တဲ့ ပုရိသပေါ့"

ပြောပြီး တက္ကစီပေါ် ဈေးမဆစ်ဘဲ တက်စီးသွားသည်။

သူ ကားပေါ်ပြေးတက်ကာ ပုဝါဖြူတို့ တက္ကစီကားနောက် အသည်းအသန် လိုက်ပါသော်လည်း ကားတွေကျပ်





ကာ ကားကြောတွေပိတ်ပြီး ရှုပ်ထွေးနေတာကြောင့် မျက်ခြည်ပြတ်သွားသည်။

သူ့မိဘတွေရဲ့စနက်ကြောင့် သူနဲ့ပုဝါဖြူတို့ ဝေးခဲ့ကြပြီ။ အဲဒါကြောင့် ကိုမင်းတို့ ညီမတို့က သူမ လက်ထပ်တဲ့အကြောင်းကို မသိကြတာပါ။ တကယ်မှ လက်မထပ်ခဲ့ဘဲ။ သူကလည်း ယုံကြည်ခဲ့သည်။

သူ့မိဘတွေရဲ့ အကြောင်းကို မသိခဲ့။ ခုလို စီစဉ်လိမ့်မယ်လို့ ယောင်လို့တောင် မတွေးခဲ့။

ခုတော့ သူ့ကို အချိုသပ်ကာ ဝတ်မှုံဗလနဲ့ စေ့စပ်ပေးခဲ့သည်။ ပုဝါဖြူက သူ့ကို သစ္စာမဲ့သူအဖြစ် နာကြည်းနေပြီ။

သူ့ဆန္ဒအတိုင်း ဆံပင် အရှည်ထားခဲ့ပုံပဲ။ ဆံပင်တော်တော်တောင် ရှည်နေပြီ။ လှလည်း အရမ်းလှလာသည်။ ဝတ်မှုံဗလနဲ့တော့ တခြားစီပါပဲ။

သူ စာကျက်လို့မရလောက်အောင် ဦးနှောက်ရှုပ်ထွေးနေသည်။ သူ့မှာကလည်း စာနဲ့နပမ်းလုံးနေရတာဆိုတော့ ပုဝါဖြူကို အချိန်သိပ်မပေးနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ညနေတိုင်း ဘဏ်ရှေ့သွားစောင့်ဖို့တောင် အနိုင်နိုင်ပါ။ မနည်းအချိန်ယူရဦးမှာပါ။

ဝတ်မှုံဇလကိစ္စကလည်း ရှိသေးသည်။ ဝတ်မှုံကလည်း သူ့ကို သိပ်အလွတ်ပေးတာ မဟုတ်ပါ။

အလွတ်မပေးတာက အရင်ကတော့ ကိစ္စမရှိပါ။ အခု သူ ပုဂ္ဂါဖြူအတွက် လှုပ်ရှားရဦးမှာဆိုတော့ ဝတ်မှုံနဲ့ ပြဿနာဖြစ်နိုင်၏။

သူ ဝတ်မှုံနဲ့ ပြဿနာမဖြစ်ချင်သေးပါ။ ဝတ်မှုံမသိအောင်လှုပ်ရှားချင်သည်။ တခြားအကြောင်းကြောင့်တော့ မဟုတ်ပါ။

သူ့မိဘတွေကြောင့်ပါ။ သူ ဝတ်မှုံနဲ့ပြဿနာတက်ရင် သူ့မိဘတွေ သိသွားနိုင်သည်။ သူ့မိဘတွေ သိရင် သူနဲ့ ပုဂ္ဂါဖြူကို မကွဲကွဲအောင် ခွဲကြလိမ့်မည်။

ထို့ကြောင့် သူနဲ့ပုဂ္ဂါဖြူ အဆင်ပြေပါမှ ဝတ်မှုံကိစ္စကို အပြတ်ရှင်းရမည်။





ပုဂ္ဂါဖြူနဲ့ အဆင်မပြေခဲ့ရင်တောင် မေမေတို့ရွေးချယ်ပေးထားတဲ့ ဝတ်မှုံကို သူ လုံးဝလက်ထပ်မှာ မဟုတ်ပါ။ အဲဒါ ပုဂ္ဂါဖြူ့အတွက် လျော်ကြေးပါပဲ။

ရိုးသားတဲ့ သူတို့ရဲ့နှလုံးသားတွေကို အကွက်လိုက်လှလှလေး ရွှေ့ခဲ့တာ သူတို့မှာ မသိဘဲ။

တစ်ယောက်နဲ့ တစ်ယောက် နာကြည်းရင်း အသက်ရှင်ခဲ့ရ၏။

ရည်းစားဦးနှလုံးသားရဲ့ ပထမဆုံး အဖူးအပွင့်လေးပါ။ မေမေက မညှာမတာ အညွန့်ချိုးပစ်ခဲ့သည်။

သူ ပုဂ္ဂါဖြူ့ကိုမဖြစ်မနေ ရှင်းပြရပါမည်။ ပုဂ္ဂါဖြူ့စကားအသွားအလာ အရတော့ ပုဂ္ဂါဖြူမှာ ချစ်သူရည်းစား၊ ရည်ရွယ်ထားသူ ရှိပုံမပေါ်သေးပါ။

စာကျက်ဖို့ စာမျက်နှာတွေ တစ်ရွက်ပြီးတစ်ရွက်လှန်လိုက်တိုင်း ပုဂ္ဂါဖြူ့မျက်နှာပဲ မြင်ယောင်နေမိသည်။ ဟိုတုန်းကလို ဆံပင်တိုတို ပုပုသေးသေးလေးမဟုတ်တော့။ မျက်နှာလုံးလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ ဟိုတုန်းက အတိုင်းပဲ။ ဒါပေမဲ့ မျက်လုံးထဲမှာ အာဃာတအငြိုးရိပ်ကလေးတွေတော့ စွန်းထင်းနေပါသည်။

ပုဝါဖြူနဲ့ ဝေးပြီးကတည်းက ငြိမ်သက်သွားတဲ့ နှလုံးသားက အဆမတန် ခုန်နေပါ၏။

✧ ❤ ✧





သူ ညနေတိုင်း ဘဏ်ရှေ့မှာ သွားစောင့်ပါသည်။ ဒါပေမဲ့ ပုဝါဖြူက ဘယ်လိုပြောထားလဲ မသိ။ ဘဏ်က လုံခြုံရေးတွေနဲ့ ဝန်ထမ်းကောင်လေးတချို့က ပုဝါဖြူကို ခြံရံကာ ဖယ်ရီကားပေါ် တက်သွား၏။

သူကလည်း လူကြားသူကြားထဲမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် အတင်းလိုက်ခေါ်တာမျိုး မလုပ်ပါ။ ပြီးမှ ဖယ်ရီကားနောက်က သူလိုက်ပါ၏။ ဒါပေမဲ့လည်း ဖယ်ရီကား ဒရိုင်ဘာက သူ့ကို အတင်းမျက်ခြည်ဖြတ်သွားသည်။ ရန်ကုန်က ကားလမ်းတွေက သိတဲ့အတိုင်း။ ကားကျပ်တာနဲ့၊ ပွိုင့်မိတာနဲ့၊ လိုင်းကားအကြီးအသေးတို့က ဝင်ရှုပ်တာနဲ့။ သူ တစ်ခါမှ သူမကို မမီပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမအိမ်ကို သိရဖို့နေနေသာသာ ဘယ်မြို့နယ်နေမှန်းတောင် မသိရသေး။ သူ စာကျက်တွေလည်း ပျက်လာပါသည်။

တစ်ရက်တော့ ...

"ပုဝါဖြူ ဒီစာလေးယူသွားပါ၊ ဒီထဲမှာ ကိုယ် အကုန်ရှင်းပြထားတယ်"

"မယူဘူး၊ ဘာမှလဲ မသိချင်ဘူး၊ ရှင်လာနှောင့်ယှက်တာတွေလည်း ရပ်သင့်ပြီနော်၊ ခုထိ ကျွန်မ သဘောထားကို နားမလည်သေးဘူးလား"

"မဟုတ်ဘူး ပုဝါဖြူ၊ မင်း ကိုယ့်ကို ရက်ရက်စက်စက် အထင်လွဲနေတာပါကွာ၊ ကိုယ့်စာကို ဖတ်ကြည့်ပါဦး"

"မဖတ်ဘူး"

"ကိုယ် စာမေးပွဲရှိလို့ နောက်ရက် လာနိုင်မှာ မဟုတ်ဘူး"

ပြောပြီးတာနဲ့ သူက သူမထမင်းချိုင့်ထည့်သည့် ဆွဲခြင်းထဲကို စာလေးထိုးထည့်ကာ လှည့်ထွက်သွားသည်။





ပုဝါဖြူ သူ့စာကို လွှင့်ပစ်ဖို့ ဆွဲထုတ်လိုက်ပြီးမှ လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

သူက ကားပေါ်တက်ကာ မောင်းထွက်သွားပြီ။

"လူစုံပြီလား၊ ထွက်မယ်ဟေ့"

ဖယ်ရီထွက်တော့မှာမို့ ဖယ်ရီပေါ် ပြေးတက်တော့ စာက လက်ထဲ ဆုပ်လျက်သား ပါလာသည်။

ကားပြတင်းပေါက်ကနေ လွှင့်ပစ်ဖို့ အကြိမ်ကြိမ် ကြိုးစားရင်း ကားပေါ်က ဆင်းတဲ့အထိ လက်ထဲမှာ။

ကရင်မက ...

"ဘာပဲဖြစ်ဖြစ် ဖတ်ကြည့်လိုက်ပါလား"

"ဟင့်အင်း ... ငါ မဖတ်ချင်ဘူး၊ ငါ့ရင်ထဲမှာ အရှမ်းခါးနေတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် သူရှင်းပြတာကို နားမထောင်ချင်ဘူး၊ သိလည်း မသိချင်ဘူး၊ သူ့မှာ စေ့စပ်ထားတဲ့မိန်းမရှိတယ်၊ အမှန်တရားက စိတ်မကောင်းစရာတွေဖြစ်နေရင် ငါပဲ ပိုခံစားရမှာ၊ သေချာတာက ဒီဘဝမှာ ငါနဲ့သူ ဆုံး၀



www.burmeseclassic.com

www.burmeseclassic.com



မနိုးစပ်နိုင်တော့ဘူး၊ နင်သိတဲ့အတိုင်းပဲ သူနဲ့ချေစပ်ထားတဲ့ တစ်ယောက်က တော်တော်ဆိုးတာတဲ့၊ ငါ ရင်မဆိုင်ချင်ဘူး၊ သူ့မိဘတွေနဲ့လည်း ရင်မဆိုင်ချင်ဘူး၊ အဲဒါကြောင့် ဘာအကြောင်းအရာကိုမှ မသိချင်ဘူး"

"အဲဒါဆိုလည်း စာကို လွှင့်ပစ်လိုက်တော့လေ"

"ငါ ... ငါ ဒီအတိုင်း သိမ်းပဲထားလိုက်တော့မယ်"

"ပုဝါဖြူရယ်"

စာအိတ်က ခုတုတုဖြစ်နေပါသည်။ သေချာဖြန့်ပြီး စမ်းကြည့်လိုက်တော့ ငှက်ရုပ်ပုံစံကလေးကို စမ်းမိသည်။ ရင်ထဲ နွေးသွားသည်။ အရင်ကပေးခဲ့တဲ့ ငှက်ရုပ်ကလေးတွေကိုလည်း သူမ ခုထိ သိမ်းထားဆဲပါ။ ငှက်ရုပ်ကလေးတွေ ထည့်ထားတဲ့ ဘူးလေးကိုဖွင့်ကာ စာလေးထည့်သိမ်းလိုက်သည်။ ဒီစာကို သူမ မဖတ်မိဖို့များသည်။ ဒီဘူးကလေးကိုလည်း သူ မင်္ဂလာဆောင်ရင် လက်ဖွဲ့လိုက်မည်။

"ပုဝါဖြူ ထမင်းစားရအောင်လေ"





"ငါ မစားချင်ဘူးဟာ"

"နင် စားမဝင်အိပ်မပျော်နဲ့ ရှူးနေမယ့်အစား အဲဒီစာကို ဖောက်ဖတ်လိုက်ပါလားဟာ၊ စိတ်လည်း မနိုင်ဘဲနဲ့ ဘာတွေလုပ်နေမှန်း မသိဘူး"

"ငါ မဖတ်ချင်ဘူး"

"ကိုရီးယားကားတွေထဲကလို ဇာတ်ကြောင်းကို ဆွဲဆန့်ချင်နေတယ် ဟုတ်လား"

"မဟုတ်ပါဘူး၊ မထူးဘူး ထင်လို့ပါ"

"သူက စေ့စပ်ထားတာကို ဖျက်မယ်ဆိုရင်ရော"

"ဖျက်မယ့်သူသာဆိုရင် ဟိုးလေးတကြော် မစေ့စပ်ခဲ့ဘူး ကရင်မ"

"အထင်နဲ့ ဇွတ်လုပ်နေတာပဲ၊ ပြီးမှ နောင်တရနေဦးမယ်"

ပုဝါဖြူက ဘာမှမပြောတော့ဘဲ မျက်လုံးစုံမှိတ် အိပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ထမင်းမစားချင်ရင်လည်း ဘေးကဆိုင်မှာ မုန့်တီ ပူစပ်စပ်လေး သွားသောက်ရအောင် ထ၊ မျက်ချေးတွေ၊ နှပ်တွေ ထွက်ပစ်လိုက်၊ ငိုချင်ရင်ပါ ငိုလို့ရသေးတယ်နော်၊ မုန့်တီသီးသလိုလိုနဲ့ ငိုပစ်လိုက်"

"ငါ အိပ်ရာထဲပဲ နေချင်တယ်ဟာ"

"မရဘူး ထ၊ မထရင် ငါ အမိုးနဲ့တိုင်လိုက်မယ် ထ၊ နင် စိတ်သက်သာရာရအောင် လုပ်ပေးမလို့၊ ထဟာ၊ ရင်ထဲက အပူကို ငရုတ်သီးနဲ့ တိုက်ထုတ်လိုက်"

"ငါ မထချင်ဘူးဟာ"

"မထချင်လို့မရဘူး၊ ထ ... ထ ... ထဟာ"

ဆွဲထူရင်း အထင်းဆွဲနေသဖြင့် ပုဝါဖြူ မထချင်ဘဲ ထလိုက်ရသည်။

"ဆံပင်လေးဘာလေးသပ်၊ အင်္ကျီတွေ ဆွဲဆန့်ပါဦး"

"ဘာမှကို မလုပ်ချင်ဘူး"

"ကဲပါ ... လာပါ"





မုန့်တီစပ်စပ်က အရင်နေ့တွေထက် ပိုပြီး စပ်နေသလိုပဲ။ တကယ်ပဲ မျက်ရည်တွေ ဝဲလာသည်။ နှပ်ချေးမထွက်၊ မျက်ချေးမထွက်ဘဲ မျက်ရည်တွေပဲ တို့သုတ်နေရသည်။ သူမ ခုထိ အသည်းကွဲနေတုန်းပါလား။

✧❤✧



www.burmeseclassic.com

www.burmeseclassic.com



မိုးထိ စာမေးပွဲရှိနေလို့ သူမဆီ မသွားနိုင်ပေမယ့် စိတ်ကတော့ ရောက်သည်။

သူ့စာကို ဖွင့်ဖတ်ပါ့မလားဟု အကြိမ်ကြိမ်တွေးနေမိ၏။

ဒီကြားထဲ ဝတ်မှုံကတစ်မျိုး။ သူ စာမေးပွဲပြီးလို့ ကျောင်းပိတ်ရက်ကျရင် ရွာင်းသာမှာ သွားအနားယူဖို့ စိစဉ်နေသည်။ သူအနားယူစေချင်တာထက် သူမ သွားချင်တာက ပိုပါလိမ့်မည်။

သူမရဲ့ ခေတ်ရှေ့ပြေး သူငယ်ချင်းတွေကလည်း ပါမတဲ့။ သူမ သွားချင်တာကို သူ့ကို အမည်တပ်တာပါ။



သူ မသွားဘူးဟု ပြောနေရင်းနဲ့ကို အတင်းစီစဉ်နေသည်။ လုပ်ချင်တာလုပ်။ သူကတော့ ဝတ်မှုံကို စိတ်ထဲတောင် မရှိပါ။

စာမေးပွဲလည်းပြီးရော ဝတ်မှုံက အတင်းကိုလာခေါ်သည်။ သူ စာမေးပွဲခန်းထဲက ထွက်ရုံရှိသေး ...။

အတင်းကို လာခေါ်သည်။ သူ မလိုက်ဘူးပြောတော့ လူကြားထဲမှာ သူ့ကို ဆွဲလားလွဲလား တွန်းထိုးထုရိုက် ပြီးတော့ မိန်းကလေးတန်မဲ့ ဂူရွေမဲ့လွန်းသည်။

သူ့ကို အတင်းဆွဲသဖြင့် သူ့ရှပ်အင်္ကျီကြယ်သီး ပြုတ်ထွက်သွားသည်။

သူလည်း စိတ်တိုသွားသည်။

"ဘာလုပ်တာလဲ ဝတ်မှုံ၊ ဒီလောက်နဲ့ သွားရင်ကောင်းမယ် နော်"

"မသွားနိုင်ပါဘူး၊ မောင်လိုက်မှ သွားမှာ"

"အေး ... ဒါဆို မင်း နေခဲ့လိုက်တော့၊ ငါ သွားတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"မောင် ... အခု ဝတ်မှုံ ကားပေါ်တက်"

"အိပ်မက်,မက်မနေနဲ့ ဝတ်မှုံဗလ"

"မောင် ဘယ်လိုပြောလိုက်တာလဲ"

"ဝါ ယဉ်ယဉ်ကျေးကျေးပြောနေရင် အေးအေးဆေးဆေး ဖယ်"

"မဖယ်တော့ မောင်က ဘာလုပ်ချင်လဲ၊ ဝတ်မှုံကို လူကြားထဲမှာ အရှက်ခွဲပြီးမှ မောင် အေးဆေးသွားလို့ မရဘူး"

"မင်းကများ ပြောရသေးတယ်၊ တော်တော် ဝတ်မှုံဗလ"

"မတော်ဘူး"

ကျောင်းသားတွေက ဝိုင်းကြည့်တဲ့သူနဲ့၊ ကွက်ကြည့် ကွက်ကြည့် လုပ်တဲ့သူနဲ့။

သူ တော်တော်ရှက်သွားသည်။

သူ ဝတ်မှုံကို တွန်းကာ ထွက်လာခဲ့လိုက်၏။ ဝတ်မှုံ ယိုင်ထွက်သွားကာ ဖင်ထိုင်ကျသွား၏။

"ဝတ်မှုံ"



သူမ သူငယ်ချင်းတွေ ဝတ်မှုံဗလနားမှာ ဝိုင်းသွားသည်။ သူ လှည့်ကိုမကြည့်ခဲ့။ အခန်းကိုပြန်ပြီး နားနေမိသည်။ ဒီနေ့တော့ သူ အိပ်လိုက်ဦးမည်။ ပုဝါဖြူဆီလည်း မသွားနိုင်သေး။ စာမေးပွဲရက်မှာ သူ အသည်းအသန် စာကျက်နေရ၍ ပင်ပန်းနွမ်းနယ်နေပြီ။ ပြည့်ပြည့်ဝဝ အိပ်စက်အနားယူပြီးမှ ပုဝါဖြူဆီ သွားတွေ့တော့မည်။

အိမ်ပြန်ရောက်တော့ အဒေါ်ဖြစ်သူက သစ်သီးဖျော်ရည်ဖျော်ပေးထားသည်။ ဖျော်ရည်ကို တစ်ရှိန်ထိုး မော့သောက်ကာ အိပ်ခန်းထဲ ဝင်ခဲ့တော့သည်။

"သား ထမင်းမစားဘူးလား"

"နိုးမှစားမယ်၊ သား အိပ်ချင်လို့"

"အေး ... အိပ် အိပ်"

"ဘာကိစ္စပဲရှိရှိ သားကို မနှိုးနဲ့"

"အေးပါ"

"လုံးဝ မနှိုးနဲ့နော်"

"အေးပါဟယ်၊ အိပ် အိပ်"

www.burmeseclassic.com



ဒေါ်လေးကို သေချာမှာပြီး အိပ်ပစ်လိုက်သည်။ အိပ်ခန်းတံခါးကိုပိတ်ပြီး အိပ်သော်လည်း တိုက်ခန်းထဲမှာ ကန့်ထားသော အိပ်ခန်းမို့ အလုံပိတ်တော့ မဟုတ်ပါ။ သူ အိပ်ပျော်ရုံရှိသေး အခန်းတံခါး ထုသံကြားလိုက်ရကာ။

"ဒေါ်လေး မောင်ရှိလား"

"ရှူး ... တိုးတိုး၊ သားလေး အိပ်နေတယ်၊ စာမေးပွဲရက်က ပင်ပန်းထားလို့"

"သိတယ်၊ ပင်ပန်းမှန်းသိလို့ ဒီက ကျောင်းသာမှာ သွားနားဖို့ စီစဉ်ပေးတာကို စေတနာကို လက်မခံတဲ့အပြင် သမီးကို တွန်းလှဲသွားသေးတယ်"

"ဟုတ်ရဲ့လား သမီးရယ်၊ သားက ဒီလိုမရိုင်းတတ်ပါဘူး"

"ဝတ်မှုံက မဟုတ်တာ ပြောပါ့မလား၊ ဝတ်မှုံသူငယ်ချင်းတွေပါတယ်၊ မေးကြည့်"

မိုးထိရဲ့အဒေါ်ကလည်း စိတ်တိုနေသော ဝတ်မှုံကို ကြည့်ကာ ဘာပြောရမှန်းမသိ။





"သူများကို လုပ်သွားပြီး အေးအေးဆေးဆေး အိပ်လို့ရမယ် ထင်လား"

ဝတ်မှုံက မိုးထိအဒေါ်ကို အတင်းတွန်းတိုက်ကာ အိပ်ခန်းတံခါးကို တဝုန်းဝုန်း တဒုန်းဒုန်း အတင်းသွားထုသည်။

"သမီးရယ် ... မလုပ်ပါနဲ့ကွယ်၊ သူ့ အရမ်းကို အိပ်ရေးပျက်ထားလို့ပါ"

ဝတ်မှုံက မိုးထိအဒေါ်ရဲ့ စကားကို တစ်ချက်မှ ဂရုမစိုက်။

"မောင် ... ရှင်ထွက်လာမှာလား၊ ဝတ်မှုံ တံခါးဖျက်ပြီး ဝင်လာရမှာလား"

"ဘုရား ... ဘုရား"

မိုးထိအဒေါ် ရင်ဘတ်ဖိပြီ။ မိုးထိလည်း တော်တော်စိတ်တိုနေသည်။ 199 ကို ဖုန်းဆက်ပြီး လာဆွဲထုတ်ခိုင်းရမကောင်းပဲ ဖြစ်ကုန်တော့မည်။

မိုးထိ ကိုယ်တိုင် ဦးဗလဆီ ဖုန်းခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ့်သမီး ကျွန်တော့်အခန်းမှာ လာသောင်းကျန်း နေတယ်၊ အန်ကယ် လာခေါ်ပါဦး"

ဝတ်မှုံသည် အိပ်ခန်းတံခါးကို တွေ့သမျှ မြင်သမျှ ဆွဲလှဲပြီးထုသည်။ တစ်တိုက်လုံးလည်း ဗိုန်းဒိုင်းကြဲနေပါသည်။

မိုးထိ အခန်းတံခါးပျက်သွားချိန် ဝတ်မှုံ အဖေလည်း ရောက်လာပါသည်။

"ဝတ်မှုံ"

"ဟင် ... ဒယ်ဒီ"

ဦးဗလက ဝတ်မှုံကို အတင်းဆောင့်ဆွဲ ခေါ်သွားသည်။

✧❤✧





သူနဲ့ ဝတ်မှုံကိစ္စကို နှစ်ဖက်မိဘတွေ ပြောရဆိုရတော့သည်။

နောက်တော့ ဦးဗလက သူ့သမီး လွန်းမှန်းသိ၍ ဘာမှမပြောတော့။

ဒါပေမဲ့ ဝတ်မှုံအမေကတော့ ...

"သမီးက တစ်ဦးတည်းသောသမီးဆိုတော့ ဒီလိုပဲဆိုးတယ်၊ မောင်မိုးထိ သည်းခံမှရမယ်၊ အခုကိစ္စက မိန်းကလေး ဘက်က စေတနာနဲ့ စီစဉ်တာကို ငြင်းလိုက်တော့ ရှက်ပြီး ရမ်းတာပေါ့၊ ကောင်းကောင်းစီစဉ်ပေးတာပဲ၊ စေတနာကို မငြင်းသင့်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထိ မျက်နှာထားနဲ့ ပြောတော့ မိုးထိရဲ့ မိဘတွေ ဘာမှပြန်မပြောနိုင်။ ကိုယ့်အိမ်ကိုယ် ပြန်ရောက်မှ မိုးထိအဒေါ်က တစ်စခန်းထသည်။

"ကျွန်မတော့ ဝတ်မှုံဗလကို တော်တော်ချဉ်သွားပြီ၊ ရိုင်းစိုင်းသလားမမေးနဲ့၊ လူကြီးမှန်းလည်း မသိဘူး၊ ကျွန်မကို မခံ့နဲ့တိုက်သွားတာ၊ ပြီးတော့ အိပ်ခန်းတံခါးကို ဖျက်တာပဲကြည့်၊ ကျွန်မတားနေတဲ့ကြားက တစ်ချက်မှ ဂရုမစိုက်တာ၊ ဇီဇမကောင်းဘူး၊ ဇီဇဆိုးရင် ပြင်လို့မရဘူး၊ ကျွန်မတို့သားလေး တစ်သက်လုံး စိတ်ဆင်းရဲရမယ်၊ စေ့စပ်ပွဲကိုဖျက်ပစ်"

"စိတ်လိုက်မာန်ပါ လုပ်လို့မရသေးဘူး၊ စေ့စပ်ထားတာက တိုင်းသိပြည်သိ၊ ပြီးတော့ သူ့အဖေဦးဗလနဲ့လည်း မကင်းရာမကင်းကြောင်း"

"အဲဒါနဲ့ပဲ သားလေးကို ထိုးအပ်ရမှာလား၊ မတန်ဘူး မတန်ဘူး၊ ကျွန်မတူလေးကို နှမြောတယ်၊ ရှားရှားပါးပါး





ဒီတူလေးတစ်ယောက်ရှိတာ၊ ဦးဗလနဲ့မပတ်သက်ရလို့လည်း အစ်မတို့ စီးပွားပျက်မသွားပါဘူး၊ စဉ်းစားကြပါဦး"

"ငါလည်း ရွှေလိုဥထားတဲ့သား၊ ခုလို မဖြစ်စေချင်ပါဘူး၊ ဖြေရှင်းဖို့ အကောင်းဆုံးနည်းလမ်းကို စဉ်းစားကြတာပေါ့"

"သား ဝတ်မှုံဗလကို လုံးဝ လက်မထပ်နိုင်ပါဘူး မေမေ၊ စေ့စပ်ပွဲကို ဖျက်ပေးပါ၊ ကျောင်းမှာ အရှက်ကွဲပြီးပြီ၊ အိမ်မှာလည်း ပတ်ဝန်းကျင်ကို ဘယ်လိုမျက်နှာပြရမှန်းတောင် မသိဘူး၊ သား သူ့ကို လုံးဝ မယူနိုင်တော့ဘူး"

"အေးပါ သားရယ်၊ အမေ စီစဉ်ပါ့မယ်"

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



မိုးထိ မိဘတွေ ခေါင်းချင်းဆိုင်ကုန်ကြပြီ။

“ဘယ်လိုလုပ်ကြမလဲ”

“ကိုယ်က စ,ကမ်းလှမ်းထားတာ၊ ဖျက်ဖို့ခက်တယ်”

“ဒါပေမဲ့ကွာ၊ သားနဲ့မပေးစားနိုင်တော့ဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် မျက်နှာတော့ပျက်မှာပဲ”

“ဘယ်လိုလုပ်ရမလဲ၊ ဦးဗလမိန်းမကလည်း ချိနေတာပဲ”

“ဦးဗလကလည်း ခပ်တင်းတင်းပါကွာ၊ သူတို့သမက်ဖြစ်သွားရင် ငါ့သားကို အရေခွံ ဝိုင်းနွှာနေကြဦးမယ်”

“ဟုတ်တယ်”





“မေမေတို့ ဖြေရှင်းရခက်ရင် သားပဲ သတင်းစာထဲထည့်လိုက်မယ်၊ ပြီးမှ မေမေတို့က မသိဘူး ငြင်းလိုက်ပေါ့၊ အခုက လူသိရှင်ကြား စေ့စပ်ပွဲပျက်သွားဖို့အရေးကြီးတယ်”

“ဖြစ်ပါ့မလား”

“ဖြစ်သမျှရင်ဆိုင်ကြတာပေါ့ကွာ၊ ငါ့သားထည့်လိုက်ကွာ”

“ဟုတ်ကဲ့”

စေ့စပ်ပွဲဖျက်သိမ်းတဲ့သတင်းကို သတင်းစာထဲမှာ သုံးရက်တိတိ ထည့်ပစ်လိုက်သည်။ ဦးဗလတို့ဘက်က ဆွေ့ဆွေ့ခုန်ကြ၏။ အသရေဖျက်မှုနဲ့ တရားစွဲဖို့တောင် စီစဉ်ကြသည်။

အမေတို့ကို ချေးထားတဲ့ အကြွေးတွေကိုလည်း ချက်ချင်းပြန်စပ်ခိုင်းသဖြင့် ရှိတာတချို့တစ်ဝက်ကို ရောင်းချကာ ဆပ်လိုက်ရသည်။

ပြဿနာတွေ အကြီးအကျယ်တက်ကြ၏။ တရားစွဲဖို့စီစဉ်တော့လည်း အဆင်မပြေ၍ တော်တော်ဒေါသထွက်ကြသည်။

ဝတ်မှုံဗလလည်း နိုင်ငံခြားထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဗလတို့ဘက်နဲ့ ပြဿနာရှင်းလို့ ပြီးရုံရှိသေး မေမေတို့က တစ်စခန်းထပြန်၏။

"သား ... သားကို ဆေးကျောင်းသူနဲ့ စေ့စပ်ပေးမယ်"

"တော်ပါတော့ မေမေ၊ အိမ်ထောင်ရေးကို မစဉ်းစားသေးဘူး၊ သား ကျောင်းပြီးမှပဲ စိစဉ်ပါတော့၊ စာကို အေးအေး သင်ပါရစေ"

"ဟုတ်တယ်၊ သားလေးက စာတွေအရမ်းများတာ၊ ကျုပ်တို့လေး အေးအေးဆေးဆေးလေး စာသင်ပါစေ"

ဒေါ်လေးက သူ့ဘက်ပါ၍ သူ အခွင့်သာသွား၏။

ပြဿနာတွေ အေးသွားပြီထင်ရုံရှိသေး။ ပြဿနာကြီးတစ်ခုက ထပ်ဖြစ်ပြန်သည်။ အဲဒါကတော့ အင်တာနက်ပေါ်မှာ သူနဲ့ဝတ်မှုံဗလတို့ ကျောင်းထဲမှာဖြစ်တဲ့ပြဿနာကို ဘယ်သူက ခိုးရိုက်ပြီး အင်တာနက်ပေါ်တင်လိုက်လဲမသိ။ **"ဆေးကျောင်းသားနဲ့ သူဌေးသမီးရဲ့ စာတိသိမ်းခန်း"** ဆိုပြီး Shareလိုက်ကြတာ။ Comments တွေလည်း အများကြီးတက်လာသည်။





သူလည်း အရှက်ကွဲလိုက်တာ ဝက်ဝက်ကိုကွဲရော။ ကျောင်းတောင် မှသွားရဲသလောက်ဖြစ်သွား၏။ ဒီကြားထဲ သူတို့ စေ့စပ်ကြောင်းလမ်းဖျက်သိမ်းသည့် သတင်းစာဖြတ်ပိုင်းကိုပါ Scan ဖတ်ပြီး တင်ထားသေးသည်။

သူ တော်တော်လေသွားပြီ။ သူပါ နိုင်ငံခြားထွက်သွားရမလို ဖြစ်နေပြီ။ ဒီနေ့ခေတ်က it ခေတ်ကြီးပါ။ လူပ်လို့မရ။ လှုပ်လိုက်တာနဲ့ ရှက်ရက်ဆဲသဲဖြစ်တဲ့ခေတ်။ အနေအထိုင်တတ်ပါမှ အသက်ရှူချောင်မယ့်ခေတ်ပါ။ ဝတ်မှုံဗလ ကောင်းကျိုးမပေးပုံကတော့ လူချင်းပြတ်ပြတ်သားသား ဖြစ်ပြီးတာတောင် နောက်ဆက်တွဲ အရှုပ်ထုပ်ကြီးကို ထားခဲ့သေးသည်။ သူ ကျောင်းပြန်ဖွင့်ရင် ကျောင်းထဲ ဘယ်လိုခြေပြန်ချရမှန်းတောင်မသိ။

အပြင်ထွက်လို့ တစ်ယောက်ယောက်က ကြည့်ရင်တောင် သူ့အကြောင်းသိလို့ ကြည့်သလားဟု ထင်နေမိပါသည်။

ပုဝါဖြူကလည်း သူ့စေ့စပ်ကြောင်းလမ်းဖျက်သိမ်းတဲ့သတင်းကို သိလောက်ပါပြီ။ ကံမကောင်းရင် အင်တာနက်ထဲက သတင်းတွေတောင် ဖတ်မိပြီးလောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူပေးထားတဲ့စာကိုလည်း ဖတ်မဖတ်က မသေချာပါ။

သူ ပုဂါဖြူဆီသွားဖို့ အားတင်းရပါဦးမည်။ ထို့ထက် ပိုဆိုးတာက သူ့စာကို ပုဂါဖြူ ဖတ်ဖြစ်ပါစေလို့ ဆုတောင်းနေရတာပါပဲ။

သူ့မိဘတွေ အခြေအနေကိုလည်း အကဲခတ်ရပါသေးသည်။ သူ့မိဘတွေကလည်း သူ့ကို အကဲခတ်နေပုံရသည်။

သူကတော့ ပြဿနာဖြစ်တာကို စိတ်ရှုပ်တဲ့ကြားကပဲ ဝမ်းမြောက်ဝမ်းသာဖြစ်လို့။

✧❤✧





မိုးထိမိဘတွေလည်း တော်တော်စိတ်မကောင်းဖြစ်သွားကြသည်။ အင်တာနက်ပေါ်တင်ထားတာကို သူတို့လည်း တွေ့ပြီးပါပြီ။

ရှေ့လို့ဥထားတဲ့ သားလေး သူတို့သဘောတူတဲ့ သူနဲ့ စေ့စပ်ပေးမိတာကြောင့် ခုလိုဖြစ်ရတာကို စိတ်မကောင်းပါ။ သူတို့ရဲ့လောဘက သားလေးကို အစွန်းအထင်း ဖြစ်စေခဲ့ရပြီ။

ဖြစ်ပြီးသွားတာတွေကို ဘယ်လိုဖျောက်ဖျက်ပေးရမှန်းလဲ မသိပါ။ ဘယ်လိုမှ ပြန်ပြင်ဆင်ပေးလို့ မရနိုင်တော့။

သူတို့ အယူအဆကတော့ သားကို အခုနေ ဝတ်မှုံ ထက်သာတဲ့ မိန်းကလေးတစ်ယောက်နဲ့ ချက်ချင်း စေ့စပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်၏။ ဒါပေမဲ့ မိန်းကလေးတွေရော၊ မိန်းကလေးရှင်တွေကပါ သူတို့သားအကြောင်းကို သိကုန်ကြပြီ။

ဝက်ဝက်ကွဲအောင် အရှက်ကွဲထားတဲ့အတွက် မိန်းကလေးရှင်တွေဘက်ကို စကားစဖို့တောင်ဖက်သည့်အနေအထားပါ။

ပြီးတော့ သားဖြစ်သူကိုလည်း အိမ်ထောင်ရေးအကြောင်း စကားမစပေးရသေး။

သားကို ခံစားချက်ပြေပျောက်အောင် ဘယ်လိုနှစ်သိမ့်ပေးရမလဲ မသိ။

"သား ... ဗုဒ္ဓဂါယာသွားမလား သား"

"မသွားချင်ဘူး မေမေ"

"ဒါဆို စင်ကာပူ ဗန်ကောက် ရှော့ပင်"

"မသွားပါဘူး"

"ဂျပန်ရော သား"

"ဘယ်မှမသွားချင်ဘူး"





"ဒါဆို ကားလဲမလား သား၊ ဘာကားစီးချင်လဲ"

"ဘာမှ မလုပ်ချင်ပါဘူး မေမေ၊ ရပါတယ်၊ သား အခြေအနေပြေပါတယ်၊ စိတ်မပူပါနဲ့"

"မေမေက တစ်ခုခုတော့ လုပ်ပေးချင်သေးတယ် သားရယ်"

"ဒါဆို သားကို ကတိတစ်ခုပဲ ပေးမလား မေမေ"

"ဘာများလဲ သားရယ်၊ မေမေ ရင်ထိတ်လိုက်တာ၊ သားအိမ်ထောင်ဖက်ကို သားဘာသာ ရွေးမယ်ဆိုတဲ့ ကတိမျိုးလား"

မိုးထိ အမေကလည်း ပါးလိုက်တာမှ လွန်ရော။

"ဟုတ်တယ် မေမေ"

"အဲဒီကတိက မေမေ ချက်ချင်းမပေးနိုင်တဲ့ကတိ ဖြစ်နေတယ် သားရယ်၊ သားအိမ်ထောင်ရေးကို မေမေ ပူတာပါ၊ မေမေတို့အရွေးမှားခဲ့ပါတယ် သား၊ ဒါပေမဲ့ သားရွေးတာလည်း မှားမှာစိုးတယ်၊ သား အိမ်ထောင်ရေးကိစ္စကိုတော့ မေမေတို့ တစ်မိသားစုလုံး တိုင်ပင်စီစဉ်ကြတာက ပိုမကောင်းဘူးလား သား"



www.burmeseclassic.com

www.burmeseclassic.com



"သား အဲဒီကတိပဲ လိုချင်တယ် မေမေ၊ အဲဒီကတိရမှ သား စိတ်ချမ်းသာမယ် ထင်တယ်"

"သားက တွေ့ထားလို့လား"

"တွေ့တာ မတွေ့တာထက်ကို သားက မိန်းမယူချင်ယူမယ်၊ ယူချင်မှ ယူမယ်၊ ယူချင်တဲ့အချိန်မှ ယူမယ်ဆိုတဲ့ ပုံစံမျိုးဖြစ်နေတာ မေမေ၊ ခုလောလောဆယ် မိန်းမကိစ္စကို မစဉ်းစားချင်သေးတာ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး မေမေတို့လည်း သားကို စကားမစစေချင်ဘူး၊ တကယ်လို့ တစ်နေ့နေ့ သား သဘောကျတဲ့မိန်းမ တွေ့ခဲ့ရင်လည်း မေမေတို့ ချင်းချက်မဲ့ သဘောတူပေးစေချင်တယ်၊ အဲဒါ သားဖြစ်ချင်တဲ့ဆန္ဒပဲ"

"သား တောင်းတဲ့ကတိက သားဘဝချိနေတာ ဆိုတော့ ပေးရခက်နေတယ် သားရယ်၊ ဝမ်းနဲ့လွယ်ပြီး ပိုးမွေးသံလို တယုတယနဲ့ မွေးခဲ့ရတဲ့သားရဲ့ အိမ်ထောင်ရေးကိစ္စမှာ မေမေ ဝင်မပါရဘူး ဆိုတော့"





မိုးထိအမေက ဝဲလာသောမျက်ရည်ကို ပုတ်ခတ်ကာ မကျအောင် ထိန်းရင်း ...

"မေမေ အဲဒီကတိကို ပေးဖို့ တော်တော်ခက်တယ်၊ ဝတ်မှုံဗလကိစ္စမှာ မေမေတို့မှားသွားတယ် ဆိုတာလည်း စေတနာအမှားပါ သားရယ်၊ ဦးဗလ ချမ်းသာတာကို မက်မိတာ မေမေတို့အတွက်မက်တာမဟုတ်ပါဘူး၊ ငါ့သားလေးအတွက်ပါ၊ ဝတ်မှုံဗလက တစ်ဦးတည်းသောသမီး ဆိုတော့ ဦးဗလချမ်းသာသမျှ ငါ့သားပဲရမှာ၊ ငွေချင်းထပ်ပြီး မြတ်စေချင်တဲ့ စေတနာပါ သားရယ်"

"မလိုပါဘူး မေမေ၊ သားတို့မှာလည်း ရှိသင့်သလောက် ရှိတာပဲ၊ သူများပိုက်ဆံနဲ့ ပိုပြီးမချမ်းသာချင်ပါဘူး၊ အဓိကက စိတ်ချမ်းသာဖို့ပဲ လိုတာ"

"လိုတယ် သား၊ မေမေတို့မှာရှိသင့်သလောက်မရှိသေးဘူး၊ သားက ဆေးပညာစွဲသနာပါတယ်၊ သား ဒီမှာ M.B.B.S ရပြီးရင် အမေရိကားတို့ အင်္ဂလန်တို့ လန်ဒန်တို့မှာ ပညာတွေဆက်သင်စေချင်သေးတာ၊ သားနောက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မပွင့်ပင်ရဘဲ ပညာကို ဘယ်လောက်ကုန်ကုန် အကုန်ခံပြီး သင်နိုင်တဲ့သူ ဖြစ်စေချင်တာ၊ မေမေတို့က သားကို ငယ်ငယ်လေးတည်းက လိုတရ စေခဲ့တာ၊ မရခဲ့ရင်တောင် သားမရတာမဟုတ်ဘဲ မလိုချင်တော့တာပဲဖြစ်အောင် ကြိုးစားပြီး သားကို စိတ်မဆင်းရဲစေခဲ့ဘူး၊ ခုတော့ ...”

“မေမေ့စေတနာကို သား နားလည်ပါတယ် မေမေ၊ ဒါပေမဲ့ မေမေရယ် ... မေမေ့စေတနာက မှားနေတယ်၊ သားက သူဌေးသမီးကို ယူပြီး သူ့ပိုက်ဆံ ပျော်ပျော်ကြီး သုံးလိမ့်မယ်လို့ မေမေထင်နေလား၊ ကြီးပွားဖို့အတွက် မိန်းမထဘီနားကိုတော့ ဘယ်တော့မှ မခိုဘူး မေမေ၊ ပြီးတော့ သား ဒီအရွယ်ရောက်နေပြီ၊ သားမှာ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်ခံစားချက် ရှိနေပြီ၊ သားဘဝကို သားကိုယ်တိုင်ရွေးပြီး မှားခဲ့ရင် အဲဒီမှားတဲ့ဒဏ်ကို သားခံနိုင်ရည် ရှိလိမ့်မယ် ထင်တယ်”

“မေမေ ရင်ကွဲပါပြီ သားလေးရယ်၊ မေမေ့ဆီက ဒီကတိကို မဖြစ်မနေ တောင်းနေတာလား”





“သားကို ခွင့်လွှတ်ပါ မေမေ၊ သားမှာလည်း သားခံစားချက်နဲ့သား ဖြစ်နေလို့ပါ”

“မေမေ ပြောဦးလေ”

ခုချိန်ထိ ဘေးမှာ ထိုင်နားထောင်နေသော ခင်ပွန်းဖြစ်သူကို မိုးထိအမေက စစ်ကူတောင်းသည်။ မိုးထိ ဖခင်လည်း မျက်နှာမကောင်းပါ။

“သားကို ယုံကြည်စိတ်ချစွာနဲ့ သားအိမ်ထောင်ရေးကို သား စိတ်ကြိုက်စီစဉ်ခွင့်ပေးတယ် သား”

“ယောက်ျား”

“ဘာမှမပြောနဲ့တော့ မိန်းမ”

“ကျေးဇူးတင်ပါတယ် ဖေဖေ”

မိုးထိမျက်နှာ ချက်ချင်းလန်းဆန်းသွား၏။ မိုးထိအမေကတော့ မျက်ရည်တွေ ပေါက်ပေါက်ကျလာသည်။

“မငိုပါနဲ့ မိန်းမရယ်၊ သားက အရွယ်ရောက်လာပြီလေ၊ နားလည်ပေးရမှာပေါ့”

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ပုဝါဖြူသည် မိုးထိရဲ့စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်းသတင်းကို ဖတ်ရတော့ တော်တော်အံ့သြသွား၏။ ဖျက်တာလည်း မိုးထိက ဖျက်တာ။

ထိုသတင်းကိုဖတ်ပြီး လူက ခြေဖျားလက်ဖျားတွေအေးလာကာ ရင်တွေတုန်လာသည်။

သူ ဘာလို့ စေ့စပ်ပွဲဖျက်တာလဲ။ သူမကြောင့်များလား။ တွေးမိတော့ ရင်ကပိုခုန်လာသည်။ အခုတိုင်းဆို သူက သူမကို သစ္စာမမဲ့ချင်ခဲ့ဘူးလား။

ခုဆို သူ မလာတာကြာပြီ၊ ဆေးကျောင်းလည်းစာမေးပွဲပြီးလို့ ပိတ်ထားပြီး သူရောက်မလာလို့တောင် အံ့သြနေတာ။ ဒါပေမဲ့ မလာတာဟာ ဒုံရင်းက ဒုံရင်းပဲမို့ ကျိတ်မျှော်နေမိတဲ့ ကိုယ့်ကိုယ်ကိုယ်တောင် အပြစ်တင်မိသေးသည်။





ခုတော့ သူစေ့စပ်ထားတာကို ဖျက်လိုက်ပြီ။ နေ့ခင်း ထမင်းစားတော့ ကရင်မကို ဝမ်းသာအားရပြမိသည်။

“သိပ်ဝမ်းသာမနေနဲ့ဦးနော်၊ အင်တာနက်က သတင်းတစ်ပုဒ်ကို ဖတ်လိုက်ဦး”

“ဘာသတင်းပဲဖြစ်ဖြစ် မဖတ်ချင်ဘူး၊ လောလောဆယ်ညနေပြန်ရောက်ရင် သူ့စာကိုဖွင့်ဖတ်ကြည့်ရမယ်”

“သူ့စာကိုဖတ်တာဖတ်ပါ၊ ဒါပေမဲ့ စေ့စပ်ပွဲဖျက်တာ နှင့်ကြောင့်လို့တော့ မမျှော်လင့်ထားနဲ့၊ နှင် ပိုခံစားရမှာစိုးလို့”

“ဘာဖြစ်လို့လဲ”

“ရော့ ... ကြည့်”

ကရင်မက သူ့ဖုန်းကို လာပြသည်။

“ဆေးကျောင်းသားနဲ့ သူဌေးသမီးရဲ့ဇာတ်သိမ်းခန်း”

“ဟင်”

သူမ ရင်ခုန်သံတွေ ချက်ချင်းငြိမ်ကျသွားသည်။

“နှင် ထပ်ပြီး အညာခံရမှာစိုးလို့ပါ၊ သူ့စာကိုတော့ ဖတ်ချင် ဖတ်ကြည့်ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"မဖတ်တော့ပါဘူး ကရင်မရယ်"

"ငါ နင့်ကို သွေးထိုးတာတော့မဟုတ်ဘူး၊ ဒီတစ်ခါ ထပ်အညာခံရရင် နင် ရှုံးတောင် ရှုံးသွားနိုင်တယ်"

"ကရင်မ"

"ပြော"

"သူလာရင် ငါ ဘာလုပ်ရမလဲ"

"ခံနိုင်ရည်ရှိမှ ပြန်ပတ်သက်ဖို့ စဉ်းစားပါဟာ"

ပုစါဖြူသည် သူ့အတွက် စိတ်မကောင်းဖြစ်နေပြန်သေးသည်။ ချစ်ခဲ့ကြတာ ခဏတာ ဆိုပေမယ့် နက်ရှိုင်းခဲ့တယ်လေ။

သိစိတ်မှာ နာကြည်းမိပေမယ့် မသိစိတ်ကတော့ ခံစားနေရတုန်းပဲလေ။

သူလာတွေ့နေတဲ့ ညနေတွေတိုင်းမှာလည်း သူ့ကို မျက်နှာလွှဲကျော်ခိုင်းရတာ ပင်ပန်းလွန်းလှပါသည်။

စိတ်တွေက သူ့ဆီသွားချင်ရက်နဲ့ ခြေထောက်တွေက သူ့ကို ကျော်ခိုင်းနေရတာပါ။





ခုလည်း သူ့ရဲ့စေစပ်ပွဲပျက်တာ သူမကြောင့်မှ မဟုတ်ဘဲလေ။ သူတို့ချင်းချင်း မပြေလည်လို့ဖြစ်ကြတာပဲ။ သူမမှာ မျှော်လင့်စရာမရှိပါ။

သူမကိုပေးခဲ့တဲ့စာဟာ သူမဆီ မလာတော့ကြောင်း ရေးထားတဲ့စာတောင် ဖြစ်နိုင်သေးသည်။

ဘာပဲဖြစ်ဖြစ် မဖတ်တော့ပါဘူးလေ။ အဲဒီညနေက လေးကန်သောခြေလှမ်းတွေနဲ့ ဖယ်ရီပေါ်တက်ခဲ့ရ၏။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သောနေ့တစ်နေ့။

အဲဒီနေ့က ဆေးကျောင်းပြန်ဖွင့်တဲ့နေ့ပါ။ ဘဏ်ဖွင့်ရက်ပေမယ့် ပုဝါဖြူ တုပ်ကွေးမိနေ၍ အလုပ်မသွားဖြစ်။

ဆေးကျောင်းပြန်ဖွင့်တော့ သူ ကျောင်းမှလာရဲ့လား။ လာရင်ရော အဆင်ပြေရဲ့လားဟု တွေးနေမိသည်။

ကိုယ်ဖျားနေပေမယ့် သူ့အတွက်ပဲ ပူနေမိတယ်။

"ဆေးထိုးလိုက်ပါလား သမီး၊ ဆရာဝန်သွားပြ"

"မပြတော့ဘူး အမိုး၊ Biogesic လောက်သောက်လိုက်မယ်"

"ခေါင်းမမာနဲ့ သမီး၊ တုပ်ကွေးတကယ်ကွေးရင် ခံရတယ်၊ သွား အမိုး လိုက်ခဲ့မယ်"





"အမိုး မလိုက်ပါနဲ့ ရတယ်၊ ပုဝါဖြူဘာသာပဲ သွားပြမယ်၊ လေ့ဒီဒေါက်တာပဲ"

"ရရဲ့လား"

"ရတယ် အမိုး"

ပုဝါဖြူ တစ်ယောက်တည်း ဖွတ်ထွက်လာခဲ့သည်။ ဆေးခန်းသွားပြတော့ လူက နှစ်ယောက်လောက်ပဲ စောင့်ရ၏။

ဆေးခန်းက မဝေးတာမို့ လမ်းလျှောက်လိုက်တာ လူက နေမကောင်းတော့ နီးနီးလေးလျှောက်ရတာကို နုံးချိချိဖြစ်နေ၏။

ဆေးခန်းပြပြီး ပြန်ထွက်လာတော့ နီးနီးလေးပေမယ့် ဆိုက်ကားငှားစီးလိုက်၏။ မလျှောက်နိုင်တော့။

လမ်းကလည်း ချိုင့်ကျင်းရှောင်ရ၊ ကားရှောင်ရနဲ့ ဆိုက်ကားက လွန်းထိုးနေ၏။ နောက်ကားပါလာမှန်းသိရက်နဲ့ နောက်က အရှိန်နှေးလို့ဆိုပြီး ချိုင့်တစ်ခုကို ရှောင်လိုက်တာ ကျောက်ခဲကိုနင်းမိပြီး ဆိုက်ကားက ကိုးရိုးကားယား ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ကားကလည်း ကျော်အတက် ဆိုက်ကားနဲ့ကား ပွတ်ဆွဲမိတော့သည်။

"ဘုရား ... ဘုရား သေပါပြီ"

ဆိုက်ကားက တစောင်းကြီး လဲကျသွားကာ ပုဝါဖြူကိုပိနေသည်။

"ခင်ဗျား ဆိုက်ကားကို ဘယ်လိုနင်းနေတာလဲ"

"ဘယ်လိုနင်းနင်း မင်းက နောက်ကလိုက်လာတာမဟုတ်ဘူးလား"

"နေပါဦး ကောင်မလေးကို အရင်ထူပါဦး"

"ဟင် ... ပုဝါဖြူ"

ပုဝါဖြူ ထာဝရရင်းနှီးနေသော အသံကို ကြားလိုက်ရပါသည်။

"ပုဝါဖြူ ... ထ လာ၊ ကိုယ့်ကိုတွဲ ရလား၊ နေမကောင်းဘူလား၊ ကိုယ်တွေပူနေတယ်၊ ထနိုင်လား၊ ကိုယ်ပွေ့လိုက်မယ်"





ပြောလည်းပြော။ ပွေ့လည်းပွေ့။

"ချပေး ကျွန်မကို အခု ချပေးစမ်း"

"မချပေးဘူး၊ ဟော့ကောင် ကားတံခါးဖွင့် ဆေးခန်းသွားမယ်"

"အခုပဲ ဆေးခန်းကပြန်လာတာ၊ ကျွန်မကိုချပေး၊ ကျွန်မဘာသာ ဆိုက်ကားနဲ့ပြန်မယ်"

"ဆိုက်ကားက မရတော့ဘူး ကလေးမ၊ ဘီးခွင်သွားပြီ"

"အဲဒါဆို လမ်းလျှောက်မယ်"

"စကားမများနဲ့၊ မင်း ပွန်းပဲ့သွားတာတွေ ဆေးသွားထည့်ဦးမှပေါ့"

"ရတယ် မထည့်ဘူး၊ ရှင့်ကားပေါ်တော့မတက်ဘူး၊ ကျွန်မ မရှုန်းချင်ဘူး၊ ရုပ်ပျက်ဆင်းပျက် မဖြစ်ချင်ဘူး၊ အခု ချပေး"

"ပုဝါဖြူရယ်"

သူ ထိန်းပြီး ချပေးလိုက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"အား"

ခြေထောက်တစ်ဖက်က ကောင်းကောင်းမထောက်နိုင်။

"ကိုယ်မပြောဘူးလား"

ပြောပြီး ပြန်မှေ့ချိပစ်လိုက်သည်။ မိုးထိတို့ လက်တွေသွက်သလား မမေးနဲ့။

"မိုးထိအောင်မြင့် ငါ့ကို အခုချပေး"

"မင်းမှ မရပ်နိုင်တာ"

"မရပ်နိုင်လို့ လဲသွားရင်တောင် နင့်အကူအညီ မယူဘူး"

"ကိုမိုး ရှင်းပြတာကို လက်မခံဘဲ ချစ်ဖြူ ဘာလို့ တစ်ဖက်သတ်ကြီး မုန်းနေတာလဲ၊ ချစ်ဖြူဖြစ်ခဲ့တာ၊ ခံစားခဲ့ရတာကိုရော ကိုမိုး နားလည်တယ်၊ ကိုမိုး ခံစားခဲ့ရတာကိုရော ချစ်ဖြူသိရဲ့လား၊ ကိုမိုး ဘက်မှာ ဘာတွေဖြစ်ခဲ့လဲ ချစ်ဖြူ သိလား"

"မသိချင်ဘူး၊ ရှင့်ဘာသာ ဘာဖြစ်ဖြစ်"



"ဒါပဲ။ ရှင်းပြတာ နားမထောင်၊ ပေးတဲ့စာတော့မဖတ်၊ ဒီနေ့တော့ မရရအောင် ရှင်းပြမယ်"

"ငါ့ကို အောက်ချပေး"

မိုးထိက သူမကို ကားထဲထိုးထည့်ကာ ...

"ဆေးခန်း သွားမယ် စကားမများဘဲ လိုက်ခဲ့၊ သူငယ်ချင်းဆိုက်ကားသမား ကျေနပ်အောင် ရှင်းပေးလိုက်ကွာ ... Please"

သူ့ကားပေါ်ပါလာတဲ့ သူငယ်ချင်းခများ ပါးစပ်အဟောင်းသားနဲ့ ကျန်ခဲ့သည်။

သူ ပုဝါဖြူကို ဆေးခန်းခေါ်သွားကာ ပွန်းပဲ့တာတွေ ဆေးထည့်ပေးလိုက်၏။

"အစ်မ သူ့ခြေထောက် မထောက်နိုင်တာက"

"ဘာမှ မဖြစ်ဘူး၊ ဖနောင့်သား ကြေသလို ဖြစ်သွားလို့ပါ"

"ဩော် ... ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းကပြန်ထွက်လာတော့ သူက ပုဝါဖြူကို ကားပေါ်တွဲတင်ရတာပါပဲ။ ပုဝါဖြူ ငိုချင်မိသည်။ အစားထိုးမရ အောင် ချစ်ခဲ့ရသူရဲ့လက်မောင်းကို မှီတွယ်ခွင့်ရတာလေ။

ကားကို လှုရှင်းသည့်ဘက် မောင်းသွားကာ ...

"ကိုယ်ရှင်းပြတာကို ခဏလေးနားထောင်လေးပါ ချစ်ဖြူ ရယ် ... နော်"

✧ ❤ ✧



အဖြစ်မှန်တွေ သိလိုက်ရမှ ပုဝါဖြူ ငိုကြွေကွဲတာ ပါ။ သူ့မိဘတွေအကြောင်း၊ သိရက်နဲ့ ပုဝါဖြူ သူ့ကို အထင်လွဲခဲ့ မိသည်။

သူ့မိဘတွေကြောင့်လို့ ဘာလို့ မတွေးမိခဲ့ပါလိမ့်။

သူက ပုဝါဖြူရဲ့ မင်္ဂလာဖိတ်စာကိုတောင် ဖတ်လိုက် ရသေးသည်။ ပုဝါဖြူ ငို့တဲ့စာတွေ တစ်စောင်မှမရခဲ့ပါဘဲ ဖိတ်စာ အတုနဲ့ နှလုံးသားကို ဆင်ဆာဖြတ်ခဲ့ကြသတဲ့။

"ဒါပေမဲ့ မေမေတို့ကို မမုန်းပါနဲ့ ချစ်ဖြူရယ်၊ သူတို့က ကိုယ့်ကို ချစ်လွန်းလို့ လုပ်ကြတာပါ၊ ချစ်ဖြူကပဲနားလည် ပေးလိုက်ပါနော်၊ အချစ်လွန်ပြီး ချစ်ပုံချစ်နည်းမှားခဲ့တာ ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးရယ်"

"ညီမကို ဘာလို့ မဆက်သွယ်ခဲ့တာလဲ"

"ကိုမိုးနဲ့အဆက်အသွယ်မရတော့ ကိုမိုး ဖြတ်သွားပြီထင်ပြီး ရှက်လို့"

"ဖြစ်ရလေ"

"ပုဝါဖြူလေး"

"ဟင်"

"ကိုယ်ပေးတဲ့ငှက်ရုပ်ကလေးတွေကို ဖြေကြည့်လား"

"ဟင့်အင်း"

"အဲဒီထဲမှာ ကိုယ်ဘာရေးထားတယ် ထင်လဲ"

"မသိဘူး"

"ချစ်ဖြူသာလျှင် ကိုယ့်တစ်ဘဝလုံးရဲ့ လက်တွဲဖော်လို့ ရေးထားတာ"

"ပုဝါဖြူ မသိဘူး"

"ကိုယ် ဒီနေ့ထိ ချစ်ဖြူကို နက်ရှိုင်းစွာချစ်နေတုန်း"





"အိမ်ထောင်ကျသွားပြီ ဆိုတာကို ဘာလို့ယုံတာလဲ၊ ပုဝါဖြူကို ဘာလို့ မယုံတာလဲ"

"ချစ်ဖြူရယ် ... ဖိတ်စာတောင် တွေ့မှတော့"

"ပြောတော့ ပုဝါဖြူ တခြားလူကို ယူရင်သတ်မယ်ဆို"

"အဲဒါကြောင့် ကိုယ့်ကို စောင့်နေခဲ့တာလား"

"မစောင့်ပါဘူး၊ ပုဝါဖြူ တောင်ငူမှာ ရည်းစားတွေ အများကြီးထားခဲ့တာ"

ပုဝါဖြူကလည်း သူမအကြောင်းတွေ ရှင်းပြလိုက်သည်။

"ကြည့်စမ်း၊ ဘာလို့ အဲလိုလုပ်ရတာလဲ၊ မတော်တဆ ဒုက္ခရောက်သွားရင် ရင်ကျိုးရမှာ"

"မသတိရတော့ဘူးမို့လား"

"ဘာလို့မသတိရမှာလဲ၊ ပိုတောင်သနားသွားတာ"

"သေချာလို့လား"

"မှတ်ပုံတင်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"အခု တရားရုံးသွားမလို့"

"ဟာ ... ဘာများလဲလို့"

"တကယ်ပြောတာ၊ ကိုယ်တို့ ဒီနေ့ပဲ လက်မှတ်ထိုးကြရအောင်ကွာ"

"မလောပါနဲ့ ကိုမိုးရယ်၊ ပုဝါဖြူက ကိုမိုးကို ထာဝရစောင့်နေခဲ့သူပါ၊ ကိုမိုးရဲ့စေ့စပ်သတင်းကြီး ဟိုးလေးတကျော် ပါလာတာတောင် ပုဝါဖြူက တိတ်တိတ်ကလေးစောင့်နေခဲ့သေးတာပါ"

"ကိုယ်တို့ သစ္စာမှန်လို့ ပြန်ဆုံရတာပေါ့နော်"

"ကိုမိုးမိဘတွေ ကျေနပ်ပါ့မလား"

"ကိုယ်မသိဘူး"

"မကျေနပ်လည်း မတတ်နိုင်ဘူးနော်၊ ပုဝါဖြူ ဒီတစ်ခါတော့ ကိုမိုးကို မခွဲနိုင်တော့ဘူး"

"ချစ်ဖြူရယ်"





ချစ်သူကို သိမ်းကျုံးပွေ့ဖက်ရင်း ကရုဏာတွေ သက်ပြီးရင်း သက်နေမိသည်။ ပုဝါဖြူ ဘာပဲပြောပြော သူ့ကို ပုဝါဖြူ စောင့်နေခဲ့တယ်ဆိုတာကို ပြန်တွေ့တဲ့ နေ့ကတည်းက သူ့ရင်ထဲက အလိုလို သိနေခဲ့တာပါ။

နဖူးလေးကို နမ်းလိုက်တော့ မျက်နှာလေး ရဲသွားသည်။

"နေကောင်းသွားပြီမို့လား"

"ကောင်းသွားပြီ၊ ဆေးထိုးလို့တော့မဟုတ်ဘူး၊ ဆိုကိုဒေါက်တာ နမ်းလိုက်လို့"

"ဒေါက်တာ မဖြစ်သေးဘူးလေ"

"သူများတွေအတွက် မဖြစ်သေးပေမယ့် ပုဝါဖြူအတွက်တော့ ကိုကိုဒေါက်တာရဲ့ ကုသမှုတွေနဲ့မှ ပျောက်မှာပါရှင့်၊ ဟီး ဟီး ... ပုဝါဖြူလေ ခုလို လွတ်လွတ်လပ်လပ်မရယ်နိုင်ခဲ့တာ ကြာပြီသိလား"

"ပဲမများဘဲ ရယ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဆံပင်တွေတောင် တော်တော်ရှည်နေပြီနော်"

"ကိုမိုးပြောတည်းက မညှပ်တော့တာ"

"တော်သေးတာပေါ့ ချစ်ဖြူရယ်၊ ပြန်ဆုံလို့"

ချစ်သူနှစ်ဦးကြားသို့ ကြားလေတောင် သွေးစရာနေရာမရှိတော့ပါ။

✧ ❤ ✧





ပုဝါဖြူ့ဒဏ်ရာတွေ သက်သာပြီး နေကောင်းသွားတဲ့နေ့မှာ သူတို့မြို့လေးကို ပြန်ကြသည်။

ကိုမင်းနဲ့ ညိုမတို့ကိုလည်း မြို့ဦးစေတီမှာ ဆုံဖို့ ဖုန်းဆက်ကာ ချိန်းထား၏။

သူတို့နဲ့အတူ ကရင်မလည်း ပါသည်။

မြို့ဦးစေတီမှာ ဆုံတော့ ...

"ဟယ် ... ပုဝါဖြူ ... ပုဝါဖြူ ပါလာတယ်တော့"

"ပုဝါဖြူရာ ဘယ်က ဘယ်လို"

ညိုမနဲ့ ကိုမင်းတို့ အံ့သြနေကြသည်။ ပြီးတော့ မြို့ကတရားရုံးမှာ လက်မှတ်ထိုးကာ လက်ထပ်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်း၊ ညိုမနဲ့ ကရင်မတို့ကလည်း ကာယကံရှင်တွေနည်းပါး ဝမ်းသာကြကာ သက်သေလုပ်ပေးကြသည်။

ပြီးတော့ ကရင်မကို ညိုမတို့အိမ်မှာထားပြီး မိုးထိတို့အိမ်ကိုသွားကာ ...

"မေမေ သား မိန်းမယူလိုက်ပြီ"

ထွက်ကြိုသောမိဘတွေက ပုဝါဖြူကို တွေ့တော့ မျက်စိမျက်နှာပျက်ကြသည်။ ပုဝါဖြူလည်း ကြောက်ကြောက်နဲ့ မိုးထိလက်ကို အတင်းဆုပ်ကိုင်ထားမိ၏။

မိုးထိ မိခင်က ...

"သားက အဲဒါကြောင့် မေမေ့ဆီက ကတိအတင်းတောင်းခဲ့တာကိုး"

မိုးထိဖခင်က ...

"ဟား ဟား ... ဒီတစ်ခါ မေကြီး ခံလိုက်ရပြီဟေ့၊ သားလာ အိမ်ထဲဝင်၊ သမီး လာ ... လာ၊ သား သမီးကိုခေါ်ခဲ့"

"ဟုတ်ကဲ့ ဖေဖေ"





မိုးထိ မေမေကတော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျကာ ချုံးပွဲချငို၏။

"မငိုပါနဲ့ မေမေ၊ သားကိုချစ်ရင် ပုဝါဖြူကိုလည်း ချစ်ပေးပါ"

မိုးထိအမေက အငိုမပျက်။ ပုဝါဖြူက မျက်လုံးပြူးလေးနဲ့ ဘာလုပ်ရမှန်း မသိ။ မိုးထိဖခင်ကတော့ ပွဲထိန်းဖို့ စဉ်းစားထားပုံ ရသည်။

"ရှုတ်တရက် အမေကြီး စိတ်မကောင်း ဖြစ်သွားကဲ ... သား သမီးကို အခန်းထဲခေါ်သွားလိုက်၊ ... ကလည်း မငိုနဲ့တော့ကွယ်၊ ဖူးစာပါရင် ဘယ်မပျက်ဘူးဆိုတာ ငါတို့ လက်ခံရမှာပေါ့"

"ဟုတ်ပါတယ် မေမေ၊ သားတို့ တကယ်ချစ်လွတ်လွတ်လပ်လပ် ချစ်ပါရစေ၊ သားတို့နှလုံးသားဆင်ဆာမဖြတ်ပါနဲ့တော့ မေမေရယ် ... နော်၊

ချစ်ဖြူ၊ အခန်းထဲမှာ နားလိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



“မေမေနဲ့မေမေကို အရင်ကန်တော့လိုက်မယ်လေ ကိုမိုးရဲ့”

ပုဝါဖြူက ယှော်ကွမ်တွေကို ဖားလိုက်သည်။ မိုးထိ အမေ အိခနဲ အငိုတိတ်သွား၏။ မိုးထိ အဖေက တဟားဟား အော်ရယ်လို့။

“ဟား ဟား ဟား ... ဘာတတ်နိုင်သေးတုန်း အမေကြီး ဟား ဟား”

မျက်စိရဲ့ မိုးထိက ပုဝါဖြူကို ဖက်ကာ ...

မိုးထိလက်ထပ်လိုက်တဲ့ ချွေးမလေး”

“သာ ✧❤✧

ခဲ့တာဂ

“ဟာ

လာ

“(





နှလုံးသားဆိုတာ ဖြူစင်တယ်

အချစ်စစ်က ရိုးသားတယ်။

အဲဒါကြောင့် ...

ဖြူစင်တဲ့နှလုံးသားကို

ရိုးသားစွာချစ်ခွင့်ပေးသင့်ပါတယ် နော် ...

နှလုံးသားကို

ဆင်ဆာမဖြတ်သင့်ဘူးမို့လား။



www.burmeseclassic.com

www.burmeseclassic.com



မွေးမြူလန်းဆန်း ဘဝပန်းကို

ထာဝရ ပန်ဆင်နိုင်ကြပါစေ

**ရွှန်းရမိုး**

7th Feb' 13

1:30 AM

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဇေယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

BURMESE CLASSIC

www.burmeseclassic.com